# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၁၅၈)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃

# အမျိုးသမီးများ၏ကဏ္ဍဆိုသည်မှာ မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီး

နေပြည်တော် မတ် ၆

“ကိုယ့်မှာ အခွင့်အရေးရှိလာတာနဲ့အမျှ တာဝန်ယူရတာကိုလည်း ဂုဏ်ယူရမယ်၊ တာဝန်ဆိုတာဟာ မလုပ်မဖြစ်လုပ်ရမယ့် ဝန်ထုပ်ဝန်ပိုးကြီးလို့ မစဉ်းစားဘဲနဲ့ တာဝန်ယူပိုင်ခွင့်ရတာကိုက အခွင့်အရေးပဲ၊ နိုင်ငံသားတစ်ယောက်ရဲ့ရသင့်တဲ့အခွင့်အရေးတစ်ခုပဲ၊ ဒါကြောင့် ကျွန်မတို့ တာဝန်ယူမယ်၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်မတို့အမျိုးသမီးများ၊ ကျွန်မတို့နိုင်ငံတိုးတက်ရေးအတွက်၊ ကမ္ဘာကြီးတိုးတက်ရေးအတွက် ဦးတည်ပြီးတော့ လုပ်သွားစေချင်ပါတယ်”ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

စာမျက်နှာ ၄ ကော်လံ ၁



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ် (သတင်းစဉ်)

# ရှမ်းပြည်နယ် လောက်ကိုင်ဒေသအတွင်း တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၇**
၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)
**“ရှမ်းပြည်နယ်၊ လောက်ကိုင်ဒေသအတွင်း တိုက်ခိုက်မှုများနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်”**

၁။ ယနေ့ အချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသူ တိုင်းရင်းသားများအားလုံး ခိုင်မာသောစိတ်ဓာတ်၊ ညီညွတ်သောနှလုံးသားများဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် အထူးအရေးကြီးလှပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ မကြာသေးခင်ကပင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalities Federal Council-UNFC)၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation-DPN)နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး UNFC ၏ အဆိုပြုချက် ၉ ချက်အပေါ် သဘောတူညီချက်များရရှိရန် မျှော်လင့်ချက်များ ခိုင်မာစေသည့် ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

၃။ ထို့အပြင် ငြိမ်းချမ်းရေးကော်မရှင် (Peace Commission-PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation-DPN)တို့ အကြား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းများပါဝင်နိုင်ရေး နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားရန်

စာမျက်နှာ ၃ ကော်လံ ၁




မြန်မာ့အလင်း

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပြည်သူ့အတွက် တစ်နှစ်တာ

၁၉၂၀ ပြည့်နှစ်ခန့်တွင် ဥရောပနှင့် အမေရိကတစ်လွှား၌ အပျော်တမ်းအသံလွှင့်ရုံများ၊ အသံလွှင့်အစီအစဉ်များဖြင့် ပုံမှန်ထုတ်လွှင့်သည့်အသံလွှင့်ရုံများ အမြောက်အမြား ပေါ်ထွန်းလာကာ အသံလွှင့်လုပ်ငန်းများကို လူကြိုက်များ ခေတ်စားလာသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့သတင်းမီဒီယာလောကတွင် ရှေးရိုးအစဉ်အလာ ပုံနှိပ်မီဒီယာများဖြစ်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသာမက ရေဒီယိုဟူသော နောက်ထပ်မီဒီယာတစ်ခု ထပ်မံ ပေါ်ထွက်လာခဲ့သည်။ ရေဒီယိုသည် အီလက်ထရွန်နစ်မီဒီယာများ၏ ကနဦး မီဒီယာတစ်ခုဖြစ်ပြီး နောက်ထပ် နှစ်အနည်းငယ်အကြာ ၁၉၂၆ ခုနှစ်တွင် အရုပ်ရောအသံပါ တွေ့မြင်ကြားသိနိုင်သည့် ရုပ်မြင်သံကြားစက်များ စတင်ပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံသို့ ရေဒီယိုအသံလွှင့်လုပ်ငန်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၇ ခုနှစ်တွင် မြေစမ်းခရမ်းပျိုး စတင်ရောက်ရှိလာသော်လည်း Burma Broadcasting Service "ဗမာ့အသံ" ဟူသောအမည်ဖြင့် ထုတ်လွှင့်နိုင်မှုမှာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်ဖြစ်ပြီး နောင်တွင် "မြန်မာ့အသံ"၊ " မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" တို့၏ နိဒါန်းကို စတင်ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်သည်။ သက်တမ်းနှစ်ပေါင်း ၇၀ ကျော်လာပြီဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၎င်းဖြတ်သန်းခဲ့ရာ သမိုင်းတစ်လျှောက်တွင် "စစ်ကိုလည်းကြုံ၊ ခြံအုံလည်းဖြစ်၊ ဓားထစ်လည်းခံ" ကာ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူပရိသတ်အားလုံးအတွက် "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်" ဟူသော ဦးတည်ချက်များနှင့်အညီ ခေတ်အဆက်ဆက်တွင် ကြိုးပမ်းထမ်းရွက်ခဲ့သည်။ မျက်မှောက်ကာလတွင်မူ ဒီမိုကရေစီခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ကာ အများပြည်သူဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်မှု (Public Service Broadcasting-PSB) အဖြစ် ပြောင်းလဲနိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်နေပြီဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပြီးခဲ့သည့်တစ်နှစ်တာကာလ ပြည်သူ့အတွက် ဦးတည်ဆောင်ရွက်ချက်များကို ကောက်နုတ်ကြည့်မည်ဆိုပါက နိုင်ငံတော်၏မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ PSB အဖြစ် ပြောင်းလဲရန် လိုအပ်သည့်ဥပဒေရေးဆွဲခြင်း၊ ပုဂ္ဂလိကမီဒီယာလုပ်ငန်းဆောင်ရွက်လိုသူများအတွက် Digital Free To Air စနစ်ဖြင့် ရုပ်သံလိုင်းငှါးလိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြည်သူများ ပိုမို စိတ်ဝင်စားသည့်ဖျော်ဖြေမှုကဏ္ဍကို ပိုမိုတိုးမြှင့်ပေးနိုင်ရန်အတွက် ပြန်ကြားပေးမှု ၄၅ ရာခိုင်နှုန်း၊ ပညာပေးမှု ၂၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးမှု ၃၅ ရာခိုင်နှုန်းဖြင့် ထုတ်လွှင့်ပေးရန် စီစဉ်ခဲ့ခြင်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

တိုးတက်ပြောင်းလဲမှုများတွင် သတင်းထုတ်လွှင့်မှုများ ပိုမိုသွက်လက်မြန်ဆန်လာသကဲ့ သို့ အရေးကြီးသတင်းများ၊ ပြည်သူများ အချိန်မီ သိသင့်သိထိုက်သည့်သတင်းများကို Breaking News, Update News များအဖြစ် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလာသည်ကို တွေ့မြင်ကြရသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နိုင်ငံပိုင်မီဒီယာတစ်ခုဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူများအကြား မီဒီယာပေါင်းကူးတံတားအဖြစ် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ၏အခြေအနေအရပ်ရပ်အပေါ် ပညာရှင်များ၏ ရှုထောင့်အသီးသီးမှ ဆွေးနွေးသုံးသပ်မှုများ၊ သာမန်ပြည်သူများ၏ခံစားချက်များကို ဖော်ထုတ်တင်ပြမှုများ၊ အခြေခံလူတန်းစားပြည်သူများ၏ နိစ္စဓူဝရုန်းကန်လှုပ်ရှားရှင်သန်ပုံများကို ထုတ်လွှင့်တင်ဆက်မှုများကြောင့် ပြည်သူတို့၏ခံစားချက်နှင့် ပြည်သူတို့၏အသံများကို ပိုမို၍ ထင်ဟပ်လျက်ရှိနေပြီဖြစ်သည်။ MRTV ၏ သတင်းထောက်များ၊ သတင်းအဖွဲ့များမှာလည်း ပြည်သူများအကြား အရောက်သွားကာ ကွင်းဆင်းသတင်းရယူခြင်းဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးနိုင်ခဲ့ကြသည့်အပြင် တိုင်းရင်းသားဘာသာ(၁၁) ခုဖြင့် နယ်သတင်းဌာနခွဲ (၁၁) ခုမှ ပေးပို့သောသတင်းများကို ထုတ်လွှင့်လျက်ရှိရာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဒေသအသီးသီးမှ ပကတိအခြေအနေများကိုပါ ထုတ်လွှင့်တင်ပြနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

နှစ်ပေါင်း ၇၀ ကျော် သက်တမ်းရှိလာပြီဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်မီဒီယာအဖြစ်သို့ ဦးတည်လျှောက်လှမ်းနေသကဲ့သို့ နိုင်ငံပိုင်မီဒီယာတစ်ခုအဖြစ် ရပ်တည်နေဆဲတွင် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကာလ ပြန်ကြားရေးတာဝန်များနှင့် တစ်ဖက်တွင်လည်း ပြည်သူကိုမျက်နှာမူကာ ပြည်သူတို့၏ဆန္ဒနှင့် ခံစားချက်များကို ဖော်ထုတ်တင်ပြပေးသည့် ပြည်သူ့အကျိုးပြုမီဒီယာတစ်ခုအဖြစ် ဂုဏ်ပြုတင်ပြအပ်ပါကြောင်း။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေး တို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လတ်တလောရောဂါဖြစ်ပွားနေမှုများကို ပြုစုကုသပေးလျက်ရှိ

**နေပြည်တော် မတ် ၆**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လောနောက်ကုန်းကျေးရွာအုပ်စု လောနောက်ကုန်းကျေးရွာနှင့် လောနောက်အင်းကျေးများတွင် (၁၂-၁-၂၀၁၇) ရက်မှ (၂-၃-၂၀၁၇) ရက်နေ့အထိ ခေါင်းကိုက်၊ ချောင်းဆိုး၊ ခါးနာ၊ ကျောအောင့်စသည့် ရောဂါဝေဒနာများ ခံစား၍ ၁၄ ဦး သေဆုံးခဲ့ပြီး အဆိုပါ ရောဂါဝေဒနာလက္ခဏာများ ခံစားရသူလူနာများရှိကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းရရှိသဖြင့် လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဖြိုးဝေသော် (ကျန်းမာရေးမှူး) နှင့် အဖွဲ့အား အဆိုပါနေ့တွင် စေလွှတ်၍ ရှေးဦးကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မတ် ၄ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကျော်စံဝင်း၊ စစ်ဘက်ဆရာဝန် ဗိုလ်ကြီး ဟိန်းကိုကိုဦး တို့အဖွဲ့အား ထပ်မံစေလွှတ်ခဲ့ရာ အများဆုံးဖြစ်ပွားသောရောဂါများမှာ အဆုတ်ရောင်ရောဂါ၊ နာတာရှည်ရောဂါ၊ အာဟာရချို့တဲ့မှုရောဂါများသာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လူနာ ၂၄ ဦးအား သလိပ်စစ်ဆေးကြည့်ရာ လေးဦးသာ တီဘီရောဂါတွေ့ရှိရပြီး အများစုမှာ ကူးစက်ရောဂါများမဟုတ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်လျက်ရှိသော လောနောက်ကုန်းကျေးရွာနှင့် လောနောက်အင်းကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများအား အရပ်ဘက်၊ စစ်ဘက် ဝိုင်းဝန်းပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လတ်တလောဖြစ်ပွားနေသော ကျန်းမာရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ နာဂဦးစီးအဖွဲ့မှ မြေပြင်အခြေအနေအမှန်အား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ချင်းပြည်နယ်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၃-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၂၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၃၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၄၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ · ၄၅ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၆၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff အား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အခြေခံအဆောက်အအုံကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပြည်ပပို့ကုန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော်  မတ်  ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ဒုတိယဥက္ကဋ္ဌ Mr.Stephen Groff နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ဒုတိယဥက္ကဋ္ဌ Mr.Stephen Groff တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

❊ ရှေ့ဖုံးမှ

နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ တိုင်းရင်းသားပြည်သူများကလည်း ထိုတိုးတက်မှုရလဒ်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြလျက် ငြိမ်းချမ်းရေးမျှော်လင့်ချက်ရောင်နီများလည်း မြင့်တက်လျက်ရှိပါသည်။

၄။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဝမ်းမြောက်ဖွယ်ရာ တိုးတက်မှုများရရှိလာခဲ့ပြီး ပိုမိုကျယ်ပြန့်စွာပါဝင်နိုင်ရေး၊ ပိုမိုခိုင်မာ ရှင်သန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် MNDAA လက်နက်ကိုင်အဖွဲ့များက ယနေ့ နံနက် ၂ နာရီခန့်မှ စတင်၍ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသရှိ လောက်ကိုင်မြို့နှင့် ပတ်ဝန်းကျင်နေရာများသို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပါသည်။ ကနဦးရရှိသောသတင်းများအရ မြို့တွင်းနေရာများသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ဒေသခံအပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ယခုကြေညာချက်ထုတ်ပြန်သည့် အချိန်အထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးအတွက် အကျိုးမဲ့ အချည်းနှီးဖြစ်စေရုံသာမက တိုက်ခိုက်မှုများ ဖြစ်ပွားရာဒေသရှိ ဌာနေမျိုးနွယ်စုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေကာ ဒုက္ခပင်လယ်ဝေစေပါသည်။

၅။ သို့ဖြစ်၍ ဒေသခံ ဌာနေမျိုးနွယ်စုများ သေကျေထိခိုက်စေပြီး အပြစ်မဲ့ပြည်သူများ ဒုက္ခကြုံတွေ့စေသော လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်၍ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဦးတည်ကြရန်၊ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများအားလုံး ခေတ်အဆက်ဆက် မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးခရီးကို တန်းတူရည်တူ စိတ်တူကိုယ်တူဖြင့် အတူတကွ လျှောက်လှမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

# ကလေးသူငယ်များအပေါ် မလျော်မကန်ပြုမူသည့် ဖြစ်ရပ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်နည်းလမ်းများဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  မတ်  ၆**

ကလေးသူငယ်များအပေါ် မလျော်မကန် ပြုမူသည့်ဖြစ်ရပ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်နည်းလမ်းများ ဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိကြီးများ၊ UNICEF၊ UNFPA၊ Save the children တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဌာနဆိုင်ရာများအကြား ပိုမိုတိုးတက်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရေးအတွက် လက်ရှိလုပ်ငန်းလိုအပ်ချက်များကို ဖော်ထုတ်သုံးသပ်ရန်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး Child Abuse အမျိုးအစားများ၊ Child Abuse နှင့် အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence) တို့အကြား ဆက်စပ်နေမှု၊ Child Abuse ကိုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းများ (Risk Factors)၊ Child Abuse ပြဿနာရပ်ကို ဖြေရှင်းရာတွင် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ၊ ဌာနဆိုင်ရာများအကြား Meaningful Coordination ဖြစ်ရန်လိုအပ်မှု စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

**"ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု"**ဆောင်ပုဒ်ဖြင့် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပသည့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်၏ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးသိန်းဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**တစ်ကမ္ဘာလုံးအတွက် အရေးကြီး**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ အမျိုးသမီးများ၏ ကဏ္ဍဆိုသည်မှာ မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးပါကြောင်း။

**မြန်မာအမျိုးသမီးများပါဝင်**

မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ကမ္ဘာကြီး၏ ယဉ်ကျေးမှုအရ အမျိုးသားများသည် အမျိုးသမီးများထက် သမိုင်းအစဉ်အလာအရ ပိုပြီးအခွင့်အလမ်းများခဲ့ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသမီးများအနေဖြင့် တတ်နိုင်သည့်ဘက်မှ အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းပြီး လုပ်စရာများရှိပါကြောင်း၊ မြန်မာ့သမိုင်း၌ စီးပွားရေးဘက်တွင် မြန်မာအမျိုးသမီးများ ပါဝင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**ငြိမ်းချမ်းရေးကို မည်သို့ပံ့ပိုးပေးနိုင်မည်**

ယနေ့ကျင်းပသည့် အမျိုးသမီးများ ရက်သတ္တပတ်ကို အမျိုးသမီးလုပ်ငန်းရှင်များနှင့် ဆွေးနွေးမှုတွင် နှစ်ဆန်းမှစ၍ သတ်မှတ်ခဲ့သည့် လစဉ်ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် စကားဝိုင်း (Peace Talk) များ၌ ပြည်သူများကြားမှ ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဆွေးနွေးစကားပြောရန် မူချမှတ်ထားရာ ယခုကျင်းပမည့် Business Talk စီးပွားရေးနှင့်ဆိုင်သည့် စကားဝိုင်းအဖြစ် စီးပွားရေးဘက်မှ ငြိမ်းချမ်းရေးကို မည်သို့ပံ့ပိုးပေးနိုင်မည် ဆိုသည့်အမြင်ဖြင့် ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုလုပ် စီးပွားရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မလဲ။ စီးပွားရေးကို ကျွန်မတို့ အားပေးတယ်ဆိုတာဟာ လူသားများရဲ့အကျိုးစီးပွားကို အားပေးတာပါ။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအတွက် အကျိုးစီးပွားကို အားပေးတာမဟုတ်ပါဘူး။ လူသားများအားလုံးရဲ့ အကျိုးစီးပွားကို ဦးတည်ပြီးတော့ စီးပွားရေးကို ကျွန်မတို့က အားပေးတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**စဉ်းစားရမည်ဖြစ်**

ထို့ပြင် လူသားများတွင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းရှိရာ ရုပ်ပိုင်းကို မည်သို့မျှ လျစ်လျူရှုထား၍မရကြောင်း၊ စီးပွားရေးဆိုသည်မှာ ရုပ်ပိုင်းပံ့ပိုးမှုအတွက် အရေးကြီးသကဲ့သို့ စိတ်ပိုင်းပံ့ပိုးမှုအတွက်လည်း လွန်စွာထိရောက်နိုင်သည်ကို သဘောပေါက်ရန်လိုပါကြောင်း၊ ယခု မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ကြိုးစားရာတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ တန်းတူညီတူရှိသည်ဟု ပြောနိုင်ရန်အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း။

**လူ့အသိုင်းအဝိုင်းတွင် အကျိုးသက်ရောက်မှု မရှိနိုင်**

ဥပဒေများနှင့် ကြည့်မည်ဆိုပါက အချို့နိုင်ငံများသည် မိမိတို့နိုင်ငံထက် သာလွန်နေသည်ဆိုခြင်းမှာ ငြင်း၍မရပါကြောင်း၊ သို့သော်လည်း ဥပဒေများကိုသာ ကြည့်၍မရပါကြောင်း၊ ဥပဒေ၏ အကျိုးသက်ရောက်မှုများကိုလည်း ကြည့်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ အခွင့်အရေးများကို စဉ်းစားမည်ဆိုလျှင် တရားဥပဒေစိုးမိုးရေးကိုလည်း အဓိကထားပြီး စဉ်းစားရန် အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေးမရှိဘဲနှင့် အမျိုးသမီးများ တန်းတူညီတူ အခွင့်အရေးရရန် ဥပဒေများနှင့် ပြဋ္ဌာန်းထားသော်လည်း ယင်းဥပဒေများသည် စက္ကူပေါ်တွင်သာ ရှိနေပါက လူ့အသိုင်းအဝိုင်းတွင် အကျိုးသက်ရောက်မှု မရှိနိုင်ပါကြောင်း။

**သြဇာသက်ရောက်မှုရှိ**

ယခုအခါ ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့် ပတ်သက်၍ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများစွာ ပါဝင်လှုပ်ရှားနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခင်နှစ်က မိမိအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အစည်းအဝေးကြီးသို့ တက်ရောက်ခဲ့ရာတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းနှင့်ဆိုင်သည့် အဖွဲ့အစည်းများစွာ တက်ရောက်ကြသည်ကို တွေ့ရှိခဲ့ပါကြောင်း၊ ယင်းအဖွဲ့အစည်းများသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များတွင် သြဇာသက်ရောက်မှုရှိသည်ကို တွေ့မြင်ရပါကြောင်း။

**သက်သေပြရန် အရေးကြီး**

မိမိတို့နိုင်ငံ၏ အမျိုးသမီးများသည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများတွင် ပါဝင်ကြပြီးလျှင် တာဝန်ယူမှုကိုလည်း အဓိကထားစေလိုပါကြောင်း၊ အချို့အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် သြဇာရှိသည့်နေရာတွင် အစိုးရထက် ရှေ့ပြေးနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တာဝန်ယူမှုကို ချန်ထားပြီး လုပ်ပိုင်ခွင့်ကို စဉ်းစားရန်မဖြစ်ပါကြောင်း၊ မိမိတို့ အမျိုးသမီးများသည် ယင်းနေရာတွင် စံနမူနာဖြစ်စေလိုပါကြောင်း၊ မိမိတို့ အမျိုးသမီးများသည် အခွင့်အရေးတောင်းခံလာသည်နှင့်အမျှ တာဝန်ယူရန် သတ္တိရှိသည်ကိုလည်း သက်သေပြရန် အရေးကြီးပါကြောင်း။

အမျိုးသမီးများ အခွင့်အရေးရခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ စံနှုန်းစံထားများသည် မြင့်မားလာပါကြောင်း၊ အမျိုးသမီးများသည် မိမိတို့၏ အခွင့်အရေးများကို တောင်းရုံသာမက မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် စိတ်အားထက်သန်မှုကို မိမိတို့နိုင်ငံမှ အမျိုးသမီးအနေဖြင့် ပြသစေလိုပါကြောင်း၊ အခွင့်အရေးကိုသာ တောင်းခံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုကိုမူ အစိုးရကသာ အားလုံးလုပ်ရန်ဆိုသည်မှာ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီဟု သုံးသပ်ပါကြောင်း ပြောကြားသည်။

**လူမှုရေးကို အထောက်အကူပြု**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကိစ္စတစ်ခုကို ကွက်ပြီးကြည့်ခြင်းအားဖြင့် ကျွန်မတို့ ရသင့်ရထိုက်တဲ့ တိုးတက်မှုတွေ မရနိုင်ပါဘူး၊ အခု ကျွန်မတို့ စီးပွားရေးလူငယ်အမျိုးသမီးများ အသိုင်းအဝိုင်းရောက်နေတာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း စီးပွားရေးအသိုင်းအဝိုင်းအတွက်ပဲ စဉ်းစားလို့မရပါဘူး။ ကျွန်မတို့ ဆွေးနွေးပွဲမှာလည်း ပြောသွားတာတွေရှိမှာပါ၊ တချို့စီးပွားရေးလုပ်ငန်းရှင်တွေလည်း ဘယ်လိုပရဟိတလုပ်ငန်းတွေ စပြီးလုပ်ခဲ့တယ်၊ စီးပွားရေးကနေပြီးတော့ လူမှုရေးကို အထောက်အကူပြုခဲ့တယ်ဆိုတာတွေလည်း ဖြစ်နိုင်ပါတယ်။

**တကယ့်စစ်မှန်တဲ့ စိတ်ဓာတ်ကိုရနိုင်**

"စီးပွားရေး လုပ်ငန်းရှင်များဟာ စီးပွားရေးကိုပဲ ကွက်ပြီးကြည့်လို့ မရသလို ကျွန်မတို့ရဲ့ နိုင်ငံအတွက်ပဲ ကြည့်လို့မရပါဘူး၊ နောက်ဆုံးကျတော့ ကမ္ဘာကြီးအတွက်လည်း ကြည့်ရမယ်၊ အခုနေချိန်ခါမှာ ဘယ်လိုမှ ရှောင်ရှားလို့မရပါဘူး၊ ကျွန်မတို့နိုင်ငံနဲ့ အခြားပြည်ပနိုင်ငံတွေဟာ ဆက်နွှယ်မှုတွေ အမျိုးမျိုးရှိနေပါတယ်၊ ဒီဆက်နွှယ်မှုတွေကို ကျွန်မတို့ကနေပြီးတော့ အသိအမှတ်ပြုပြီးတော့ ဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ရမလဲ၊ အတ္တဟိတ ပရဟိတ ကိုယ့်အတွက်၊ သူ့အတွက်၊ ကျွန်မတို့နိုင်ငံအတွက်၊ တခြားနိုင်ငံများအတွက်၊ အဲ့ဒီလို ကျွန်မတို့ ထိထိမိမိလုပ်မှ တကယ့်စစ်မှန်တဲ့ စိတ်ဓာတ်ကို ရနိုင်မှာဖြစ်တယ်"ဟုလည်း ပြောကြားခဲ့သည်။

ထို့ကြောင့် မိမိတို့ အမျိုးသမီးများသည် မိမိတို့နိုင်ငံ တိုးတက်ရေးကို ပြသလိုသည်ဆိုပါက အမျိုးသမီးများ အခွင့်အရေး တင်ပြလာသည့်ကိစ္စကိုသာ အားသန်ရန်နှင့် မိမိတို့နိုင်ငံတွင် စိတ်ဓာတ်တော်လှန်ရေးကို အောင်မြင်အောင် အမျိုးသမီးများက မည်သို့ပံ့ပိုးပေးနိုင်သည်ဆိုသည့် အမြင်ရှုထောင့်မှကြည့်ပြီး လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ စိတ်ဓာတ် တော်လှန်ရေးတွင် အမျိုးသမီးများသည် ရှေ့တန်းမှ ပါဝင်ခဲ့သည်ဆိုသည့် အစဉ်အလာကို ချမှတ်နိုင်ခဲ့မည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် အမျိုးသမီးများ အခွင့်အရေးအတွက် လုပ်ဆောင်နေသည့်ပုဂ္ဂိုလ်များအနေဖြင့်လည်း **"အမျိုးသမီးများ အခွင့်အရေးဆိုသည်မှာ လူသားများ၏ လွတ်လပ်ရေးပင်ဖြစ်သည်"** ဆိုသည်ကို သဘောပေါက်မည်ဟု ထင်မြင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က **"လူသားများ တိုးတက်ရေးအတွက် အဓိကကျတဲ့ ကိစ္စကတော့ ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ပြည်တွင်းငြိမ်းချမ်းရေးတင်မကဘူး၊ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာကလည်း စိတ်ထဲကစတဲ့ ကိစ္စဖြစ်တယ်။**

**စိတ်ဓာတ်လေးတွေ ရှင်သန်**

"ငြိမ်းချမ်းချင်တဲ့စိတ်ရှိမှ ငြိမ်းချမ်းမယ်။ ငြိမ်းချမ်းရေးကို တကယ်မလိုလားဘူးဆိုရင် ပါးစပ်က ဘယ်လိုပဲပြောပြော၊ ငြိမ်းချမ်းရေးရအောင် ကျွန်မတို့ အထောက်အကူပြုနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများဟာ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်မတို့နိုင်ငံနဲ့ ကမ္ဘာကြီးငြိမ်းချမ်းရေးရဖို့အတွက် ဘယ်လိုစိတ်ဓာတ်တွေ လိုအပ်သလဲဆိုတာကို သေသေ ချာချာစဉ်းစားဆင်ခြင်ပြီးတော့၊ မိမိတို့လုပ်နေရတဲ့ တာဝန်တွေနဲ့ ဒွန်တွဲပြီးတော့ ဒီလို စိတ်ဓာတ်လေးတွေ ရှင်သန်တိုးတက်အောင် ကူညီပေးစေချင်ပါတယ်"ဟု ပြောကြားသည်။

**စဉ်းစားဆင်ခြင်ကြ**

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးကဏ္ဍမှ ငြိမ်းချမ်းရေးကို မည်သို့အထောက်အကူပေးနိုင်မည်ဆိုသည်ကို စီးပွားရေးရှုထောင့်မှ မည်သို့လုပ်ဆောင်ရမည်၊ မည်သို့လုပ်နိုင်မည်ဆိုသည်ကို စဉ်းစားဆင်ခြင်ကြရန် တိုက်တွန်းလိုပါကြောင်း။

**အမျိုးသမီးများက တာဝန်ယူရ**

ယနေ့အခမ်းအနားတွင် အမျိုးသားအချို့ပါဝင်လာသဖြင့် လွန်စွာဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့ချိန်က အမျိုးသားများ တစ်ယောက်မျှမပါဝင်သဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် စောင့်ရှောက်ရေးဆိုသည်မှာ အမျိုးသားများနှင့် မသက်ဆိုင်ဘူးလားဟု ဆွေးနွေးခဲ့ကြောင်း၊ ယခုအခါတွင် အမျိုးသားများ ပါဝင်လာသည်ကို တွေ့ရှိရကြောင်း၊ အမျိုးသမီးများအတွက် အမျိုးသားများက တာဝန်ယူရသကဲ့သို့ အမျိုးသားများအတွက်လည်း အမျိုးသမီးများက တာဝန်ယူရပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ခင်ပွန်းများ၊ မိမိတို့၏သားသမီးများ၊ တူ၊ တူမများကိုလည်း အမျိုးသမီးများက စောင့်ရှောက်သကဲ့သို့ သွန်သင်ဆုံးမကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**အမျိုးသားများကိုလည်း ဂုဏ်ပြု**

ဆက်လက်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ယနေ့ပွဲသည် အမျိုးသမီးများ ရက်သတ္တပတ်၏ ဖွင့်ပွဲဖြစ်ပါကြောင်း၊ ယခု ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး လုပ်ကိုင်ဆောင်ရွက်နေရသည့် ကိစ္စများ၊ စီးပွားရေးလုပ်ငန်းခွင်များအပြင် ဘက်စုံ ကဏ္ဍစုံ မှ အားလုံးတန်းတူ တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်နေကြသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသည့်အနေဖြင့် အမျိုးသမီးများသာမက လေးစားယုံကြည်ပြီး တန်းတူဆက်ဆံနေသည့် အမျိုးသားများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအနက် ပဉ္စမမြောက်ပန်းတိုင်ဖြစ်သည့် ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး အသိပညာပေးခြင်း၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်းတို့ ဆောင်ရွက်ပေးသွားနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းအကောင်အထည်ဖော်**

ယခုကျင်းပသည့် ဖိုရမ်သည် ပြည်သူတစ်ရပ်လုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ရန် မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မည်သို့ပါဝင်ကြမည်ဆိုသည်ကို ဆက်လက် ဆွေးနွေးကြပြီး မိမိပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် လူ့ဘောင်တစ်ရပ်လုံးတွင် တန်းတူညီမျှမှုများကို အားလုံးဝိုင်းဝန်းအကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ၏ စကားဝိုင်း(Business Talk)ကို ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ ဒေါ်ခင်နှင်းစိုး၊ ဒေါ်ဝင်းဝင်းတင့်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်အိဖြိုးဟန်၊ ဒေါ်ယဉ်မျိုးစု၊ ဒေါက်တာဒေါ်ဌေးဌေးကြည်၊ ဒေါ်တင့်တင့်လွင်၊ ဒေါ်ဖြူအိသိမ်းနှင့် ဒေါ်ချိုလဲ့အောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြ သည်။

စကားဝိုင်းအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် မတ် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် သမ္မတနန်းတော်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Tran Dai Quang အား ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည်ဖြင့် ဘက်စုံပူးပေါင်းဆောင်ရွက်လိုမှု၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများ၊ အားကစားနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်လုပ်ဆောင်သွားနေမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအား ယခုထက်ပိုမို၍ အောင်မြင်စေရန်နှင့် မြန်မာ့တပ်မတော် ပိုမိုတိုးတက်အောင်မြင်စေရန် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးအား အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် အမျိုးသားလွှတ်တော်သို့ သွားရောက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Nguyen Thi Kim Ngan နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်**

**နေပြည်တော် မတ် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Gen. Ngo Xuan Lich ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့နံနက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမျိုးသားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။ ယင်းနောက် ဂုဏ်ပြုကြိုဆိုပွဲသို့တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော် အကြီးအကဲများနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေး ဝန်ကြီးတို့သည် ကာကွယ်ရေးဝန်ကြီးဌာနအတွင်းရှိ International Talk Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်ပိုင်းသာမက အဆင့်အလိုက် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များစေလွှတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများနှင့် ဘာသာစကားသင်တန်းများ အပါအဝင် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာ နှီးနှောဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အားကစားကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် Myanmar National Tele & Communications Co.Ltd(MNTC) နှင့် Viettel Global Investment JSC တို့အကြား နည်းပညာနှင့် စီမံခန့်ခွဲမှုအထောက်အကူပြု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ MNTC ၏ Chairman ဦးခင်မောင်စိုးနှင့် Viettel Group ၏ General Director, Maj. Gen. Nguyen Manh Hung တို့က စာချုပ်တွင် အပြန်အလှန်လက်မှတ်ရေးထိုးကြသည်။

ထိုသို့စာချုပ် ချုပ်ဆိုခြင်းအားဖြင့် စတုတ္ထအော်ပရေတာ (Mytel) ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာနှင့် စီမံခန့်ခွဲရေးလုပ်ငန်းရပ်များအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အပြည့်အဝ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်နှင့် ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဟိုချီမင်းဗိမာန်တို့၌ ပန်းခွေချ၍ ဂုဏ်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ဟန်္နွိုင်းမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သော Hanoi Old Quarters သို့သွားရောက်ပြီး Hoan Kiem ရေကန်အတွင်းရှိ Ngoc Son ရှေးဟောင်း ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ယင်းဘုရားကျောင်းသည် Hoan Kiem ရေကန်အတွင်းရှိ ကျွန်းငယ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားကျောင်းအတွင်း အေဒီ ၁၃ ရာစုနှစ်က စစ်ဘုရင်ကြီးတစ်ပါးဖြစ်သည့် Tran Hung Dao ၏ ရုပ်တုအပါအဝင် အခြားစစ်ဘုရင်များ၏ ရုပ်တုများ ထုလုပ်ထားရှိသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Hanoi Old Quarters နှင့် Hoan Kiem ရေကန်တို့အား ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

အပြင် ဆလုံလူမျိုးများနှင့် ဆောင်းရာသီနှင့်နွေရာသီတွင် ကဗန်းလှေပေါ်တွင် နေထိုင်၍ ရေထွက်ပစ္စည်းများကို ရှာဖွေကာ အသက်ရှင်သန်နေထိုင်မှုဘဝပုံစံသည်လည်း ပြည်တွင်းပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ခရီးစဉ်စုစုပေါင်း ၇၉ ခုကို ကမ္ဘာလှည့်ခရီးသည် ၆၀၄ ဦးလိုက်ပါလျက် ထိုင်းနိုင်ငံသားပိုင် စက်တပ်ရွက်လှေ ၃၅ စင်းနှင့် မြန်မာနိုင်ငံသားပိုင် စက်တပ်ရွက်လှေ သုံးစင်း၊ စုစုပေါင်း စက်တပ်ရွက်လှေ ၃၈ စင်းတို့ဖြင့် ကော့သောင်းခရိုင်အတွင်းရှိ အောက်ကျွန်းနီကျွန်း၊ မြန်မာဘန့်၊ မြောက်တော်ဝင်ကျွန်း၊ တောင်တော်ဝင်ကျွန်း၊ နာနတ်သီးကျွန်း၊ ကျွန်းဖီလာကျွန်း၊ ခရင်းခွကျွန်း၊ ၁၁၅ ကျွန်း၊ ငမန်းကျွန်း၊ မျောက်နီကျွန်း၊ သရဲကျွန်း၊ ကြက်မောက်ကျွန်း၊ လန်ပိကျွန်း၊ လိုဏ်ဂူကျွန်း၊ စေတန်ကျွန်း၊ တောင်လပို့ကျွန်း၊ ၂၅၄ ကျွန်း၊ ၂၅၆ ကျွန်း၊ ကိုဖော့ကျွန်း၊ တာယာကျွန်း၊ ညောင်ဦးဖီးကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ ဒုံးရေတံခွန်၊ ဗိုလ်ချိုကျွန်းများသို့ လာရောက် လည်ပတ်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် စက်တပ်ရွက်လှေခရီးစဉ် ၃၉၆ ခုနှင့် ကမ္ဘာလှည့်ခရီးသွား ၃၂၇၀ ဦးလာရောက်ကာ ၂၀၁၆ ခုနှစ်တွင် စက်တပ်ရွက်လှေ ခရီးစဉ် ၄၇၀ ခုနှင့် ကမ္ဘာလှည့်ခရီးသွား ၃၉၆၁ ဦး ဝင်ရောက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၄၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ စက်တပ်ရွက်လှေ ခရီးစဉ် ၁၆၆ ခု နှင့် ညီ့သည် ၁၃၉၇ ဦး ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စက်တပ်ရွက်လှေ ခရီးစဉ် ၇၄ ခုနှင့် ဧည့်သည် ၅၁၈ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စက်တပ်ရွက်လှေ ခရီးစဉ် ၇၉ ခုနှင့် ဧည့်သည် ၆၀၄ ဦးတို့ ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကထက် ပိုမိုဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော် ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သာယာလှပရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို သိရှိထိတွေ့ခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုများသို့လည်း အပန်းဖြေခြင်း၊ ငါးမျှားခြင်း၊ ရေအောက်ရှုခင်းကြည့်ရှုခြင်း၊ ရေကူးခြင်း၊ ဆလုံတိုင်းရင်းသားများ၏ ဘဝများကို လေ့လာခြင်းများဖြင့် ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

လည်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ်ကို လည်မယ်၊ မနက်ဖြန်မှာတော့ ပဲခူးနဲ့ပုဂံဘက်ကိုသွားမယ်လို့သိရပါတယ်၊ အဲ့ဒီလို သွားရောက်လည်ပတ်တဲ့အချိန်မှာလည်း အခက်အခဲတစ်စုံတစ်ရာရှိရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေထံ အကူအညီတောင်းဖို့ကိုလည်း ပြောကြားထားပါတယ်”ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး MV SILVER DISCOVERER ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့် ခရီးသည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပုဂံ၊ ပဲခူးနှင့် မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

ထို့အပြင် မတ် ၈ ရက်တွင် အဆိုပါဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းခရိုင် မြိတ်ကျွန်းစုသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး မတ် ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီလအတွင်းကလည်း ကမ္ဘာလှည့်ခရီးသည် ၇၀၆ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၇၃ ဦး တို့လိုက်ပါလာသည့် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးတစ်စင်း ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ဆိုက်ကပ်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း၌ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောကြီး ၂၂ စင်းဆိုက်ကပ်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသည် တစ်သောင်းကျော်ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

❖ *ကျောဖုံးမှ*

နည်းစနစ်များ သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် AFC Women's Football Day အထိမ်းအမှတ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အမျိုးသမီးလိဂ်ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလဆန်းပိုင်းတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၈ အာရှဖလားခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိကာ ကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီး အသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့် မတ် ၁ ရက်က ခြေစမ်းပွဲကစားခဲ့ရာ ဂိုးမရှိ သရေကျခဲ့သည်။

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး စတင်ကျင်းပ

ရန်ကုန်  မတ်  ၆

**သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပသည်။**



အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဇဓမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ဆရာတော်များက "သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ" အစရှိနှစ်ဂါထာကို ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး အစည်းအဝေးကျင်းပမည့် (တပေါင်းလဆန်း ၉၊ ၁၀၊ ၁၁ ရက်)၊ မတ် ၆၊ ၇၊ ၈ ရက် အစည်းအဝေးအစီအစဉ်ကို အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြပြီး အစည်းအဝေး သဘာပတိ အဘိဇဓမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တင်သွင်းလျှောက်ထားသည်။

မွန်းလွဲပိုင်းအစီအစဉ်တွင် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်သည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို သက်ဆိုင်ရာဆရာတော်များက ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို အလှူရှင် ဦးသိန်းမောင်၊ ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများ ရက်သတ္တပတ် ဖိုရမ်ကျင်းပ



**နေပြည်တော်  မတ်  ၆**

**ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု**ဆောင်ပုဒ်ဖြင့် မြန်မာအမျိုးသမီးများ ရက် သတ္တပတ်ဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပသည်။

အဆိုပါဖိုရမ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အနေဖြင့် အမျိုးသမီးများနှင့်ပတ်သက်ပြီး ပြောင်းလဲမှုဖော်ဆောင်ရန် မတူညီမှုများ တူအောင်ညှိနှိုင်းခြင်း၊ အကြမ်းဖက်မှုဆန့်ကျင်ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးမှု ဆက်လက်တိုးတက်ရန် အခွင့်အလမ်းများဖော်ဆောင်ခြင်း၊ အမျိုးသမီးများ၏ ဆောင်ရွက်ချက်များ အောင်မြင်မှုအတွက် ချီးကျူးခြင်း၊ အမျိုးသမီးစွန့်ဦးတီထွင်မှု၊ သုတေသနပြုမှုများကို အားပေးပြီး အမျိုးသမီးပညာသင်ဆုများပေးခြင်း စသည်တို့ကို ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စ ခရစ်စတင်းက မြန်မာနိုင်ငံသမိုင်းတွင် အဓိကအရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုနေရာကို ရောက်ရှိနေပါကြောင်း၊ အခွင့်အလမ်းများသည်လည်းများစွာရှိနေပါကြောင်း၊ အခွင့်အရေးနှင့်အတူ စိန်ခေါ်မှုများလည်း အများကြီးရှိပါကြောင်း။

စိန်ခေါ်မှုများကိုကြည့်ပါက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများရှိသကဲ့သို့ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌လည်း စိန်ခေါ်မှုများရှိပါကြောင်း၊ အမျိုးသမီးများ အနေဖြင့် ပါလီမန်တွင် ပါဝင်နိုင်ခွင့်များပြားလာခြင်းသည်လည်း အောင်မြင်မှုတစ်ခုဖြစ်ပါ ကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုမရှိပါက အောင်မြင်နိုင်မည်ဟု မိမိမယုံကြည်ပါကြောင်း၊ အားလုံးအတွက် တူညီသော ဘုံရပ်တည်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြင့် ငြိမ်းချမ်းရေးရရှိအောင်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ၏ **စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ တင်ပြခြင်း** ခေါင်းစဉ်ဖြင့် UN Global Compact Network- Myanmar ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းစန်းအေး၊ ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့၏ပြည်တွင်းအကြံပေး ဒေါ်ပန်စီထွန်းသိန်း၊ ကမ္ဘာ့ဘဏ်မှ ဒေါ်ယုဝေမောင်နှင့် Growth Industry Cluster Department မှ မစ္စ တီကိုကူဒို တို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို အဖွဲ့ငယ်များခွဲ၍ ဆက်လက်ကျင်းပရာ UMFCCI တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က **စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များအား တိုးမြှင့်ဆောင်ရွက်ခြင်း** ခေါင်းစဉ်ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ၏ အကျိုးသက်ရောက်မှုအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်မူဝါဒနှင့် ကုန်ထုတ်ကဏ္ဍ၏ ဦးဆောင်မှုအပိုင်းကို လည်းကောင်း၊ UN Women Myanmar မှ Dr. Jean Dcunha က **အနာဂတ်သည် အမျိုးသမီးဖြစ်သည်** ခေါင်းစဉ်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အကိုင်ကဏ္ဍတွင် ကျား၊ မ ကွာဟချက်များကိုလျှော့ချခြင်းသည် အဓိက တွန်းအားတစ်ရပ်ဖြစ်ပြီး လူ့အဖွဲ့အစည်းများအတွင်း မညီမျှမှုများအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုများ ဖြစ်စေခြင်း၊ ထို့အတွက် အမျိုးသမီးများ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒနှင့် စီးပွားရေးပုံစံများကို လည်းကောင်း၊ အခရာအမျိုးသမီးအဖွဲ့ တည်ထောင်သူ ဒေါ်ထားထားက **ကျား၊ မ ကွာဟမှုများအား ချိတ်ဆက်ပေးခြင်း** ခေါင်းစဉ်ဖြင့် လုပ်ငန်းခွင်အတွင်း ကျား၊ မ အခြေပြုအကြမ်းဖက်မှုအပေါ် အသိပညာပေးခြင်းနှင့် ထိုအခြေအနေအား ယုံကြည်မှုရှိရှိနှင့် ပြတ်သားစွာ ကျော်လွှားခြင်းတို့ကို လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ကျား၊ မ တန်းတူညီမျှရေးအတွက် ကတိပြုမည့်အချက်များအား ဆွေးနွေးခြင်းနှင့် ကတိပြုလက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကျား၊ မရေးရာ အခြေပြုအကြမ်းဖက်မှုများအား ဆန့်ကျင်သည့် လှုပ်ရှားမှုများအား မိတ်ဆက်ပြသကြသည်။

မိတ်ဆက်ပြသပွဲတွင် လိင်အကြမ်းဖက်မှုအား ဆန့်ကျင်ခြင်းနှင့် လုံခြုံစိတ်ချရသည့် မြို့ပြများပေါ်ထွန်းရေးတို့အတွက် #Whistle For Help နှင့် #Safe Cities Campaign တို့ကို အခရာ အမျိုးသမီးအဖွဲ့၊ Action Aid အဖွဲ့များက သရုပ်ပြသကြပြီး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က နိဂုံးချုပ်စကားပြောကြားသည်။

**သူရဇော်နှင့်အဖွဲ့**

## ဦးရာဇ်မင်္ဂလာကြိုးတံတားအား ငွေကောက်ခံခြင်း ဖျက်သိမ်းပေးရေး ပုဏ္ဏားကျွန်း၌ လူထုဆန္ဒဖော်ထုတ်

**ပုဏ္ဏားကျွန်း  မတ်  ၆**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ကင်းချောင်းတစ်ဖက်ကမ်းရှိ ဦးရာဇ်တော်ခာတ်စေတီတော်မြတ်ကြီးနှင့် ပုဏ္ဏားကျွန်းမြို့သို့ ပေါင်းကူးတည်ဆောက်ထားသော ဦးရာဇ်မင်္ဂလာကြိုးတံတားအား ဖြတ်သန်းသွားလာမှုအတွက် ငွေကြေးကောက်ခံနေမှုအပေါ် ရပ်တန့်ပေးရေး လူထုဆန္ဒဖော်ထုတ်ပွဲကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီက သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်အရ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ကြိုးတံတားအရှည်မှာ ပေ ၃၂၀ ရှိပြီး ပြည်သူ့အလှူငွေကျပ် ၃၅ သိန်း ၁ သောင်းဖြင့် အကုန်အကျခံတည်ဆောက်ကာ ၁၉၉၆ ခုနှစ် ဇူလိုင် ၇ ရက်က ဖွင့်လှစ်ခဲ့သောတံတားဖြစ်ကြောင်း၊ တံတားဖွင့်သည်မှ ယနေ့ထိ တံတားဖြတ်ကူးခကောက်ခံလျက်ရှိရာ လက်ရှိအခြေအနေတွင် လူတစ်ဦးအသွားအပြန် ၁၀၀ ကျပ်ကောက်ခံလျက်ရှိသည်။ တံတားကြံ့ခိုင်ရေးအတွက် အစောင့်တစ်ဦးအား တာဝန်ပေးကာ ကောက်ခံနေခြင်းဖြစ်ကြောင်းနှင့် လက်ရှိတံတားမှာ သစ်သားတာဝါတိုင်များဖြင့် တည်ဆောက်ထားခြင်းဖြစ်၍ ဟောင်းနွမ်းလာနေပြီးဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ပြည်နယ်ရန်ပုံငွေ ကျပ်သိန်း ၂၅၀ အကုန်အကျခံကာ ကစ္ဆပရီကြိုင်ကုမ္ပဏီက ပြုပြင်မွမ်းမံတည်ဆောက်ခဲ့သော်လည်း တံတားကြံ့ခိုင်မှုမှာ အားနည်းလျက်ရှိရာ အချိန်မရွေးအန္တရာယ်ဖြစ်နိုင်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးလျှင် ပြဿနာများအားလုံးကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ဘုရားဂေါပကဥက္ကဋ္ဌ ဦးမောင်ကျော်ဦး၏ပြောပြချက်အရ သိရသည်။

**ညသူ**

# ဂျပန်ဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ နှုတ်ခမ်းကွဲနှင့် အူကျကလေးလူနာများကို အခမဲ့ကုသ

**မော်လမြိုင်  မတ်  ၆**

မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် TTCL Group ကုမ္ပဏီများအုပ်စု၏ ပံ့ပိုးမှုဖြင့် Japan Heart အဖွဲ့မှ ဂျပန်ဆရာဝန်ကြီးများနှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ နှုတ်ခမ်းကွဲနှင့်အူကျလူနာများကို အခမဲ့ခွဲစိတ်ပေးရန် မတ် ၆ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။



အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ Japan Heart အဖွဲ့မှ တာဝန်ရှိသူများ၊ TTCL Group မှ CEO နှင့် တာဝန်ရှိသူများ၊ မော်လမြိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့မှာ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံတစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ အမျိုးသမီးနှင့်ကလေးဆေးရုံတစ်ရုံ၊ ခုတင် ၁၀ ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံလေးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံသုံးရုံနှင့် တိုက်နယ်ဆေးရုံတို့ရှိပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုသရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် အခြေခံအဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တိုင်တိုင် နှုတ်ခမ်းကွဲကလေးလူနာများ၊ မွေးရာပါ ရေမှတ်ရောဂါ၊ အူကျရောဂါ၊ ကပ်ပယ်အိတ်အတွင်း ဝေးစေ့မဆင်းသောရောဂါတို့ကို ခွဲစိတ်ကုသပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ကလေးလူနာ ခွဲစိတ်ကုသပေးမှုကို ဂျပန်နိုင်ငံမှ ခွဲစိတ်ဆရာဝန်ငါးဦး၊ မေ့ဆေးဆရာဝန်တစ်ဦးနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ပူးပေါင်း၍ ခွဲစိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၁၈၃၆၃ ဒသမ ၁၁၈ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မတ် ၆**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၁၈၃၆၃ ဒသမ ၁၁၈ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်အား ဆွေးနွေးသည်။

အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်က ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် အင်အားပြင်းလျှောင် လှုပ်ခတ်မှုကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့ ၁၁၂ တပ်တွင် အဆောက်အအုံ ၅၇၁ လုံးနှင့် ဆက်စပ်လုပ်ငန်း ၂၄ခု စုစုပေါင်း ၅၉၅ ခု ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများအား စစ်ဆေးရေးဘုတ်အဖွဲ့များဖြင့် စနစ်တကျစစ်ဆေးခဲ့ပြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနှင့် စစ်ထောက်ချုပ်ရုံးတို့မှ အသေးစိတ်စိစစ်တွက်ချက်တင်ပြခဲ့ရာ ခန့်မှန်းငွေကျပ် ၃၆၄ ဒသမ ၉၂၈ သန်း ကုန်ကြမည်ဟု သိရှိရပါကြောင်း၊ အဆိုပါ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများသည် ကြိုတင်မသိမြင်နိုင်သော ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်အမျိုးအစားဖြစ်သောကြောင့် ဘဏ္ဍာငွေလျာထားချက်မရှိပါသဖြင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခွဲဝေသုံးစွဲမည့် ငွေကျပ် ၃၆၄ ဒသမ ၉၂၈ သန်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုနိုင်ပါရန် ဆွေးနွေးတင်ပြသည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စများနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ဒေါက်တာအေးဇံအား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ ပြင်ဆင်ဖြည့်စွက်ချက်ကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သောင်တူးစက်အသစ်တစ်စီး အမြန်ဆုံးဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် သောင်တူးစက်တင်သွင်းရောင်းချသည့် ကိုယ်စားလှယ်ရုံးများသို့ ဈေးနှုန်းများ စုံစမ်းခဲ့ပြီးအဖွဲ့ဖြင့် ဈေးနှုန်းနှိုင်းယှဉ်စိစစ်ချက်အရ အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချနိုင်မည့် နယ်သာလန်နိုင်ငံ Bell Company မှ Bell 250 အမျိုးအစား သောင်တူးစက်တစ်စီးကို ဝယ်ယူခဲ့ပါကြောင်း။

သောင်တူးစက် တန်ဖိုးငွေကျပ်သန်း ၁၀၀၀ အနက်မှ ငွေကျပ်သန်း ၆၀၀ အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံခဲ့ပြီး ပေးချေရန်ကျန်ငွေကျပ်သန်း ၄၀၀ အား သီးသန့်ရန်ပုံငွေမှ ပေးချေရန် စီစဉ်လျာထားကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝယ်ယူဖြည့်ဆည်းပေးခဲ့သည့် သောင်တူးစက်အား အမြန်ဆုံးအသုံးပြုဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ ရေလမ်းခရီးဆက်သွယ်သွားလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ အဆင်ပြေချောမွေ့လာစေမည်ဖြစ်ပါကြောင်း။

ထို့အပြင် နှစ်စဉ်ဝင်ငွေမြောက်မြားစွာ ရရှိနေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေပြီး အင်းလေးကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ခြင်းဖြင့် မိုးပြဲဆည်အတွင်းသို့ ရေကူဖြည့်တင်းပေးနိုင်မည်ဖြစ်၍ လောပိတရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မူလခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း လက်ရှိဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်"** ဖြစ်ခြင်းတို့ကြောင့် သောင်တူးစက်ဖိုးပေးချေရန်အတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၄၀၀ သုံးစွဲရန်ကိစ္စကို အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးထွန်းထွန်းဟိန်က ဥပဒေဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးအောင်မင်းက ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အဆိုပါဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

**မော်စီ၊ ဝေမွှေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) ကျင်းပ

**စစ်တွေ မတ် ၆**

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့)ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၇ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းငါးခု၊ စည်ပင်သာယာရေးကဏ္ဍဆိုင်ရာ မေးခွန်းတစ်ခု စုစုပေါင်း မေးခွန်းခြောက်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ (socio- economic) မြင့်မားလာစေလို၍ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက်ဝင်ရန်အတွက် အထွက်တိုး၊ အရည်အသွေးမြှင့်တင်ရန် ရခိုင်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်း အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံပြီး အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းတို့ကိုကြေညာပြီး ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ကာ တည်ဆောက်ခဲ့သော မြောက်ဦးလေယာဉ်ကွင်းအား ဆက်လက်တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးများကို များစွာအထောက်အကူပြုနေပါသဖြင့် ရပ်ဆိုင်းလျက်ရှိနေသော မြောက်ဦးလေယာဉ်ကွင်းတည်ဆောက်ရေးကို ပြည်ထောင်စုဘဏ္ဍာငွေခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အစည်းအဝေး စတုတ္ထနေ့ကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် မတ် ၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဆွီဒင်နိုင်ငံအခြေစိုက် Institute for Security and Development Policy (ISDP) ၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နစ်ကလပ်စွမ်စရွမ်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စစ်မှုထမ်းဟောင်းဥပဒေနှင့် နည်းလမ်းများဆိုင်ရာကိစ္စရပ်များ၊ သုတေသနသင်တန်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များအကြား Dialogue များ ပြုလုပ်လိုမှုနှင့် အနာဂတ်တွင် တပ်မတော်နှင့် ISDP တို့အကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြ သည်။

ထိုသို့တွေ့ဆုံရာ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်း



**နေပြည်တော် မတ် ၆**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးသည်။ ယင်းနောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

# တစ်နှစ်တာအပြောင်းအလဲများထဲမှ သုတရသဖျော်ဖြေမှုတို့ဖြင့် ပြည်သူတို့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

## မေဦးမိုး

တိုးတက်ဖွံ့ဖြိုးလာခဲ့သည့် နည်းပညာခေတ်တွင် ဖျော်ဖြေရေး၊ သတင်းမှန်ပြန်ကြားရေး၊ ပြည်သူတို့အတွက် ဗဟုသုတ ရရှိစေရေးနှင့် ပညာပေးအစီအစဉ်များစွာကို မီဒီယာများက ဖော်ပြပေးလျက်ရှိသည်။ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံပိုင် ပြည်သူ့မီဒီယာတစ်ခု ဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ပြည်သူတို့အတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များအတိုင်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြောင်းလဲလျှောက်လှမ်းလျက်ရှိပါသည်။ ပြည်သူများအတွက် ပြည်သူ့ဘက်မှ အစဉ်ရပ်တည်ကာ ပြည်သူများအကြား ပြည်သူ့အကျိုးစီးပွားအတွက် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီလည်း ထုတ်လွှင့်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသစ် တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်ပြေ လမှစတင်ကာ နိုင်ငံတော်၏မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ PSB အဖြစ် ပြောင်းလဲနိုင်ရေးအတွက် လိုအပ်သည့်ဥပဒေများကို ရေးဆွဲအကောင်အထည် ဖော်ခဲ့ခြင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများရေးဆွဲ အကောင်ထည်ဖော်ခြင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြန်လည်ပြင်ဆင်သုံးသပ်ရေးဆွဲနေသည့်ကာလအတွင်း ပြည်တွင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Multi Channel Playout System ၏ DVB-T2 စနစ် ဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံလိုင်းများအနက်မှ ထပ်မံဆောင်ရွက်ရန်ရှိသည့် ရုပ်သံလိုင်းသစ်ငါးလိုင်းတွင် ပုဂ္ဂလိကမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဒီဂျစ်တယ် Free to air စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားမှ သိရှိရသည်။

အစိုးရသစ်တာဝန်ယူပြီးသည့် တစ်နှစ်တာအတွင်း ပြည်သူ့အကျိုးပြု မီဒီယာဖြစ်သည်နှင့်အညီ မီဒီယာသမားများ၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ လုပ်ငန်းကျွမ်းကျင်မှုများ ပိုမိုစနစ်ကျနစေရန်အတွက် နိုင်ငံတကာမီဒီယာများမှ ပညာရှင်များကိုဖိတ်ခေါ်ကာ ပူးတွဲလုပ်ဆောင်ခြင်း၊ သင်တန်းများ ပို့ချစေခြင်းနှင့် ပြည်ပသို့လေ့လာရေးများ၊ ပညာသင်ကြားရေးများ၊ ဆွေးနွေးပွဲများ စေလွှတ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်လျက်ရှိသည်။ ရိုက်ကူးထုတ်လုပ်မှု၊ အနုပညာဖန်တီးမှု၊ နည်းပညာအသုံးပြုမှု၊ တည်းဖြတ်မှုနှင့် သတင်းရယူမှုတို့တွင် မူလထက်ပိုမိုကောင်းမွန်သည့်တင်ဆက်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်းသိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသည့် အစီအစဉ်များအပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုနှင့် အားပေးမှုအများဆုံးကို ဆန်းစစ်ကြည့်ခဲ့ရာ ဖျော်ဖြေရေးကဏ္ဍမှာ ပြည်သူများ အထူးအားပေးမျှော်လင့်သည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း သိရှိလာရသဖြင့် အသွင်သစ်ဖြင့် တင်ဆက်နိုင်ရေးကို တစ်စိုက်မတ်မတ်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

"အသွင်သစ်နဲ့ ထုတ်လွှင့်နိုင်ရေးအတွက် ဌာနခွဲအလိုက် အုပ်စုများခွဲကာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနောက် MRTV ရဲ့လုပ်ငန်းတာဝန်တွေကို ပြန်လည်ပြင်ဆင်သတ်မှတ်ပြီး ပြန်ကြားပေးရန် ၄၅ ရာခိုင်နှုန်း၊ ပညာပေးရန်အတွက် ၂၀ ရာခိုင်နှုန်းနဲ့ ဖျော်ဖြေရန်အတွက် ၃၅ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ပြီး ပြုပြင်ပြောင်းလဲမှုများစွာနဲ့ ရှေ့ကိုချီတက်ခဲ့တယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အစိုးရသစ်တာဝန်ယူပြီး ရက်တစ်ရာအတွင်း ပြုပြင်ပြောင်းလဲမှုမှတ်တမ်းများ

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ သတင်းချိန်များ ပိုမိုကျစ်လျစ်စေရန် တစ်နေ့လျှင် သတင်းချိန် ၁၃ ချိန်အစား ရှစ်ကြိမ်သာ ထုတ်လွှင့်နေပြီဖြစ်သည်။ အရေးကြီးသတင်းများနှင့် သတင်းထူးများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ရည်ရွယ်ကာ Breaking News နှင့် Update News များအဖြစ် စဉ်ဆက်မပြတ်ထုတ်လွှင့်နေပြီး နိုင်ငံရေး၊ စီးပွားရေး၊ ထူးခြားသည့် ကမ္ဘာ့အရေးကိစ္စများအတွက် ပညာရှင်များ၏ ဆွေးနွေးသုံးသပ်မှုများအား Debate အစီအစဉ်သစ်အဖြစ် ထုတ်လွှင့်ပေးနေကြောင်း သိရသည်။

လူငယ်များအတွက် အတွေးအခေါ်များ ဆန်းသစ်တွေးတော နိုင်စေခြင်းရည်ရွယ်ကာ လူမှုရေးအဖွဲ့အစည်း Search for Common Ground နှင့်ပူးပေါင်း၍ ရေဒီယိုအစီအစဉ်သစ် Talk Show အား အောင်မြင်စွာ တင်ဆက်နိုင်ခဲ့ပြီး




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တရားဝင်ထုတ်လွှင့်ရန် စတူဒီယို၌ ရိုက်ကူးနေမှုကိုတွေ့ရစဉ်

ရုပ်သံထုတ်လွှင့်မှုတွင် ဖော်ပြထားသည်။

ဒီမိုကရေစီ အနှစ်သာရတစ်ခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သဘောထားမတူညီမှုများကို ညှိနှိုင်းဆွေးနွေးသည့် ယဉ်ကျေးမှုတစ်ရပ် ကျင့်သုံးခွင့်၊ မီဒီယာလွတ်လပ် ခွင့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ အစိုးရသစ်၏တစ်နှစ်တာအတွင်း ပုံမှန်တင်ဆက်နေကျ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများ အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံတွင် ဆွေးနွေးပြောကြားမှုများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ၏စကားဝိုင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး စကားဝိုင်းများကို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

အလားတူ မတ် ၆ရက်တွင်ပြုလုပ်သည့် မြန်မာအမျိုးသမီးများရက်သတ္တပတ်၏ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏စကားဝိုင်း (Business Talk) ဆွေးနွေးမှုများကို တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

သတင်းများကို ယခင်ထုတ်လွှင့်နေကျ ပုံစံမှ ခွဲထွက်ကာ ပြည်သူများ၏ နေ့စဉ်ဘဝဖြတ်သန်းမှုများ၊ ကြိုးစားရုန်းကန်ရင်းမတူညီသည့် သက်မွေးဝမ်းကျောင်းမှုများ၊ အခြေခံလူတန်းစားများ၏ တစ်နေ့တာအတွေ့အကြုံများကို ရသမြောက်စွာ ရိုက်ကူးတင်ဆက် နေသည်ကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်သစ်များအဖြစ် မြင်တွေ့ရသည်။

စီးပွားရေးကဏ္ဍတွင် နေ့စဉ်နှင့်အမျှ ပြောင်းလဲလျက်ရှိသည့် မြန်မာ့ငွေကြေးဈေးကွက်၊ စတော့အိတ်ချိန်း ဈေးနှုန်းအပြောင်းအလဲများ၊ နေ့စဉ်ကုန်စည်ဈေးနှုန်းများ၊ တက်ရိပ်ကျရိပ်ရှိနေသည့် အသုံးအဆောင်များ၊ မီးဖိုချောင်ကုန်စည်များနှင့် နိုင်ငံခြားပို့ကုန်၊ သွင်းကုန်များ၏ အခြေအနေများကို တင်ဆက်ပေးလာသည့်အပြင် စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကိုဖိတ်ခေါ်ကာ အပြန်အလှန်ဆွေးနွေးခြင်းကဏ္ဍကိုလည်း အားဖြည့်ပေးနိုင်ခဲ့သည်။

ပညာပေးကဏ္ဍအဖြစ် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးချက်များ အပါအဝင် ကလေးငယ်များအား ပြုစုစောင့်ရှောက်ခြင်းနည်းလမ်းများ၊ အဝေးသင်တက္ကသိုလ်ပညာရေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် အထောက်အကူပြု အစီ အစဉ်များကို

စာမျက်နှာ ၉ သို့



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးရေးဌာနဝန်ထမ်းများ ရိုက်ကူးနေပုံ



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဌာနစိတ်အလိုက်ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ်




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနေသည့် ပြည်သူတို့၏စကားသံများ အစီအစဉ်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် ရိုက်ကူးစဉ်

*စာမျက်နှာ ၈ မှ*

တင်ဆက်ပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း တောင်သူများအတွက် စိုက်ပျိုးရေး အသိပညာများ၊ မွေးမြူရေးလုပ်ကိုင်ကြသူများအတွက် မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို Australian Broadcasting Corporation (ABC) မှ ပညာရှင်များနှင့် ပူးပေါင်းထုတ်လွှင့်နိုင်ခဲ့သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ၂၀၁၆ ခုနှစ်အတွက် မသန်စွမ်းမှု ဆိုင်ရာ မီဒီယာဆုကို ဆွတ်ခူးရရှိထားသည့် မြန်မာ့အသံမှ နေ့စဉ် ရေဒီယိုဇာတ်လမ်းတွဲများ၊ လူငယ်ပန်းဥယျာဉ်၊ မေတို့ရေးရာသိမှတ်စရာ စသည့် ကဏ္ဍများအပြင် အားနည်းသည့် အဖွဲ့ အစည်းများ၊ လူတန်းစားများ၏ အရည်အသွေးများ၊ စိတ်ခံစားမှု များနှင့် အထူးသဖြင့် မသန်စွမ်းသူများ စိတ်အားငယ်မှုမရှိစေရေး မညိုးပန်းတို့၏ ဒိုင်ယာရီ အစီအစဉ်ကြောင့် တစ်နိုင်ငံလုံးမှ နားသောတဆင်သူများစွာ အားပေးကြိုက်နှစ်သက်ကြ သည်ကို မြင်တွေ့ရသည်။

မြန်မာတစ်နိုင်ငံလုံးမှ တိုင်းရင်းသားလူမျိုးအားလုံးအတူတကွ ကြည့်ရှုနားဆင်ခံစားစေရန် ရည်ရွယ်ကာ အစိုးရသစ် တစ်နှစ်တာအတွင်း တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကိုမတူကွဲပြားသည့် နည်းပညာများ၊ ရိုက်ကူးတင်ဆက်မှုများဖြင့်ထုတ်လွှင့်နိုင်ခဲ့ပြီး ပျောက်ကွယ်လုနီးပါး တိုင်းရင်းသားရိုးရာအသုံးအနှုန်းများ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သတင်းထောက်များသည် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ သတင်းဖြစ်ရာဒေသများသို့ အရောက်သွားကာ ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ကြိုးစားတင်ဆက်ခဲ့ရာ တစ်နှစ် တာကာလအတွင်း တိုင်းရင်းသား ၁၁ ဘာသာ၏ နယ်သတင်းဌာနခွဲ ၁၁ ခုမှ ပေးပို့သည့် ဒေသသတင်းများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစသည့် သတင်းဌာနခွဲများမှ သတင်းများ ဖြင့် ပေါင်းစပ်ကာ သတင်းပေးပို့သည့်စနစ်ကိုလည်း အဆင့်မီ အောင် ပြောင်းလဲနိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရှိရသည်။

ထူးခြားသည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် လူတိုင်းမိမိတို့ လက်ကိုင်ဖုန်းများမှနေ တစ်ဆင့် လွယ်ကူစွာသိရှိနိုင်ရေး MRTV ၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်တို့တွင်လည်း အချိန်မဆိုင်း တင်ဆက် ပေးလျက်ရှိခြင်းကြောင့် ကြည့်ရှုသူ သိန်းဂဏန်းကျော် ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာ့သတင်းမှန်များကို ကမ္ဘာကသိရှိစေရန်နှင့် မြန်မာ့အလှအပတောတောင် သဘာဝ၊ ယဉ်ကျေးမှု၊ အနုသုခုမများကို ကမ္ဘာအရပ်ရပ်မှ မြန်မာများနှင့် စိတ်ဝင်စားသူများ ကြည့်ရှုနိုင်ရန် ရည်ရွယ်တင်ဆက်လျက်ရှိသည့် MITV ရုပ်သံလိုင်းသည်လည်း အစိုးရသစ်တစ်နှစ်တာအတွင်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို ချပြ ထုတ်လွှင့်နိုင်ခဲ့သည်။

ပြောင်းလဲလာသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်သည်နှင့်အညီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း အများပြည်သူကို ဝန်ဆောင်မှုပေးသည့် ရုပ်သံထုတ်လွှင့်မှုလုပ်ငန်း အဖြစ် ကြိုးစားအသွင်ကူးပြောင်းနေသည်မှာ အားလုံး မျက်မြင်ပင်ဖြစ်သည်။ မကြာမီ ပြောင်းလဲတော့မည့် Analogue Switch off လုပ်ငန်းစဉ်အတွက် လိုအပ်သည့် ထပ်ဆင့်လွှင့်စက်များ၊ ရေဒီယိုလှိုင်းလွှင့်စက်များ တိုးချဲ့နိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မကြာမီအချိန်အတွင်း ဒီဂျစ်တယ်ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှုအသစ်များဖြင့် စတင်နိုင်တော့မည် ဖြစ်သည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း အနယ်နယ် အရပ်ရပ်မှ သောတရှင်များ စုစည်းဖွဲ့စည်းထားသည့် မြန်မာ့အသံ ချစ်သူများအဖွဲ့ဝင်အင်အားမှာ ၅၀၀၀ ကျော် ရှိလာပြီး ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့ရွာများသို့ စုပေါင်းသွားရောက်ကာ တွေ့ဆုံပွဲများ ကျင်းပခဲ့သည်ကိုလည်း ဝမ်းမြောက်စွာ မြင်တွေ့ရသည်။ မြန်မာ့အသံဝန်ထမ်းများကိုယ်တိုင် မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး သောတရှင်များ၏ ဝေဖန် အကြံပြုချက်များကိုရယူကာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် အားဖြည့်ခဲ့ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရှိရသည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် အဓိက မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး လုပ်ငန်းများသည် အလွန်အရေးကြီးသည်။ ထိုနိုင်ငံ့ မဏ္ဍိုင်ကြီးသုံးရပ်၏ လှုပ်ရှားမှုပုံရိပ်များနှင့် ပြည်သူများ၏ ခံစားမှုများ၊ လိုလားချက်များ၊ အခက်အခဲပုံရိပ်များကို ဘက်ညီမျှတစွာ ဖော်ပြပေးနိုင်မှသာ ပြည်သူ့မီဒီယာဟု ခေါ်ဆိုထိုက်ပါသည်။ အစိုးရသစ် တစ်နှစ်တာအတွင်း ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာနေသည့်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ပြည်သူများထံ မျှတမှန်ကန်စွာ ချပြခြင်း၊ ပြည်သူ့အသံကို နိုင်ငံတော်တာဝန်ရှိသူများထံ တင်ပြခြင်းတို့ကို ကြားခံ ဆောင်ရွက်နေသည့် ပေါင်းကူးတံတား မြန်မာ့အသံနှင့် ရုပ်မြင် သံကြားသည် ပြောင်းလဲတင်ဆက်မှုများစွာတို့ဖြင့် ရှေ့သို့ ချီတက်နေမည်သာ ဖြစ်တော့သည်။

**ထူးခြားသည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် လူတိုင်းမိမိတို့ လက်ကိုင်ဖုန်းများမှနေတစ်ဆင့် လွယ်ကူစွာသိရှိနိုင်ရေး MRTV ၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်တို့တွင်လည်း အချိန်မဆိုင်း တင်ဆက်ပေးလျက်ရှိခြင်းကြောင့် ကြည့်ရှုသူ သိန်းဂဏန်းကျော် ရောက်ရှိ**



သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာဒေသသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအဖွဲ့မှ သွားရောက်ရိုက်ကူးစဉ်



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လယ်ယာကဏ္ဍအတွက် ထုတ်လွှင့်ရိုက်ကူးစဉ်

## အစိုးရသစ်(၁)နှစ်တာသက်တမ်းကာလအတွင်း အသံလွှင့်ဌာနခွဲမှ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲထုတ်လွှင့်မှုများ

| စဉ် | ထုတ်လွှင့်သည့်အစီအစဉ် | စတင်ထုတ်လွှင့်သည့်ရက် | ပုံမှန်ထုတ်လွှင့်သည့်အချိန် |
|---|---|---|---|
| ၁ | မင်္ဂလာညနေခင်း | ၁၅-၅-၂၀၁၆ | နေ့စဉ် (၁၆း၀၀) နာရီမှ (၁၈း၀၀) နာရီ |
| ၂ | ရွှေလမ်းငွေလမ်းညွှန် လိုက်မယ် | ၁၅-၅-၂၀၁၆ | နေ့စဉ် (၀၆း၀၀) နာရီနှင့် (၁၇း၀၀) နာရီ |
| ၃ | သီချင်းချစ်သူ | ၁၅-၅-၂၀၁၆ | နေ့စဉ် (၁၆း၄၀) နာရီ |
| ၄ | ရေဒီယိုဉာဏ်စမ်းပဟေဠိ | ၁၅-၅-၂၀၁၆ | တစ်ပတ်(၁)ကြိမ် တနင်္ဂနွေနေ့ (၁၆း၁၅) နာရီ |
| ၅ | ဘဝကြားကဘဝများ | ၈-၆-၂၀၁၆ | တစ်ပတ်(၂)ကြိမ် ဗုဒ္ဓဟူးနေ့(၀၈း၁၅) နာရီ သောကြာနေ့ (၂၁း၀၅) နာရီ |
| ၆ | လေ့လာစရာစုံလင် ရန်ကုန်တစ်ခွင် | ၈-၇-၂၀၁၆ | တစ်ပတ်(၂)ကြိမ် သောကြာနေ့ (၁၅း၁၅) နာရီ၊ စနေနေ့ (၀၇း၄၅)နာရီ |
| ၇ | ထာဝရလှပမြန်မာ့ဂီတ | ၅-၇-၂၀၁၆ | တစ်ပတ်(၂)ကြိမ် အင်္ဂါနေ့(၁၉း၁၅)၊ စနေနေ့ (၁၄း၂၀) နာရီ |
| ၈ | မြန်မာ့ရုပ်ရှင်ဗီဒီယို မိတ်ဆက် | ၁၂-၇-၂၀၁၆ | တစ်ပတ်(၂)ကြိမ် အင်္ဂါနေ့(၁၈း၁၅)နာရီ၊ သောကြာနေ့(၀၈း၄၅)နာရီ |
| ၉ | သွေးချင်းတို့ရဲ့တေးသံသာ | ၁၅-၈-၂၀၁၆ | နေ့စဉ် တနင်္လာနေ့ (၁၄း၀၀)နာရီ |
| ၁၀ | နှလုံးသားထဲက တေးသံ | ၂၀-၈-၂၀၁၆ | တစ်ပတ်(၂)ကြိမ် စနေနေ့(၀၈း၄၅)နာရီ၊ တနင်္ဂနွေနေ့(၁၅း၄၅)နာရီ |
| ၁၁ | Journey to the ASEAN | ၄-၁-၂၀၁၇ | တစ်ပတ်(၂)ကြိမ် ဗုဒ္ဓဟူးနေ့(၁၁း၁၅)နာရီ၊ သောကြာနေ့(၁၉း၁၅)နာရီ |
| ၁၂ | Wonderful ASEAN | ၁၁-၁-၂၀၁၇ | တစ်ပတ်(၂)ကြိမ် ဗုဒ္ဓဟူးနေ့(၁၁း၁၅)နာရီ၊ သောကြာနေ့(၁၉း၁၅)နာရီ |
| ၁၃ | တွေးကြခေါ်ကြပြောင်းလဲကြ | ၂၁-၂-၂၀၁၇ | တစ်ပတ်(၂)ကြိမ် စနေနေ့ (၁၇း၃၅)၊ တနင်္ဂနွေနေ့ (၀၈း၃၅)နာရီ |
| ၁၄ | လူငယ့်အားမာန်အာဆီယံ | ၂၇-၂-၂၀၁၇ | တစ်ပတ်(၂)ကြိမ် တနင်္လာနေ့(၁၃း၁၅)နာရီ ကြာသပတေးနေ့(၁၀း၄၅)နာရီ |
| ၁၂ | သံသာချိုအေးအာဆီယံတေး | ၂၇-၂-၂၀၁၇ | တစ်ပတ်(၂)ကြိမ် တနင်္လာနေ့(၁၃း၁၅)နာရီ ကြာသပတေးနေ့(၁၀း၄၅)နာရီ |
| ၁၃ | မြို့ပြရင်ခုန်သံ(City Beat) အစီအစဉ် | ၁-၁၀-၂၀၁၆ | တစ်ပတ်(၄)ကြိမ် (၀၉း၁၀)နာရီ |
| ၁၄ | အံ့ဖွယ်အာဆီယံ (Wonderful ASEAN) | ၇-၁-၂၀၁၇ | အပတ်စဉ် စနေ၊ တနင်္ဂနွေ (၁၃း၄၀)နာရီ |
| ၁၅ | အာဆီယံခရီးစဉ် (ASEAN Journey) | ၁၄-၁-၂၀၁၇ | အပတ်စဉ် စနေ၊ တနင်္ဂနွေ (၁၃း၄၀)နာရီ |
| ၁၆ | အထူးဟောပြောချက် (Special Talks) | ၁-၄-၂၀၁၆ | နေ့အလိုက် (၀၉း၁၀)နာရီ |
| ၁၇ | ပြည်နယ်နေ့အလိုက် အထူးဟောပြောချက်များ | ၁-၄-၂၀၁၆ | နေ့အလိုက် (၀၉း၁၀)နာရီ |
| ၁၈ | နိုင်ငံခြားအသံလွှင့်ဌာနများနှင့် အစီအစဉ်များ (PRD, NHK, VoA) | ၁-၄-၂၀၁၆ | တစ်ပတ်(၄)ကြိမ်၊ နေ့အလိုက် (၀၉း၁၀)နာရီ၊ (၁၃း၄၀)နာရီ၊ (၂၂း၁၀)နာရီ |
| ၁၉ | Voice of ASEAN - Beyond Boundaries(VOA-BB) အစီအစဉ်များ | ၂၆-၁၀-၂၀၁၆ | တစ်ပတ်(၄)ကြိမ် အပတ်စဉ် စနေည (၂၂း၁၀)နာရီ |
| ၂၀ | လူငယ့်အားမာန်အာဆီယံ အစီအစဉ် | ၃၀-၁-၂၀၁၇ | တစ်လ တစ်ကြိမ် |
| ၂၁ | သံသာချိုအေးအာဆီယံတေး | ၃၀-၁-၂၀၁၇ | တစ်လ တစ်ကြိမ် |
| ၂၂ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းအစီအစဉ် | ၆-၅-၂၀၁၆ | တစ်ပတ်(၂)ကြိမ် စနေနေ့(၁၂း၀၀) နာရီနှင့် (၁၉း၀၀)နာရီ |
| ၂၃ | Online ပေါ်ကသတင်းများ အစီအစဉ် | ၇-၅-၂၀၁၆ | အပတ်စဉ် တနင်္ဂနွေနေ့ (၀၇း၃၀)နာရီနှင့် (၁၈း၃၀)နာရီ |
| ၂၄ | မျက်မှောက်ရေးရာသတင်း အစီအစဉ် | ၇-၅-၂၀၁၆ | အပတ်စဉ်စနေနေ့(၀၆း၄၅) နာရီ နှင့် တနင်္ဂနွေနေ့(၁၅း၀၀)နာရီ |

## အစိုးရသစ်(၁)နှစ်တာသက်တမ်းကာလအတွင်း အသံလွှင့်ဌာနခွဲမှဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲထုတ်လွှင့်မှုများ

| စဉ် | ထုတ်လွှင့်သည့် အစီအစဉ် | စတင်ထုတ်လွှင့် သည့်ရက် | ထုတ်လွှင့်သည့် ဘာသာ | ပုံမှန်ထုတ်လွှင့် သည့်အချိန် |
|---|---|---|---|---|
| ၁ | တိုင်းရင်းသားအစီအစဉ် (၆) ဘာသာ ဗျူရိုများသို့ စေလွှတ်၍ သတင်းရယူနိုင်ခဲ့ခြင်း။ | ၁-၇-၂၀၁၆ | ကယန်း၊ ဂေခို၊ ဂေဘား၊ကိုးကန့်၊ ပအိုဝ်း၊ ဓနု | |
| ၂ | ရက်(၁၀၀)စီမံချက်အရ တိုင်းရင်းသား အစီအစဉ်မှ မူးယစ်ဆေးဝါးဇာတ်လမ်းများကို ထုတ်လုပ်ခဲ့ပါသည်။ | ၁-၈-၂၀၁၆ | ကချင် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၃း၀၀) နာရီ |
| | | | အရှေ့ပိုးကရင်၊ ဝ | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၉း၀၀)နာရီ |
| | | | ကယန်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၄း၀၀)နာရီ |
| | | | ဂေခို၊ ရှမ်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၅း၀၀)နာရီ |
| | | | ဂေဘား၊ ချင်း(လိုင်ဇိုး)၊ | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၆း၀၀)နာရီ |
| | | | အနောက်ပိုးကရင်၊ ရခိုင် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၈း၀၀)နာရီ |
| | | | မွန် ၊ချင်း(ချို) | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၇း၀၀)နာရီ |
| | | | စကောကရင်၊ ကိုးကန့် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၀း၀၀)နာရီ |
| | | | ကယား၊ ပအိုဝ်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၁း၀၀)နာရီ |
| | | | ဓနု | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၂း၀၀)နာရီ |
| ၃ | တိုင်းရင်းသားအစီအစဉ်(၁၇) ဘာသာကို ယခင် (၁)ဘာလျှင် (၁)နာရီ နှုန်း၊ တစ်နေ့ နှစ်ကြိမ် ထုတ်လွှင့်ခဲ့ ရာမှ ယခုအခါ တစ်နေ့တစ်ကြိမ်ကို (၁)နာရီခွဲသို့ ပြောင်းလဲထုတ်လွှင့်ခဲ့ပါသည်။ | ၁၅-၂-၂၀၁၇ | တိုင်းရင်းသား (၁၇)ဘာသာ | နံနက် (၀၆း၀၀)နာရီမှ ည (၂၀း၃၀) နာရီ ထိ |

# တရုတ်အမျိုးသားကွန်ဂရက်၏ (၁၂) ကြိမ်မြောက်ညီလာခံ ပေကျင်း၌ကျင်းပ




**ပေကျင်း မတ် ၆**

တရုတ်အမျိုးသားကွန်ဂရက် (National People Congress-NPC) ၏ (၁၂) ကြိမ်မြောက် ညီလာခံကို မတ် ၅ ရက် နံနက် ၉ နာရီက ပေကျင်းမြို့ရှိ Great Hall of the People ၌ စတင်ကျင်းပသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီခချန်း၊ တရုတ်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များ၊ ပြည်နယ်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက ၂၀၁၆ ခုနှစ်အတွင်း အစိုးရ၏လုပ်ငန်းများကို ပြန်လည်သုံးသပ်ကာ ၂၀၁၇ ခုနှစ် အစိုးရဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် ကိုယ်စားလှယ် ၃၀၀၀ တို့က အစိုးရ၏လုပ်ငန်းအစီရင်ခံစာကို စိစစ်ပြီးမဲပေးဆုံးဖြတ်ကြသည်။

ဝန်ကြီးချုပ် လီခချန်းက အဓိကလုပ်ငန်းစဉ်များဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်မှုလျှော့ချရေး၊ အိမ်ရာမဲ့ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်ရေး၊ ဘဏ္ဍာရေးစနစ်ပြောင်းလဲမှုကို ကောင်းစွာထိန်းချုပ်နိုင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လယ်သမားများ ဝင်ငွေတိုးပွားစေရေး၊ သဘာဝပတ်ဝန်းကျင် ပိုမိုထိန်းသိမ်းလုပ်ဆောင်ရေး၊ တိုင်းရင်းသားအရေး၊ ဘာသာရေးနှင့် ပြည်ပရေးရာကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့သည်။ တရုတ်အမျိုးသားကွန်ဂရက်အား မတ် ၅ ရက်မှ ၁၅ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

## နိုင်ငံတကာမာရသွန်ပြိုင်ပွဲတွင် တူရကီအပြေးသမားတစ်ဦး သေဆုံး

**အန်ကာရာ မတ် ၆**

ယမန်နေ့က ပြုလုပ်ခဲ့သော (၁၂) ကြိမ်မြောက် ရူနတိုလီယာနိုင်ငံတကာ အန်တယ်ရာ မာရသွန်ပြိုင်ပွဲတွင် တူရကီအပြေးသမားတစ်ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းဒိုဂန် သတင်းဌာနက ဖော်ပြခဲ့သည်။

အသက် (၃၆နှစ်)အရွယ်အပြေးသမား ဇေနယ်မူရတ်ဘက်တာသည် ပန်းတိုင် ရောက်ရန် မီတာ၅၀၀ ခန့်အလိုတွင် မြေပြင်ပေါ်သို့ လဲကျခဲ့ပြီး ဆေးအဖွဲ့က အရေးပေါ်ကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသွားရသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်းနှင့် ၎င်းအား ရင်ခွဲစစ်ဆေးပြီးမှသာ သေဆုံးရသည့် အကြောင်းရင်းကို သိနိုင်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ရူနတိုလီယာနိုင်ငံတကာ အန်တယ်ရာမာရသွန်ပြိုင်ပွဲအား အန်တယ်ရာပြည်နယ်တောင်ပိုင်း၌ မတ် ၅ ရက်က (၁၂) ကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ပြီး မာရသွန် တစ်ဝက် အပြေးပြိုင်ပွဲတစ်ပွဲ၊ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲတစ်ပွဲနှင့် မသန်စွမ်း အပြေးပြိုင်ပွဲတစ်ပွဲ ပါဝင်ခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံနှင့် အခြားနိုင်ငံများမှ ကြေးစားအပြေးသမားနှင့် အပျော်တမ်းအပြေးသမား စုစုပေါင်း ၁၁၂၀၀ မာရသွန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ဆင်ဟွာ)

## ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်

**ဆစ်ဒနီ မတ် ၆**

ပါပူဝါနယူးဂီနီနိုင်ငံ ကန်ဒရီယမ်ပြည်နယ် အနောက်မြောက်ဘက် ၃၂ ကီလိုမီတာ တွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိသည့် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ လေ့လာတိုင်းတာရေးအဖွဲ့ ယူအက်စ်ဂျီအက်စ်က မတ် ၆ ရက်တွင် ပြောကြားခဲ့သည်။

ယူအက်စ်ဂျီအက်စ်၏ ပြောကြားချက်အရ အင်အားပြင်းငလျင်သည် ဒေသ စံတော်ချိန် ၉ နာရီ ၄၇ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်သည် မြေပြင်အနက် ၂၈ ကီလိုမီတာကိုဗဟိုပြုကာ လှုပ်ခတ်ခဲ့ကြောင်း ယူအက်စ်ဂျီအက်စ်က ပြောကြားခဲ့ပြီး ယခုအချိန်အထိ ငလျင်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း ပစိဖိတ်ဆူနာမီသတိပေးချက်စင်တာ ဒုတိယညွှန်ကြားရေးမှူး စတော့တ်ဝိန်စတိန်က ပြောခဲ့သည်။

(ဆင်ဟွာ)

## မြောက်ကိုရီးယား ဒုံးကျည်လေးစင်းထပ်မံပစ်လွှတ်

**ဆိုးလ် မတ် ၆**

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၆ ရက်တွင် ပြုံဂမ်ပြည်နယ်မြောက်ပိုင်းဒေသမှ ကိုရီးယားကျွန်းဆွယ်အရှေ့ပိုင်း ပင်လယ်ပြင်သို့ ဒုံးကျည်လေးစင်း ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းညွှန်ကြားရေးမှူးဌာနက ယနေ့နံနက်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၆ မိနစ်တွင် ဒုံးကျည်လေးစင်း ပစ်လွှတ်ခဲ့ပြီး ထိုဒုံးကျည်များသည် ကီလိုမီတာ ၁၀၀၀ အကွာအဝေးထိ ရောက်ရှိခဲ့ကြောင်း၊ ထို့အပြင် အဆိုပါဒုံးကျည်များသည် မြေပြင်မှ ကီလိုမီတာ ၂၆၀ အမြင့်အထိ ရောက်ရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပူးပေါင်းညွှန်ကြားရေးမှူးဌာန ဌာနမှူးက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံမှ ဒုံးကျည်အား တွေ့မြင်ရစဉ်

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဒုံးကျည်ပစ်လွှတ်ခြင်းသည် လက်ရှိကျင်းပလျက်ရှိသော အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်လိုသောကြောင့် ဖြစ်နိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံ လေ့လာရေးသမားများက သုံးသပ်ခဲ့ကြသည်။

၁၉၅၃ ခုနှစ်တွင် ကိုရီးယားကျွန်းဆွယ်စစ်ပွဲရပ်ဆိုင်းပြီးနောက် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်စဉ် အတိုင်းအတာကြီးမားသည့် စစ်ရေးပူးပေါင်းလေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိသည်။ ယခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မတ် ၁ ရက်က စတင်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံက မတ် ၂ ရက်တွင် အပြင်းအထန်ကန့်ကွက်ကြောင်း ကြေညာခဲ့ကာ တင်းမာသည့် တုံ့ပြန်မှုပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## အငြင်းပွားဖွယ် တရားစွဲဆိုစစ်ဆေးမှုများကို ဆီးနိတ်လွှတ်တော်အမတ်များ ဖျက်သိမ်း

**မနီလာ မတ် ၆**

ဖိလစ်ပိုင် ဆီးနိတ်လွှတ်တော်အမတ်များသည် အငြိမ်းစားရဲတပ်ဖွဲ့ဝင်တစ်ဦးက ဒါဗာအိုမြို့၌ ၎င်းမြို့တော်ဝန်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ် သမ္မတဒူတက်တေးလက်အောက်တွင် လက်နက်ကိုင် အရန်တပ်ဖွဲ့အုပ်စုတစ်ခုကို စီမံခန့်ခွဲလျက် သတ်ဖြတ်မှုများလုပ်ဆောင်ခဲ့ကြောင်း တရားစွဲဆိုထားမှုအပေါ် ကြားနာစစ်ဆေးနေမှုကို မြန်မြန်ဆန်ဆန်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ တပ်ဖွဲ့တည်ရှိခဲ့သည်ဟူ၍ ခိုင်လုံသောအထောက်အထားများ ဖော်ပြနိုင်ခြင်းမရှိ၍ ကြားနာစစ်ဆေးမှုကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့အမှုထမ်းဟောင်း အာတူရိုလက်စကာနက်သည် ပြီးခဲ့သည့် အောက်တိုဘာလက ဆီးနိတ်လွှတ်တော်၌ အငြင်းပွားမှုများ ပေါ်ပေါက်လာစေခဲ့သည့် သမ္မတဒူတက်တေး၏ နှိမ်နင်းရေးတပ်ဖွဲ့များက သတ်ဖြတ်မှုများကို လိုအပ်သည်ထက် ပိုမိုလုပ်ဆောင်ခဲ့သည်ဟုဆိုကာ စွပ်စွဲထားမှုများနှင့်ပတ်သက်၍ ထွက်ဆိုရာတွင် လိမ်ညာထွက်ဆိုမှုများ ပြုလုပ်ခဲ့ကြောင်း ဝန်ခံ ခဲ့သည်။ လိမ်ညာထွက်ဆိုရခြင်းအကြောင်းမှာ ၎င်း၏ မိသားစုဝင်များ၏ လုံခြုံမှုအတွက် လိမ်လည်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က စစ်ဆေးသမျှကို ငြင်းဆန်ရန် သတိပေးခြိမ်းခြောက်ခဲ့သည်ဟု ၎င်းကပြောကြားခဲ့သည်။



အာတူရိုက ၎င်းသည်လူ ၃၀၀ ခန့်ကို ကိုယ်တိုင်သတ်ဖြတ်ခဲ့ရကြောင်း ပြောခဲ့သည်။ သို့သော် တနင်္လာနေ့တွင် ထပ်မံပေါ်ထွက်လာသည့် သက်သေအထောက်အထားသစ်များနှင့် သမ္မတဒူတက်တေး၏သစ္စာတော်ခံအချို့ ပါဝင်သည့်လွှတ်တော်အမတ်များက ၎င်းအား ခိုင်လုံသည့် သက်သေအထောက်အထားများ ပေးနိုင်ရန် တောင်းဆိုခဲ့ကြပြီး ၎င်း၏လုပ်ဆောင်မှုအပေါ် စိန်ခေါ်ခဲ့ကြသည်။ **(ရိုက်တာ)**

# MNDAA လက်နက်ကိုင်အဖွဲ့များ လောက်ကိုင်မြို့အား ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပြည်သူများ သေဆုံးဒဏ်ရာရ

**နေပြည်တော် မတ် ၆**

MNDAA လက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လောက်ကိုင်မြို့အား ယနေ့နံနက် ၂ နာရီခန့်တွင် အရှေ့ဘက်မှဝင်ရောက်၍ ပြည်သူများနေထိုင်သည့် အဆောက်အအုံများ၊ တပ်စခန်းများနှင့် ရဲစခန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ရာ ပြည်သူများစွာ ထိခိုက်သေဆုံးဒဏ်ရာရရှိခဲ့ကြပြီး လူနေအဆောက်အအုံများ၊ ဟိုတယ်များနှင့်ကားများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၃၀ ခန့်သည် ရဲဝတ်စုံများ ဝတ်ဆင်အယောင်ဆောင်ကာ လောက်ကိုင်မြို့ ရန်လုံကျိုင်းရဲစခန်းအား နံနက် ၂ နာရီတွင် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်လျက်ရှိကြောင်း၊ ၎င်းနေရာသို့ တပ်မတော်နှင့် နယ်ခြားစောင့်တပ်မှ စစ်ကူစစ်ကြောင်းများ သွားရောက်ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ MNDAA လက်နက်ကိုင်အင်အား ၅၀ ခန့်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အဖွဲ့ဝင် ဦးဝေဆန်း၏နေအိမ်အား ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ နံနက် ၅ နာရီခန့်တွင် တိုက်ပွဲပြီးဆုံးခဲ့ပြီး ပြန်လည်ဆုတ်ခွာသွားကြောင်း၊ နံနက် ၂ နာရီခွဲခန့်ကလည်း လောက်ကိုင်မြို့ရှိ ကျင်းတင်ဟိုတယ်အားဝင်ရောက်ပစ်ခတ်ပြီး ၎င်းဟိုတယ်ရှိ မော်တော်ယာဉ်လေးစီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့ပြင် ဖူလီလိုက်ဟိုတယ်ငွေသိမ်းကောင်တာအား လုယက်ပြီး နံနက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၇ ဘက်သို့ ဆုတ်ခွာသွားရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့သည် လောက်ကိုင်မြို့အား ဝင်ရောက်တိုက်ခိုက်ချိန်နှင့် တစ်ပြိုင်တည်း နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၅ နှင့် ဘီပီ-၁၂၇ အကြားရှိ တပ်မတော် စခန်းများအား အရှေ့ဘက်မှဝင်ရောက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ MNDAA လက်နက်ကိုင်အဖွဲ့များ၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အမက (လောင်အဲချီ) မှ မူလတန်းပြ ဆရာမ ဒေါ်ပြာမီအပါအဝင် ပြည်သူများစွာထိခိုက်ပြီး သေဆုံးဒဏ်ရာရခဲ့ကြောင်း၊ထို့အပြင် ကိုးကန့်ယာဉ်ထိန်းရဲ ငါးဦး၊ ပြည်သူ ငါးဦး သေဆုံးခဲ့ကြောင်းနှင့် ကိုးကန့်ယာဉ်ထိန်းရဲလေးဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကနဦးသတင်းများအရ သိရသည်။



ယင်း MNDAA လက်နက်ကိုင်အဖွဲ့များနှင့်အတူ အခြား လက်နက်ကိုင်အဖွဲ့များလည်း ပူးပေါင်းပါဝင်ကြောင်း၊ MNDAA လက်နက်ကိုင်အဖွဲ့ထံမှ မီးရှို့ထားသည့် အလောင်း ၂၀ နှင့် လက်နက် ၁၀ လက်ခန့်ကို လုံခြုံရေးတပ်များက သိမ်းဆည်းရရှိထားကြောင်းနှင့် တပ်မတော်မှ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးကိစ္စကို ပိုမိုဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံသို့ သံအရာရှိများ တိုးချဲ့စေလွှတ်မည်

**နေပြည်တော် မတ် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် International Labour Organization -ILO တို့ပူးပေါင်း၍ ILO Triangle Project ၏အစီအစဉ်ဖြင့် အလုပ်သမား သံအရာရှိများအတွက် ရွှေ့ပြောင်းအလုပ် သမား စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို မတ် ၆ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ တံ့ဂပူရိဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က အဆိုပါဟိုတယ်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ILO မှ Chief Technical Advisors, Ms. Jacqueline Pollock တို့က သင်တန်းအဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသည် ဝန်ကြီးဌာန၏ Human Resource Development အတွက် Capacity Building သင်တန်းတစ်ခုဖြစ်သည်။

ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများ၏အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အလုပ်သမားဆိုင်ရာ အကျိုးခံစားခွင့်များနှင့် ကာကွယ်စောင့်ရှောက်မှုများ တိုးမြှင့်ရရှိခံစားနိုင်ရေး၊ အလုပ်ရှင်များ၏ မတရားခေါင်းပုံဖြတ်ခြင်းမှ အကာအကွယ်ပေးနိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာများ ပိုမိုဖြေရှင်းပေးနိုင်ရေးနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်လာစေရေးတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်းများအား မြန်မာအလုပ်သမားအများဆုံးရှိသော နိုင်ငံများသို့ အလုပ်သမားသံအရာရှိများအဖြစ် စေလွှတ်တာဝန်ပေးအပ်လျက်ရှိသည်။

မြန်မာအလုပ်သမားအများဆုံးရောက်ရှိလုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမား သံအရာရှိတစ်ဦးစီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ် သမားဝန်ကြီးဌာနတို့အကြား အလုပ်လုပ် ကိုင်ခွင့်စနစ်အရ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်သမားသံအရာရှိတစ်ဦးကို တာဝန်ပေးခန့်ထားလျက်ရှိပြီး မြန်မာအလုပ်သမားအများဆုံးသွားရောက်သည့် ထိုင်းနိုင်ငံသို့ အလုပ်သမားသံအရာရှိသုံးဦးနှင့် ထိုင်း-မြန်မာ စကားပြန်တစ်ဦးကို မကြာမီ ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာ ထမ်းများနှင့် သင်တန်းသား အရာထမ်း စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

# မကွေးနှင့် ဂျိုဟိုးဒါရူးလ်တို့၏ AFC Cup ပွဲအတွက် သတင်းစာရှင်းလင်း

၂၀၁၇ AFC Cup ပြိုင်ပွဲအုပ်စု (F) ဒုတိယပွဲဖြစ်သည့် မြန်မာကလပ် မကွေးအသင်းနှင့် မလေးရှားကလပ်ဂျိုဟိုးဒါရူးလ်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက MFF ရုံး၌ ကျင်းပသည်။

မကွေးအသင်းနည်းပြချုပ် ဦးဇော်ဝင်းထွန်းက "ဂျိုဟိုးဒါရူးလ်အသင်းဟာ ၂၀၁၅ ပြိုင်ပွဲမှာ ဗိုလ်စွဲထားတဲ့အသင်းဖြစ်ပြီး အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ခုယှဉ်ပြိုင်ပြီဆိုရင် ရာသီဥတုအနေအထားတွေ၊ အိမ်ကွင်း၊ အဝေးကွင်းတွေ မရှိတော့ပါဘူး။ ပွဲတိုင်းက အရေးပါလာပါပြီ။ ဂလိုဘယ်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ပထမပွဲမှာ ကြိုးစားကစားခဲ့ပေမယ့် အဆုံးသတ် ဂိုးသွင်းအားနည်းလို့ ရှုံးခဲ့ရတာပါ။ ဒီပွဲမှာ အမှတ်ရဖို့ သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့က ဒီရာသီမှာ ပြည်တွင်းပြိုင်ပွဲနှစ်ခုအပါအဝင် ပြိုင်ပွဲသုံးခုအတွက် ပြင်ဆင်နေရတာပါ။ ပြိုင်ပွဲတိုင်းကို အာရုံစိုက်ပြီး ယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

ဂျိုဟိုးဒါရူးလ်အသင်းနည်းပြချုပ် ဘင်ဂျာမင်မိုရာက "ပထမပွဲမှာ အနိုင်ရခဲ့ပေမယ့် လိုအပ်ချက်တွေ ရှိပါသေးတယ်။ ပထမပွဲထက် ပိုကောင်းလာအောင် ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့က အုပ်စုပထမရဖို့ ရည်ရွယ်ထားတာကြောင့် ပွဲတိုင်းကို အနိုင်ရအောင် ပြင်ဆင်သွားမှာပါ။ အုပ်စုပထမရဖို့အတွက် အိမ်ကွင်းရော အဝေးကွင်းပွဲစဉ်တွေပါ အရေးကြီးပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ရဲ့ ရာသီဥတုက ပူပြင်းပါတယ်။ ညနေ ၃ နာရီခွဲတွင် ကစားရမှာဆိုတော့ အနည်းနဲ့အများကျတော့ သက်ရောက်မှုရှိနိုင်ပါတယ်။ ကျွန်တော်တို့အသင်းမှာ မလေးရှားလက်ရွေးစင် ကစားသမားတွေရော လူငယ်လက်ရွေးစင်ကစားသမားတွေ အများကြီးပါလာပါတယ်။ မကွေးအသင်းရဲ့ကစားပုံကို လေ့လာထားပြီး နောက်တန်းကစားပုံလည်း ကောင်းပါတယ်။ တိုက်စစ်မှူးဆယ်လာကတော့ သတိထားရမယ့် ကစားသမားပါ။ မကွေးအသင်းက ကျွန်တော်တို့အသင်းကို အခက်တွေ့အောင် လုပ်နိုင်ပါလိမ့်မယ်" ဟု ပြောကြားသည်။ မကွေးအသင်းသည် အုပ်စု (F) တွင် ဂျိုဟိုးဒါရူးလ် (မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)၊ အန်ကော (ကမ္ဘောဒီးယား) တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပထမပွဲတွင် ဂလိုဘယ်အသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မကွေးအသင်းနှင့် ဂျိုဟိုးဒါရူးလ်အသင်းသည် မတ် ၇ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဂျိုဟိုးဒါရူးလ်သည် အဖွင့်ပွဲတွင် အန်ကောအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

**ညီမြတ်သော်တာ**




# ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံး

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ရပ်ကွက် ၁ အနီး ချောင်းစပ်၌ မတ် ၅ ရက် ညနေ ၆ နာရီခွဲက လူတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဓားဒဏ်ရာများဖြင့် သေဆုံးနေသူမှာ ဘူးသီးတောင်မြို့နယ် ဆင်အိုးပြင်ကျေးရွာနေ ဇာမာတူဆိန်း (၃၂ နှစ်) ဖြစ်ပြီး ၎င်း၏ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာ၊ ဦးခေါင်းနောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်၊ ပေါင်နှင့် ညာလက်သူကြွယ်တို့တွင် ပြတ်ရှဒဏ်ရာများတွေ့ရှိခဲ့သဖြင့် သေဆုံးသူအား ဘူးသီးတောင်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းသေဆုံးမှုနှင့်ပတ်သက်၍ တောင်ဘဇာနယ်မြေရဲစခန်း၌ အမှုဖွင့်ပြီး စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၆**

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲဆုပေးပွဲကို ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်အားကစားကွင်းအမှတ်(၁)၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်မောင်သန်း၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အသက် (၁၀ နှစ်)နှင့်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၂နှစ်)နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄နှစ်)နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၆နှစ်)နှင့်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အသက်(၄၅နှစ်)နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၄၅ နှစ်)အထက် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက်(၆၀ နှစ်)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် အသက် (၆၀ နှစ်)နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား-အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် ကျသောအားကစားသမားများအား ဆုတံဆိပ်နှင့်အတူ ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# အမ်းမြို့ ကဇူးကိုင်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကဇူးကိုင်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက နေအိမ်နှစ်လုံး မီးလောင်ကျွမ်းပြီး ငွေကျပ် ၆၅ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



အမ်းမြို့နယ် ကဇူးကိုင်းကျေးရွာနေ ဒေါ်မဲရင်၏ နေအိမ်၌ ယနေ့ နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က မီးဖိုချောင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဒေါ်မဲရင်၏ ခနိမိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းထားသည့် နေအိမ်နှင့် ကပ်လျက်ရှိသည့် ဦးတင်အုန်း၏ ခနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းနေအိမ်အား ကူးစက်လောင်ကျွမ်းခဲ့ရာ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၆၅ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်မဲရင်အား အမ်းမြို့ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# နတ်မြစ်အတွင်း မသင်္ကာဖွယ်စက်လှေတစ်စင်းနှင့် လူ ၂၈ ဦး ဖမ်းဆီးရမိ

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့အနီး နတ်မြစ်အတွင်း မတ် ၅ ရက် ညပိုင်းက မသင်္ကာဖွယ် စက်လှေတစ်စင်းနှင့်အတူ လူ ၂၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်ခြားစောင့် ရဲတပ်ဖွဲ့သည် မောင်တောမြို့နယ် သရေကုန်တန်းကျေးရွာအုပ်စု တုံးချောင်းနှင့် နွားမျက်တောင်ချောင်း အနောက်တောင်ဘက် တစ်မိုင်ခန့်ရှိ နတ်မြစ်အတွင်း ရေယာဉ်ဖြင့် ကင်းလှည့်နေစဉ် မတ် ၅ ရက် ည ၉ နာရီခွဲခန့်က မသင်္ကာဖွယ် ခိုးဝင်စက်လှေတစ်စင်း တွေ့ရှိသဖြင့် ဖမ်းဆီးရာ ယင်းစက်လှေပေါ်မှ တစ်ဖက်နိုင်ငံသို့ တရားမဝင်ထွက်ခွာမည့် အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ၂၈ ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့မ ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊**
**အေးမင်းသူ**

## မီးဘေးရှောင် မလောင်ခင်တား

# ကျွန်းစုမြို့နယ် ပင်လယ်ပြင်၌ စပီဘုတ်နှင့် ကင်းမွန်မီးထွန်းလှေတို့ တိုက်မိ

**မြိတ် မတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာအနီး ပင်လယ်ပြင်၌ မတ် ၅ ရက် နံနက် ၁၀ နာရီခန့်က စပီဘုတ်နှင့် ကင်းမွန်မီးထွန်းလှေတို့ တိုက်မိမှုဖြစ်ပွားခဲ့ရာမှ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာအနီး ပင်လယ်ပြင်၌ မတ် ၅ ရက် နံနက် ၁၀ နာရီခန့်က ပုလော မြို့နယ် သကျက်ကမ်းကျေးရွာနေ ဦးမြင့်စိုး(၄၁နှစ်)စက်ဆရာ လှေပိုင်ရှင် ပိုင်ဆိုင်သည့် ကင်းမွန်မီးထွန်းလှေအား ပဲ့နင်း ဇင်ကိုအောင်က ဒုံးညောင်မှိုင်းရွာအနီး ပုလဲစခန်းဘက်သို့ ဦးတည်ခုတ်မောင်းစဉ် မြိတ်မြို့ နောက်လယ်ရပ်ကွက် (၇) လမ်းနေ ဦးဇင်မောင်မောင် (MERGUIDOLPHIL) ကုမ္ပဏီမှ ပိုင်ဆိုင်သည့် အလျား ၁၇ ပေ၊ ဇောက် ၁၀ ပေ၊ မြင်းကောင်ရေ ၂၀၀ ရာမဟာ စက်နှစ်လုံး၊ ဖိုင်ဘာအမျိုးအစား အဖြူရောင်စပီဘုတ်အား ပဲ့နင်းဇိမ်ဒွန်း (၂၂နှစ်) မြို့သစ်တံတားဦးရပ်နေသူက မောင်းနှင်ပြီး သုခပြည့်စုံကုမ္ပဏီမှ ကျွန်းများအား သွားရောက်လည်ပတ်သည့် ခရီးသည် ၂၇ဦး တင်ဆောင်မောင်းနှင်လာစဉ် ဒုံးညောင်မှိုင်းကျေးရွာအနီး ပင်လယ်ပြင်၌ ဘုတ်ပေါ်ပါရှိသည့် ခရီးသည်များက ဦးပိုင်းတွင် ပိတ်၍ ထိုင်နေခြင်း၊ မတ်တတ်ရပ်၍ ဓာတ်ပုံရိုက်နေခြင်းတို့ကြောင့် မြင်ကွင်းပိတ်ကာ ရှေ့မှ မောင်းနှင်နေသော ပဲ့နင်း ဇင်ကိုအောင်မောင်းနှင်သည့် ကင်းမွန်မီးထွန်းလှေအား အနောက်ဘက်မှနေ၍ ယာဘက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။




ယင်းသို့ ဝင်ရောက်တိုက်မိမှုကြောင့် ကင်းမွန်မီး ထွန်းလှေပဲ့နင်း ဇင်ကိုအောင် (၂၉နှစ်) တွင် (စိုးရိမ်ရ)၊ ပေါင်းမိုးပေါ်၌ လိုက်ပါလာသည့် လှေရှင်ဦးမြင့်စိုး၌ နာကျင်ဒဏ်ရာ (မစိုးရိမ်ရ)နှင့် စပီဘုတ်ပေါ်၌ လိုက်ပါလာသည့် ဦးမြင့်စိုး (၆၄နှစ်) တွင် ဒဏ်ရာ (စိုးရိမ်ရ) တို့ ရရှိခဲ့သဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်အား မဆင်မခြင်မောင်းနှင်သူ စပီဘုတ်ပဲ့နင်း ဇိမ်ဒွန်းမြို့သစ် တံတားဦးရပ် မြိတ်မြို့နေသူအား မြိတ်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် အောက်ဖော်ပြပါဈေးများမှ ဆိုင်ခန်းရှင်များသည် ယင်းတို့နှင့်ပူးတွဲဖော်ပြပါအချက်အလက်များအတိုင်းပြောင်းလဲမှတ်ပုံတင်လိုကြောင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့် အတူ ဤရုံးသို့ တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ ၁၄ ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူလားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကလျှောက်ထားသူအမည်အတိုင်းမှတ်ပုံတင်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန ဆိုင်ခန်းအမည်ပြောင်းခြင်း**

| စဉ် | ဈေးအမည် | မူလဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မြို့မဈေး | ၂/၂၂ | ဒေါ်မင်ဆီထုပ် | ၁၃/လရန(နိုင်)၀၆၁၅၂၀ | ရ. က(၁၂)၊န. မ(၁၇)၊လားရှိုးမြို့ | ဒေါ်မေမေခင် | ၁၃/လရန(နိုင်)၀၂၃၆၆၁ | ရ. က(၇)၊န. မ(၁၀)၊လားရှိုးမြို့ |
| ၂ | | ၂/၂၃ | ဒေါ်ချောက်စော် | ၁၃/လရန(နိုင်)၀၆၅၄၉၉ | ရ. က(၄)၊န. မ(၄) ၊လားရှိုးမြို့ | ဒေါ်မေမေခင် | ၁၃/လရန(နိုင်)၀၂၃၆၆၁ | ရ. က(၇)၊န. မ(၁၀)၊လားရှိုးမြို့ |
| ၃ | ။ | ၂/၆၇ | ဒေါ်ကြူကြူသန်း | ၁၃/လရန(နိုင်)၀၁၈၄၇၄ | ရ. က(၄)၊န. မ(၃)၊ လားရှိုးမြို့ | ဒေါ်စန္ဒာထွေး | LSO-၁၈၃၇၆၄ | ရ. က(၇)၊န. မ(၅)၊လားရှိုးမြို့ |
| ၄ | ။ | ၃/၃၉ | ဒေါ်ရန်ကွေမေ | ၁၃/လရန(နိုင်)၀၅၈၀၀၉ | ရ. က(၅)၊န. မ(၁၁)၊လားရှိုးမြို့ | ဒေါ်ကျောင်ရီတီ | ၁၃/လရန(နိုင်)၁၁၉၈၉၄ | ရ. က(၅)၊န. မ(၁၄)၊လားရှိုးမြို့ |
| ၅ | ။ | ၃/၂၂၉ | ဦးရှင်းလင် | ၁၃/လရန(နိုင်)၀၆၅၀၉၅ | ရ. က(၃)၊န. မ(၁၂)၊ လားရှိုးမြို့ | ဒေါ်ကျောက်ကျင်ရှိုး | ၁၃/လရန(နိုင်)စ၈၆၆၆၄ | ရ. က(၇)၊န. မ(၅)၊လားရှိုးမြို့ |
| ၆ | ။ | ၃/၂၉၅ | ဒေါ်လောင်းခွေ | ၁၃/လရန(နိုင်)၁၁၀၉၇၉ | ရ. က(၅)၊န. မ(၁၉ )၊လားရှိုးမြို့ | ဒေါ်စန်းစန်းဝင်း | ၁၃/လရန(နိုင်)၁၁၆၈၈၈ | ရ. က(၅)၊န. မ(၁၆)၊ လားရှိုးမြို့ |
| ၇ | ။ | ၃/၂၉၆ | ဒေါ်လောင်းခွေ | ၁၃/လရန(နိုင်)၁၁၀၉၇၉ | ရ. က(၅)၊န. မ(၁၉ )၊လားရှိုးမြို့ | ဒေါ်ချင်ဖန် | LSO-၂၀၄၂၀၃ | ရ. က(၅)၊န. မ(၁၃)၊ လားရှိုးမြို့ |
| ၈ | ။ | ည/၈ | ဒေါ်မြင့်ရီ | ၁၃/ကမန(နိုင်)၀၅၈၀၄၉ | ရ. က(၃)၊န. မ(၆)၊ လားရှိုးမြို့ | ဦးအဇစ် | ၁၃/လရန(နိုင်)၀၈၈၉၃၆ | ရ. က(၆)၊န. မ(၂ )၊ လားရှိုးမြို့ |
| ၉ | ။ | ထ-၁/၇၀ | ဒေါ်ဝင်းဝင်းမော် | ၁၃/လရန(နိုင်)၁၀၅၉၇၀ | ရ. က(၅)၊န. မ(၈)၊ လားရှိုးမြို့ | ဒေါ်ခင်မိုးသန့် | ၁၃/လရန(နိုင်)၀၈၀၆၆၅ | ရ. က(၅)၊န. မ(၈ )၊ လားရှိုးမြို့ |
| ၁၀ | ။ | ၃/၂၅ | ဦးလီစုန်ဖေ | ၁၃/လရန(နိုင်)၀၇၄၉၂၀ | ရ. က(၂)၊န. မ(၁၃)၊ လားရှိုးမြို့ | Yan Shwe Yin | ၁၃/လရန(ပြု)၀၀၀၅၁၂ | ရ. က(၈)၊န. မ(၁၄)လားရှိုးမြို့ |
| ၁၁ | မန်ဆူဈေး | ရုံ-B/၆၂၆၃၊၆၄ | ဦးမျိုးမင်းဇော်(ခ)ဘိုဘို | ၁၃/လရန(နိုင်)၀၈၂၈၇၀ | ရ. က(၁)၊န. မ(၄ )၊ လားရှိုးမြို့ | ဦးထန်တယ်လျန်(ခ)တင်လှိုင် | ၁၃/ကမန(နိုင်)၀၂၃၄၅၃ | ရ. က(၇)၊န. မ(၁၂ )၊ ကျောက်မဲမြို့ |
| ၁၂ | ။ | SH.H/၆ | ဦးလှမောင် | ၁၃/လရန(နိုင်)၀၉၀၇၁၈ | ရ. က(၄)၊န. မ(၁)၊လားရှိုးမြို့ | ဦးမြင့်လွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၉ | ရ. က(၃)၊န. မ(၉) လားရှိုးမြို့ |
| ၁၃ | ။ | SH.H/၇ | ဦးလှခင် | ၁၃/ကခန(နိုင်)၀၁၀၀၁၇ | ရ. က(၅)၊ တာမိုးညဲမြို့နယ်ခွဲ | ဦးမြင့်လွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၉ | ရ. က(၃)၊န. မ(၉) လားရှိုးမြို့ |
| ၁၄ | ။ | SH.H/၈ | ဦးခင်မောင် | ၁၃/ကခန(နိုင်)၀၁၂၃၀၃ | ရ. က(၄)၊ န. မ(၁)၊ကွတ်ခိုင်မြို့ | ဦးမြင့်လွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၉ | ရ. က(၃)၊န. မ(၉) လားရှိုးမြို့ |
| ၁၅ | ။ | SH.H/၉ | ဦးအောင်ကျော် | ၁၃/လရန(နိုင်)၀၀၁၀၂၃ | ရ. က(၃)၊န. မ(၉) လားရှိုးမြို့ | ဦးမြင့်လွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၉ | ရ. က(၃)၊န. မ(၉) လားရှိုးမြို့ |



GP BATTERY EXPERTS
(နယ်ကိုယ်စားလှယ်ယူလိုသူများနှင့်
လက်ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။)
ZAR & ZAR Co.,Ltd. ဖုန်း (01)8604552, 8604553, 8604554

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၉)**
**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်း တိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံ ဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန် ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်း သတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၌ ပြည်တွင်း အခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန် ကျေပွန်သည့်နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့်ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်း မပြုရ။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဇယား (၁)

**၂၀၁၇ - ၂၀၁၈ခုဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၂,၇၁၂,၆၆၆.၈၈၄ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀.၃၁၁ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၇၅၂,၄၄၃.၂၃၂ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၅,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၄၇,၃၅၆.၂၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၇၀,၅၈၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၄၇,၆၈၉.၃၁၂ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၆၄၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၇၁၇.၈၄၀ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၈၇,၂၉၉.၉၃၁ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | ၂,၃၈၂,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၈၂,၀၀၀.၀၀၀ |
| ၃ | | | **အကောက်ခွန်** | ၄၉၀,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၄၉၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၈၉၆,၃၄၂.၀၀၆ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၁.၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၉၅.၁၁၈ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၂၉၆.၇၇၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း၊ တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၃.၈၅၅ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၅၀၃.၈၀၀ |
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၂၇၈,၆၂၃.၀၈၆ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၂၇,၁၄၃.၅၄၂ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၅၇၆,၂၄၈.၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၀,၄၂၆.၃၂၀ |
| | | | **စုစုပေါင်း** | **၆,၄၈၁,၀၀၈.၈၉၀** |

## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် မတ် ၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် အမှတ်(၁)စည်ပင်သာယာဈေးကြီးနှင့် မြိုင်ရတနာ လေးထပ်ဈေးကြီးတို့တွင် ပြည်နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထိုက်ကြီးကြပ်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲအောင်နှင့် တာဝန်ရှိသူများက မီးငြှိမ်းသတ်ရေးစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို မတ် ၄ ရက်က လိုက်လံစစ်ဆေးခြင်း၊ မီးလောင်မှုဖြစ်ပွားလာပါက အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ငြှိမ်းသတ်ဆောင်ရွက်နိုင်ရေးအတွက် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုနှင့် မီးငြှိမ်းသတ်ရေးအတွက် ရေအဆက်မပြတ်ရယူနိုင်ရန် သံလွင်မြစ်မှ အပေါ့စား မီးသတ်စက်များဖြင့် တိုက်ရိုက်ရေပေးပို့မှု လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ၊ ဈေးများတွင် လည်း မီးသတိပြုစေရေးနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဟောပြောခြင်းများကို ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ဆေးဝါးအတု၊ စံချိန်မမီဆေးဝါးနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများ ရောင်းချမှုရှိ မရှိကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မုံရွာ) တာဝန်ခံဒေါက်တာလှဝင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများက မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့စဉ်**
မင်းခန့်စိုး(ဇေယျာမြေ)



# ကော့သောင်းမြို့ခံရေလုပ်သားများ ပင်လယ်ရေခူ ( Jellyfish)များ လှိုင်လှိုင်ပေါ်၍ ဝင်ငွေကောင်း

**ကော့သောင်း မတ် ၆**

ကော့သောင်းမြို့တွင် မတ်လ လဆန်းပိုင်းမှစ၍ (Jellyfish)ခေါ် ပင်လယ်ရေခူများ မြို့နှင့်မနီးမဝေး ပါချန်မြစ်ဝ အက်ဒမန်ပင်လယ်ရေပြင် တစ်ဝိုက် လှိုင်လှိုင်ပေါ်နေကြပြီဖြစ်ရာ မြို့ခံ ရေလုပ်သားများ ဖမ်းဆီးခပ်ယူလျက်ရှိကြောင်း သိရသည်။

ပင်လယ်ရေခူ ( Jellyfish) များသည် မြန်မာ့ပင်လယ်ပြင်တွင် ပင်လယ်ရေစီးကြောင်းပြောင်းလဲလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် ထက်သို့တက်လာကြခြင်းဖြစ်ပြီး ပုံမှန်မဟုတ်ပဲတစ်နှစ်အတွင်း တစ်ကြိမ်မက ပေါ်လာလေ့ရှိကြောင်း၊ နေသာသည့်နေ့များမှလွဲလျှင် မိုးအုံ့သည့်နေ့များတွင် ပင်လယ်ရေခူများ ပေါ်လာလေ့မရှိကြောင်း၊ ပင်လယ်ပြင်အတွင်း သဘာဝအလျောက် ပေါ်ပေါက်လာသည့် ပင်လယ်ရေခူ ( Jellyfish) များအား လှေငယ်လေးများဖြင့် လိုက်လံခပ်ယူ စုဆောင်း၍ ဒေသခံရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းခွင့် လုပ်ငန်းလိုင်စင် ရယူထားသည့် အသေးစားရေလုပ်ငန်းရှင် အဝယ်ဒိုင်များသို့ လာရောက်ရောင်းချခြင်းဖြစ်ကြောင်း ပြုပြင်ပြီးသား ပင်လယ်ရေခူ (Jellyfish) ကုန်ချောများ အိမ်နီးချင်းထိုင်းနိုင်ငံ ဈေးကွက်မှ တစ်ဆင့် အမေရိကနှင့် ဥရောပနိုင်ငံ ဈေးကွက်များအထိ ရောင်းဝယ်ကြကြောင်း သိရသည်။



ရေခူ( Jellyfish) အစိုတစ်လုံးလျှင် ထိုင်းဘတ်ငွေ လေးဘတ်မှ ငါးဘတ်၊ မြန်မာငွေကျပ် ၂၀၀၀ အထိ ရောင်းချရရှိကြပြီး ရေခူခပ်လှေငယ်တစ်စင်းလျှင် လုပ်သားသုံးဦး လုပ်အားဖြင့် တစ်နေ့လျှင် ရေခူအလုံးရေ ၆၀၀ မှ ၈၀၀ လုံးအထိ ခပ်ယူရရှိရာ လုပ်သားတစ်ဦး တစ်နေ့ဝင်ငွေ ကျပ်တစ်သိန်းကျော်အထိ ဝင်ငွေရကြသဖြင့် မြို့ခံ ရေလုပ်သားမိသားစုများ ဝင်ငွေတိုး၍ မိသားစုစားဝတ် နေရေးအထိုက်အလျောက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အရှုံးနှင့်ရင်ဆိုင်နေရသော မုံရွာစာအုပ်အငှားဆိုင်အားလုံးနီးပါး ပိတ်သိမ်း

**မုံရွာ မတ် ၆**

ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်းစသည်တို့ ငှားရမ်းပေးနေသော မုံရွာမြို့မှ စာအုပ်အငှားဆိုင်များအနေဖြင့် အရှုံးနှင့်ရင်ဆိုင်နေရသောကြောင့် အားလုံးနီးပါး ပိတ်ကာ အလုပ်ပြောင်းကုန်ကြပြီဖြစ်ကြောင်းစာအုပ်အငှားဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

ယခုတွင် မဂ္ဂဇင်းတစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ နှင့် ငွေကျပ် ၅၀၀၀ ကြားပေး၍ ဝယ်ယူကာ ပြန်ငှားလျှင် တစ်ရက် ငွေကျပ် ၃၅၀ နှုန်းဖြင့် နှစ်ဦး (သို့) သုံးဦးသာ ငှားရပြီး အရင်းမရသည့်အပြင် အရှုံးဖြင့်သာ ရင်ဆိုင်နေကြခြင်းကြောင့် မုံရွာတွင် စာအငှားဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် ပိတ်သိမ်းလိုက်ရသည်က များလာကြောင်း သိရသည်။

“အရင်ကဆိုရင် စာအုပ်ငှားကြတာအားရစရာပါ။ မဂ္ဂဇင်းတစ်အုပ်ထွက်ရင် လုငှားကြတော့ စာအုပ်အပိုဝယ်တင်ကြရတယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်း၊ ဂမ္ဘီရမဂ္ဂဇင်းနဲ့ ခနမဂ္ဂဇင်းတို့ဆိုရင် အငှားများတဲ့အတွက် ငါးအုပ်၊ ခြောက်အုပ်လောက်တင်ရတယ်။ ငှားအားအကောင်းဆုံး နက္ခတ္တရောင်ခြည်ဆိုရင် ၁၂ အုပ်အထိ တင်ရတယ်။ တင်သမျှလည်း ငှားရတော့ များများတင်လေ များများမြတ်လေ ဆိုတော့လုပ်ရတာ ပျော်တယ်။ လုပ်အားရှိတယ်။ နောက်ပိုင်းစာအုပ်ဈေးက တဖြည်းဖြည်းမြင့်လာပြီး ငှားမယ့်သူကနည်းလာတော့ အရှုံးနဲ့ရင်ဆိုင်လာရတယ်။ အခြေအနေများပြောင်းလဲသွားဦးမလားဆိုပြီး စောင့်ရင်းမျှော်လုပ်ကြည့်ရာက ဘယ်လိုမှမတတ်နိုင်တဲ့ အဆုံးမှာမှ ဆိုင်ကို ဖြုတ်ပစ်လိုက်ရတာပါ။ မဂ္ဂဇင်းတစ်အုပ် ငွေကျပ် ၄၀၀၀ ကျော်ရင်းရင်ပြန်ရတာ ငွေကျပ် ၁၀၀၀ တောင်မပြည့်တော့ စားဖို့နေနေသာသာ စာအုပ်အရင်းတောင်မရတော့တဲ့အထိ အခြေအနေက ဆိုးလာလို့ ပိတ်လိုက်ရတာပါ”ဟု စာအုပ်အငှားဆိုင်ဖွင့်ခဲ့သူတစ်ဦးက ပြောပြသည်။

စာအုပ် အငှားဆိုင်များ ပျောက်ကွယ်လာရခြင်း၏ အကြောင်းရင်းသည် စာမဖတ်နိုင်လောက်အောင် ဝမ်းရေးအတွက် ရှာဖွေနေရသောကြောင့်ဖြစ်သလို ခေတ်အလိုအရ သုံးစွဲလာကြသော အင်တာနက်လိုင်းများကြောင့် စာအုပ်အငှားစနစ်သည်နာလန်မထူနိုင်အောင် လဲကျရခြင်းဖြစ်ကြောင်း မုံရွာမြို့ခံ စာရေးဆရာတစ်ဦးက သူ့အမြင်ကို ပြောသည်။ နာလန်မထူနိုင်အောင် လဲကျနေသော စာအုပ်အငှားဆိုင်များ၏နေရာကို စက်ဘီး၊ ဆိုင်ကယ်ကားများဖြင့် နေအိမ်အရောက် လှည့်လည်စာအုပ်ငှားရမ်းပေးသောစနစ် ထွန်းကားလာနေရာ အဆိုပါစနစ် ပြန်လည် တိမ်ကောမသွားရန် အားလုံး ဝိုင်းဝန်းထိန်းသိမ်းကာ ပံ့ပိုးဆောင်ရွက်မှသာအမှန်တကယ်စာအုပ်ဖတ်ချင်သူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ စာအုပ်အငှားဆိုင်များ ပိတ်သိမ်းခြင်းများသောကြောင့် စာအုပ်အရောင်းဆိုင်များ အနေဖြင့်လည်း ရောင်းအားမှာ ခါးပြတ်၍ သိသိသာသာ ကျဆင်းလျက်ရှိပြီး ရောင်းအားကို ရာသီအလိုက် စာအုပ်ဈေးပွဲတော်များဖြင့် တွဲဖက်ချိတ်ဆက်ကာ အရောင်းကို ပြန်လည်မြှင့်တင်နေရသလို နေ့စဉ်ထုတ် သတင်းစာရောင်းအားကို အများနှင့်ယှဉ်ကာ ချိန်ညှိထိုးဖောက်နေရကြောင်း မုံရွာ ညီညီစာပေပိုင်ရှင် ကိုညီညီ ထံမှ သိရသည်။

“အခုချိန်မှာ မဂ္ဂဇင်းမပြောနဲ့ အပတ်စဉ်ထုတ် ဂျာနယ်တွေတောင် ဈေးကွက်အကျဘက်ကို ဦးတည်နေပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေ ရောင်းအားတက်အောင်လုပ်ရင်း ဈေးကွက်ဖာနေရတာပေါ့။ ဟိုတုန်းက မဂ္ဂဇင်းတွေ ရောင်းအားကောင်းပြီး တစ်ခေတ်ဖြစ်ခဲ့တာ။ အရင်က တစ်လကို ၁၂ အုပ်လောက် ငှားရတဲ့ မဂ္ဂဇင်းတောင် အခုမှာ မလွယ်ဘူးဖြစ်နေပါတယ်”ဟုဧင်းက ဆက်လက်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီနှင့် ရာသီဥတုပူပြင်းသော အချိန်ကာလများတွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုများပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက် ခြင်း၊ ချွေးခြောက်၍ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်ပါသည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲနှင့်အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်များတွင် ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) နေ့ခင်းအချိန်၊ အမိုးအကာမရှိသောနေရာများတွင် ကာလရှည်ကြာစွာ လုပ်ငန်းဆောင်ရွက်ရသူများနှင့် အပူနှင့်ထိတွေ့ရသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော လုပ်သားများအနေဖြင့် အပူချိန်ပြင်းထန်သောအချိန်တွင် အရိပ်ရအေးမြ သောနေရာများ၌ အနားယူသင့်ပါသည်။
(၅) ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးဂေဟာများနှင့် နေ့ကလေးထိန်းကျောင်းများအနေဖြင့် အဆောက်အအုံများအား လေဝင်လေထွက်ကောင်းအောင် စီစဉ်ဆောင်ရွက်ပါ။ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ကုသနိုင်ရန် အစီအမံများချမှတ်ပါ။
(၆) အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်ကာလတွင် ခရီးသွားခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ပါ။
(၇) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းတို့ကြောင့် အထူးရှောင်ကြဉ်ပါ။
(၈) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၉) အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၁၀) ခန္ဓာကိုယ်အတွင်း ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်သောက်သုံးပါ။
(၁၁) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၂) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။ ကိုယ်အပူချိန်အမြန်ကျဆင်းလာစေရန် လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက် စုစုပေါင်း ငါးနေရာတွင် ရေအေးဖတ်ကိုကပ်ပါ။ ရေများများသောက်ခိုင်းပါ။
(၁၃) အပူဒဏ်ကြောင့် နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်းနှင့် သတိလစ်ခြင်းများဖြစ်ပေါ်ပါက အသက်အန္တရာယ်ရှိနိုင်၍ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကုသပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်ရေးဆပ်ကော်မတီက ကြီးမှူး၍ လူသစ်တန်းကာယဗလမောင်ပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် လူသစ်တန်းကာယဗလမောင် အားကစားသမားများသည် မတ် ၂၄ ရက်နောက်ဆုံးထား၍ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုကော်မတီရုံး ကာယလေ့ကျင့်ရေးခန်းမအတွင်းရေးမှူး ဖုန်း-၀၉- ၂၀၆၀၀၉၆၊ ၀၉-၄၄၄၀၂၀၈၀၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အဆိုပါပြိုင်ပွဲသို့ ရွှေမန်းမောင်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း အတွင်းရေးမှူးထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စာပေမြင့်မှ လူမျိုးတင့်မည်

# အထူးစံပြ မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဆက်စပ်တည်း ဧက ၁၀၀ စိုက်ပျိုးရေး မျိုးစေ့ချပွဲကျင်းပ

**မိတ္ထီလာ မတ် ၆**

မိတ္ထီလာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ အထူးစံပြ မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဆက်တည်း ဧက ၁၀၀ စိုက်ပျိုးရေး မျိုးစေ့ချပွဲကို မတ် ၅ ရက်က မောက်လောက်ကျေးရွာ တောင်သူ ဦးအောင်ရွှေ၏ ကွင်းအမှတ် ၈၆၆ တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ချပွဲတွင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျင်မောင်က အမှာစကားပြောကြားပြီး ဝမ်းတွင်းရွှေတောင်စိုက်ပျိုးရေး သုတေသနခြံ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးသိန်းက ဝါတစ်ဧကအထွက်နှုန်းတိုးမြင့်စေမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အကြောင်း ရှင်းလင်းပြောကြားကာ မိုးကြိုချည် မျှင်ရှည်ဝါ ဧက ၁၀၀ တစ်ဆက်တည်း စိုက်ပျိုးရခြင်းအကြောင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ရှင်းလင်းပြောကြားသည်။

မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၀၀ တစ်ဆက်တည်း အထူးစံပြစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူ ဦးအောင်ရွှေ အပါအဝင် တောင်သူ ၅၃ ဦးက စုပေါင်း၍ စိုက်ပျိုးမည့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၀၀ မျိုးစေ့ချခြင်းကို စိုက်ပျိုးရေးဝန်ထမ်းများက ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**



# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့်မီးလောင်ဒဏ်ရာများ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ



**တာချီလိတ် မတ် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာ၊ အဆီအကျိတ်နှင့် ခြေပူးလက်ပူးရှိသူများအား ဂျာမနီနိုင်ငံမှ ဆရာဝန်များနှင့် မြန်မာနိုင်ငံမှ ဆရာဝန်အဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသပေးခြင်းကို မတ် ၅ ရက်က စတင်ကုသ ဆောင်ရွက်ပေးနေကြောင်းသိရသည်။

အဆိုပါ အခမဲ့ခွဲစိတ်ကုသပေးရာတွင် ဂျာမနီနိုင်ငံမှ Dr. Nureddin Alamuti ဦးဆောင်သော ဆရာဝန်အဖွဲ့နှင့် မြန်မာနိုင်ငံမှဆရာဝန်အဖွဲ့တို့က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အဆီအကျိတ်ရှိသူ ခုနစ်ဦးအားစတင်ခွဲစိတ်ကုသပေးလျက်ရှိသည်။

ယင်းသို့ ခွဲစိတ်ကုသရာတွင် ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင် များနှင့် တာဝန်ရှိသူများက လိုအပ်သည် များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအခမဲ့ခွဲစိတ်ကုသမှုခံယူရန် အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင် ၈၀ ခန့် စာရင်းပေးထားပြီး မတ် ၅ ရက်မှ မတ် ၁၄ ရက်အထိ ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**ဝေယံလင်း (မြန်/ဆက်)**

# တွံတေးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနခြောက်ခုဖြင့်ကျင်းပမည်

**တွံတေး မတ် ၆**

၂၀၁၇ခုနှစ် မတ်လတွင် ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် စာစစ်ဌာနခြောက်ခုဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မတ် ၈ ရက်တွင် ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကို တွံတေးမြို့နယ်တွင် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ စာစစ်ဌာနတစ်ခု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာစစ်ဌာနနှစ်ခု၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျွန်းတော၊ အခြေခံပညာအထက်တန်းကျောင်း (ခတ္တီယ)၊ အခြေခံပညာအထက်တန်းကျောင်း (ကဲ့ဘဲ့) ကျောင်းတို့တွင် ကျောင်းသား ၁၃၁၈ ဦး၊ ကျောင်းသူ ၁၈၁၅ ဦး စုစုပေါင်း ၃၁၃၃ ဦးဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# ပြည်တွင်း ပြည်ပ သီးနှံဈေးကွက်ရရှိရေးစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများနှင့် လုပ်ငန်းရှင်များ ဆွေးနွေး

**နေပြည်တော် မတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲနှင့် နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့် မြန်မာ GAP (Protocol) လုပ်ငန်းစဉ်များရှင်းလင်းဆွေးနွေးပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၅ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က "အခုချိန်မှာ ဆန်စပါးဈေးကွက်ပျောက်တယ်၊ ပဲတီစိမ်း၊ မတ်ပဲတွေ ဈေးကွက်ပျောက်တယ်ဆိုတာ ရေမြေသဘာဝနှင့် သက်ဆိုင်တယ်၊ နောက်တစ်ခု နိုင်ငံရေးနှင့် သက်ဆိုင်တာမျိုးလည်း ရှိသလို အခုလို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ လိုအပ်နေသေးလို့လည်း ဖြစ်တယ်"ဟု ပြောသည်။ ၎င်းက ဆက်လက်၍ "Good Agricultural Practices (GAP) ဆိုတာ မြေပြုပြင်စိုက်ပျိုးထုတ်လုပ်တဲ့အချိန်ကစပြီး စားသုံးသူ လက်ဝယ်ရောက်တဲ့အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းမှာ စားသုံးသူအတွက် အန္တရာယ်ဖြစ်စေတဲ့ ကူးစက်ညစ်ညမ်းမှုတွေ အနည်းဆုံးဖြစ်စေဖို့အတွက် လိုက်နာရမယ့်နည်းလမ်းတွေကို စုစည်းထားတဲ့ စံလုပ်ထုံးလုပ်နည်း လမ်းညွှန်မှုတွေကို ခေါ်ပါတယ်။ ယနေ့ခေတ် စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ အလွန်အကျွံအသုံးပြုလာတဲ့အတွက် စားသုံးသူတွေရဲ့ကျန်းမာရေးကို ထိခိုက်လာတယ်။ ဓာတုပစ္စည်းများဆိုတဲ့နေရာမှာ စိုက်ပျိုးရေးအတွက် အသုံးပြုတဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေအပြင် စိုက်ပျိုးရေးနဲ့မသက်ဆိုင်တဲ့ စက်ဆီ၊ ချောဆီ၊ သန့်ရှင်းရေး သုံးဓာတုဆေးတွေနဲ့ သီးနှံရိတ်သိမ်းပြီးနောက်ပိုင်း တာရှည်ခံအောင် အသုံးပြုတဲ့ ဓာတုဆေးတွေနဲ့ ဆိုးဆေးတွေ ပါဝင်ပါတယ်။

ဒါကြောင့် GAP နည်းစနစ်နဲ့စိုက်ပျိုးမယ်ဆိုရင် စိုက်ပျိုးမယ့်မြေရဲ့ အာဟာရဓာတ်ပါဝင်မှုနဲ့ မြေနဲ့ရေမှာရှိတဲ့ Heavy Metal ပါဝင်မှုကို ကနဦး စစ်ဆေးရမှာဖြစ်ပါတယ်။ အဲဒီစစ်ဆေးမှုကို စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မြေအသုံးချရေးဌာနခွဲနဲ့ သီးနှံကာကွယ်ရေးဌာနခွဲ ဓာတ်ခွဲခန်းမှာ စစ်ဆေးပေးလျက်ရှိပါတယ်။ စိုက်ပျိုးပြီး နောက်ဆုံးထွက်ရှိလာတဲ့ သီးနှံတွေရဲ့အမြင့်ဆုံးပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်ပါဝင်မှုကိုလည်း စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ သီးနှံကာကွယ်ရေးဌာနခွဲမှ ဓာတ်ခွဲခန်းမှာ စစ်ဆေးပေးနေပါတယ်"ဟု ပြောသည်။

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်ရှိမြန်မာ GAP (Protocol) လုပ်ငန်းစဉ် မှတ်တမ်းရေးဆွဲပြီးသည့် သီးနှံများမှာ စပါးသီးနှံ၊ နှမ်း၊ ပဲလွန်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ ပြောင်း၊ ကြက်သွန်နီ၊ သခွားမွှေး၊ ခရမ်းချဉ်၊ ဖရဲ၊ ဂေါ်ဖီထုပ်၊ ကျွဲကောသ၊ သရက်၊ ထောပတ်သီး၊ ငရုတ်နှင့် ကော်ဖီသီးနှံတို့ဖြစ်ကြောင်း သိရပြီး ယခုကျင်းပသည့် မြန်မာ GAP စိုက်ပျိုးရေးနည်းစနစ်ကို မြန်မာတစ်နိုင်ငံလုံးရှိ တောင်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများလည်း ပို့ချပေးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**





သာစည်ဒေသမှ ဖရဲစိုက်တောင်သူများ အထွက်နှုန်းကောင်းသဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပင်းတယတပေါင်းပွဲတွင် မတ် ၄ ရက်က လာရောက်ရောင်းချမှုကို တွေ့ရစဉ်
မိုးလွင်ဦး(လွိုင်လင်)

# အင်းတော် (league) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**အင်းတော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ (league)ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို မတ် ၅ ရက် ညနေ ၄ နာရီခွဲတွင် အင်းတော်မြို့ မြအင်းသာခန်းမ၌ အင်းတော်မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အင်းတော်မြို့နယ်ပိုက်ကျော်ခြင်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးစီးကျင်းပပြုလုပ်ပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တစ်နှစ်အတွင်း လစဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ပြိုင်ပွဲပြုလုပ်ပေးသွားမည်ဖြစ်ပြီး အမှတ်အများဆုံးအသင်းနှင့် ဒုတိယ၊ တတိယအသင်းများကို အမှတ်ဖြင့် ဆုံးဖြတ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ မြို့ပေါ်ရှိ လူငယ် လူရွယ်များ၊ ကျောင်းသူကျောင်းသားများသည် အားလပ်ရက်အတွင်းအချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး လူငယ်များ အားလပ်ရက်အတွင်း လမ်းမှားမရောက်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်ပိုက်ကျော်ခြင်း အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးတို့ကိုရည်ရွယ်၍ ယခုလိုပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း အင်းတော်မြို့နယ်ပိုက်ကျော်ခြင်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ခေါင်းဆောင်မှ ပြောသည်။

**လူအောင်(ကသာ)**



# မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းအား ၂၃ မိုင်အထိ ယခုနှစ်မတ်လကုန်တွင်အပြီး ဖောက်လုပ်မည်

**မန္တလေး မတ် ၆**

မန္တလေး-ပြင်ဦးလွင်လမ်းသည် ၄၂ မိုင်ရှည်လျားရာ အသစ်ပြင်ဆင်ခင်းကျင်းနေသည့်လမ်းကို သတ်မှတ်ထားသည့်အတိုင်း ၂၃ မိုင်အထိ ၂၀၁၇ ခုနှစ်မတ်လကုန်တွင်အပြီး ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖောက်လုပ်နေသည့်လမ်းကို ORIENTAL HIGHWAY ကုမ္ပဏီမှတာဝန်ယူ ဖောက်လုပ်ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ၃၂ မိုင်တောင်ချမ်းသာရွာအထိနှင့်အတက်လမ်းဖြစ်သည့် ခြောက်ထပ်ကွေ့နေရာတို့တွင်လမ်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက "သတ်မှတ်ထားတဲ့ ၂၃ မိုင်အထိကို မတ်လကုန်အပြီး ဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်တဲ့လမ်းပိုင်းတွေကိုတော့ ၂၀၁၇ အပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မန္တလေးကနေ မူဆယ်အထိလမ်းမကြီးကို ၂၀၁၉ ခုနှစ်မှာအပြီး ဖောက်လုပ်ဖို့ရည်မှန်းထားပါတယ်။ ဒီလမ်းမကြီးကလည်း အခုဆို မူဆယ်ဘက်ကနေ စတင်ဖောက်လုပ်နေပါပြီ" ဟု လမ်းများနှင့် ပတ်သက်၍ ပြောကြားသွားခဲ့သည်။ ဆက်လက်၍ ၎င်းက မန္တလေး-ပြင်ဦးလွင်လမ်းဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ "ဒီလမ်းကိုအရင်က သတ်မှတ်ထားတာကတော့ တစ်ဖက်ကို ၂၄ ပေလမ်းဖြစ်ပြီး ၂၈ ပေအထိ တိုးချဲ့ထားပါတယ်။ တချို့လမ်းပေါင်းလမ်းဆုံနေရာတွေမှာ ပေ ၁၀၀ အထိ ဖောက်လုပ်ပေးထားတယ်။ နေ့စဉ်နဲ့အမျှလမ်းပေါ်မှာ ကားအသွားအလာများတော့ ဖောက်လုပ်ရာမှာ အခက်အခဲတွေရှိသလို လမ်းနဲ့မလွတ်တဲ့သစ်ပင်တွေကို ခုတ်ထွင်ရှင်းလင်း နေရတာကလည်း အလုပ်ပြီးစီးမှုကို အဟန့်အတားဖြစ်နေပါတယ်။ အခုလမ်းပိုင်းမှာ သစ်ပင်ပေါင်းစုံ ၅၀၀ လောက်အထိ ခုတ်လှဲခဲ့ရပြီး ခုတ်ပြီးသစ်ပင်တွေကိုတော့ သက်ဆိုင်ရာ သစ်တောဌာနကိုပဲ ပြန်လည်အပ်နှံရပါတယ်" ဟု ထပ်မံပြောကြားသွားခဲ့သည်။ ယခုဖောက်လုပ်နေသည့်လမ်းမှာ နိုင်လွန်ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ၂၃ မိုင်အထိ လမ်းပိုင်း အားလုံးကိုလည်း မြေသားတူးဖော်မှု လုပ်ငန်းတို့ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြေသားလုပ်ငန်း ပြီးစီးပါက ကတ္တရာခင်းသည့် လုပ်ငန်းမှာ လွယ်ကူလျင်မြန်သွားမည် ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးကျင်းပ

**မော်လမြိုင် မတ် ၆**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၃ ရက်က မွန်ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပခဲ့သည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက အရေးပေါ်ဒုတိယနေ့ အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၉၃ ဒသမ ၃၂ ရာခိုင်နှုန်း တက်ရောက်ခဲ့သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်း အတည်ပြုပြီး ပြည်နယ်အစိုးရမှ တင်သွင်းထားသော ဝန်ကြီးဌာနအမည်ပြောင်းလဲခြင်းကိစ္စကို ဖတ်ကြားသည်။ ဆက်လက်၍ တက်ရောက်လာသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က ဥပဒေအတိုင်းလုပ်ဆောင်ရန် တင်ပြကြပြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မှတ်တမ်းတင်၍ နောင်လာမည့် လွှတ်တော်အစည်းအဝေး၌ အတည်ပြုဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(မော်လမြိုင်)**

# ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**မန္တလေး မတ် ၆**

မန္တလေးခရိုင်တရားရုံးမှူးကြီးမှုး၍ တိုင်းဒေသကြီးတရားလွှတ်တော်မှ စာရေးဝန်ထမ်းများ၊ မန္တလေးခရိုင်တရားရုံးမှ စာရေးဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများကို အရည်အချင်းတိုးတက်လာစေရန်အတွက် ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ မတ် ၄ ရက်က ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့်ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တက်ရောက်လာကြသော စာရေး ဝန်ထမ်းများ စုစုပေါင်း ၃၀ တို့ကို ရက်သတ္တပတ်နှစ်ပတ်ကြာသင်ကြားပေးမည်ဖြစ် ပြီး သင်တန်းတွင် မန္တလေးခရိုင်တရားသူကြီး၊ ခရိုင်တရားသူကြီးများက ရာဇဝတ်မှု၊ တရားမမှုများ စိစစ်လက်ခံခြင်း အစရှိသည့် တရားရုံးစာရေးဝန်ထမ်းများတာဝန် လုပ်ငန်းဆိုင်ရာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မိတ္ထီလာတွင် ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်လောင်းလှည့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိတ္ထီလာ မတ် ၆**

မိတ္ထီလာတွင် သီဟသုဓမ္မသိင်္ဂီဒေါ်ခင်ရှိန် မိသားစု၏ ကုသိုလ်ကောင်းမှုအဖြစ် ဒုတိယအကြိမ် ရှင်အပါး ၅၀၀ရှင်လောင်းလှည့်လည်ပွဲကို မတ် ၄ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

"အရွယ်ရောက်ပြီး ရှင်မပြုနိုင်တဲ့ ကလေးငယ်တွေကို တတ်နိုင်သမျှ ကလေး ၃၀၊ ၄၀ နဲ့ ၅၀ နည်းနည်းစီ ရှင်ပြုပေးရာကနေ ဟိုဘက်နှစ်က ပထမအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို မလှိုင်မြို့နယ်ဘက်မှာသွားပြီး ပြုလုပ်ကုသိုလ်ယူခဲ့တယ်။ တချို့က မတတ်နိုင်လို့ ကလေးငယ်တွေကို ရှင်မပြုပေးနိုင်ဘူး။ တချို့က ငွေကြေးတတ်နိုင်ပေမယ့် အများနဲ့စုပေါင်းရှင်ပြုပွဲလုပ်ပြီး စည်စည်ကားကားနဲ့ ဖြစ်စေချင်တဲ့ မိဘတွေလည်းရှိတော့ အခုလို ဒုတိယအကြိမ်ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို ပြုလုပ်ဖြစ်တာပါ။ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်နယ်ဘက်တွေက ကလေးငယ် ၅၀၀ ကို စုပေါင်းရှင်ပြုပြီး ဝင်းခင်း၊ ဆင်ခင်း၊ မြင်းခင်းရှင်လောင်းလှည့်လည်ပွဲ ကျင်းပတာပါ" ဟု သီဟသုဓမ္မသိင်္ဂီဒေါ်ခင်ရှိန်၏သားဖြစ်သူ ကိုမျိုးသန်းနိုင်က ပြောသည်။

အဆိုပါ ရှင်အပါး ၅၀၀ ရှင်ပြုပွဲ ရှင်လောင်းလှည့်ပွဲကို အောင်မင်္ဂလာခန်းမမှ ရန်ကုန်-မန္တလေးကားလမ်းမအတိုင်းနှင့် ရွှေမြင်တင်-ဘုရားမှ - တော်ဝင်နန်းလမ်းဆုံ ၊ ယင်းမှတစ်ဆင့် အောင်မင်္ဂခန်းမသို့ ဆင်တော်သုံးစီး၊ မြင်းကောင်ရေ ၃၀ ကျော်နှင့် မော်တော်ယာဉ် များဖြင့် လှည့်လည်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ )**




# ကရင်ပြည်နယ်တွင် ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ ဖွဲ့စည်းရန် အလုပ်ရုံဆွေးနွေး

**ဘားအံ မတ် ၆**

ကရင်ပြည်နယ် ဘားအံမြို့ ခွယ်ကဘောင်ဂါဒင်း၌ ပြည်နယ် အဆင့်ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ ဖွဲ့စည်းရန် အရပ်ဖက်အဖွဲ့အစည်းများနှင့်ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး Advocacy အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

"မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးဗဟိုအဖွဲ့ကို ကျွန်တော်တို့၂၀၁၅ခုနှစ် နိုဝင်ဘာလမှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အရပ်ဖက်လူမှုအဖွဲ့အစည်း အလွှာအသီးသီးက ဌာနဆိုင်ရာအငြိမ်းစားတွေ၊ ပညာရှင်တွေ၊ စေတနာရှင်တွေ၊ စိတ်ပါဝင်စားသူတွေနဲ့ ပါဝင်ဖွဲ့စည်းထားတာပါ။ ဥပမာ-ကရင်ပြည်နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားမလုံလောက်နိုင်ဘူး။အဲဒါကို ကျွန်တော်တို့အဖွဲ့က ပူးပေါင်းပါဝင်ကူညီနိုင်အောင် ရည်ရွယ်တာလည်း ဖြစ်ပါတယ်။ ဒါမှဒေသတွင်း ယာဉ်လမ်း အန္တရာယ်တွေကို ပိုမိုလျှော့ချနိုင်မှာလည်း ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင် (ရဲမှူး-ငြိမ်း) က ပြောသည်။



ကရင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာများလျှော့ချနိုင်ရေးအတွက် ပြည်နယ်အဆင့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့စနစ်တကျဖွဲ့စည်းပြီးပါက ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင်သူများထံမှ သိရသည်။

ကရင်ပြည်နယ်၌ ၂၀၁၅ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၄၇၄ မှု ၊ သေဆုံးသူ ၁၂၃ ဦးနှင့် ထိခိုက်ဒဏ်ရာ ရသူ ၇၈၇ ဦး ရှိခဲ့ကာ ၂၀၁၆ ခုနှစ်တွင်ယာဉ်မတော်တဆမှု ၄၃၃ မှု၊ သေဆုံး သူ ၁၃၃ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၆၆၁ ဦးတို့ရှိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လတာအတွင်း စည်းကမ်းပျက်ယာဉ်များ ဖမ်းဆီးအရေး ယူမှု (၃၁၃)ကြိမ်ရှိခဲ့ပြီး၊တရားရုံးဒဏ်ငွေအနေဖြင့် ငွေကျပ် ၉၂ သိန်းကျော် ဒဏ်ငွေများချမှတ်ခဲ့ကာ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း ယာဉ်ထိန်းရဲအုပ်သန်းထူးအောင်က ပြောသည်။

မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ ကရင်ပြည်နယ်အဆင့်ကို ဒေသခံများမှရွေးချယ်ဖွဲ့ စည်းသွားမည်ဖြစ်ကာ ဖွဲ့စည်းပုံကို ပြည်နယ်အစိုးရသို့ တင်ပြပြီး ပြည်နယ်တွင်း ပထမဆုံးယာဉ်လမ်းအန္တရာယ်ကင်း ရှင်းရေးလှုပ်ရှားမှုအတွက် ဗဟိုအဖွဲ့မှငွေကြေးထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ကို အရပ်ဖက်အဖွဲ့များနှင့် စိတ်ပါဝင်စားသူများ စုစည်းမှုဖြင့် အဆင့်ဆင့်ဖွဲ့စည်းသွားမည်ဖြစ်ကာ ပြည်သူလူထုအတွင်း ဖြစ်ပေါ်နေသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာများ၊ ယာဉ်မတော်တဆမှုများကို ထိန်းကျောင်းလျှော့ချနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိရှိလိုက်နာရမည့်ဥပဒေများကို အသိပညာပေးဟောပြောခြင်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ပွင့်ဆန်း၊ထွန်းထွန်းထွေး(ဘားအံ)**

# ကြံ့ခင်းမြို့နယ်အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း စံချိန်စံညွှန်းမမီသည့်အတွက် (ယာယီ)ရပ်ဆိုင်း

**ကြံ့ခင်း မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရန်ပုံငွေမှ ကြံ့ခင်းမြို့နယ်အားကစားကွင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းအား ခွင့်ပြုငွေကျပ်သိန်း ၆၆၀ ဖြင့် တင်ဒါအောင်မြင်ခဲ့သော ဇွဲမာန်ထက်ကုမ္ပဏီကို လုပ်ငန်းချထားပေးခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ လုပ်ငန်းဆောင်ရွက်ထားရှိသည့် အနေအထားမှာ အသုံးပြုသည့်အုတ်များအရည်အသွေးမပြည့်မီခြင်း၊ တည်ဆောက်မှုအပိုင်းစံချိန်စံညွှန်းမီ ကြံ့ခိုင်မှုမရှိခြင်းတို့ကို ပြည်သူများက တာဝန်ရှိသူများထံ တင်ပြလာကြသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်စည်ပင် သာယာရေးကော်မတီ၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေး ရေးကော်မတီ မြို့နယ်အားကစားကော်မတီများပါဝင် သောအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ တင်ပြသည့်အတိုင်း အရည်အသွေးမမီဘဲဆောက် လုပ်ကြောင်း တွေ့ရှိရသဖြင့် မြို့နယ်တာဝန်ရှိသူတို့က လုပ်ငန်းအားယာယီရပ်ဆိုင်းစေခဲ့သည်။

မတ် ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရောသီရိအစည်းအဝေးခန်းမ၌ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးနှင့်မြို့နယ်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဇွဲမာန်ထက်ကုမ္ပဏီမှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးနှင့်မြေပြင် ကွင်းဆင်းတွေ့ရှိချက်များအရ လက်ရှိဆောက်လုပ်ပြီးစီးမှုအား ဖျက်သိမ်း၍ တင်ဒါ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ရှိဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် မြို့နယ် အားကစားကွင်းအုတ်တံတိုင်း ကာရံခြင်းလုပ်ငန်းကို ပြန်လည်တည်ဆောက်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝဇိရ**

# ယူရိုပါလိဂ် (၁၆)သင်းအဆင့်မှာ ရင်မောရဦးမယ့် မန်ယူ အနိုင်ရဖို့ ခြေကုန်ထုတ်ကြိုးစားရမယ့် အိုင်းယက်စ်

ယူရိုပါလိဂ် (၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို မတ် ၁၀ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ဒီအဆင့်ကို တက်ရောက်လာတဲ့အသင်းတိုင်းဟာ ခြေစွမ်းအဆင့်အတန်း မြင့်မားတဲ့အသင်းတွေချည်းဖြစ်တာမို့ အမှားအယွင်းမခံတဲ့ ပွဲစဉ်တွေပဲ ဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေ ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲဖြစ်တာမို့ အခုပွဲတွေဟာ ပွဲကောင်းတွေချည်း ဖြစ်နေမှာတော့ အမှန်ပါပဲ။




### ရော့စတော့ဗ်နှင့် မန်ယူ

အေးတိအေးစက်ဖြစ်နေတဲ့ မန်ယူကစားကွက်က အားရစရာတော့ မရှိပါဘူး။ ပရီမီယာလိဂ်မှာ တစ်ယောက်လျှော့ ဘုန်းမောက်ကို သရေပွဲကစားခဲ့တဲ့ မန်ယူရဲ့ ခြေစွမ်းက ဒီအတိုင်းဆိုရင် ယူရိုပါလိဂ် ချန်ပီယံအဖြစ် ခက်ခဲမှာ အမှန်ပါပဲ။ ယူရိုပါလိဂ်ဖလားကို မျှော်မှန်းနေတဲ့ မန်ယူဟာ အိမ်ကွင်းကစားအားကောင်းတဲ့ ရော့စတော့ဗ်ကို အကြိတ်အနယ်ကစားရမှာ သေချာနေပါတယ်။ ရော့စတော့ဗ်တို့က နောက်ဆုံးကစားခဲ့တဲ့ ဥရောပအိမ်ကွင်း ခုနစ်ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပါတယ်။ မန်ယူတို့ကတော့ ရုရှားကလပ်အသင်းတွေနဲ့ စုစုပေါင်း ကိုးကြိမ်တွေ့ဆုံခဲ့ရာမှာ နိုင်ပွဲနှစ်ပွဲသာရရှိခဲ့ပြီး သရေပွဲ ခြောက်ပွဲအထိ ဖြစ်ခဲ့သလို တစ်ပွဲရှုံးခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ အခုတလော ရလဒ်တွေကောင်းအောင် ကြိုးစားနိုင်နေတဲ့အသင်းတွေမို့ အခုပွဲဟာလည်း သရေပွဲနဲ့ အဆုံးသတ်သွားမယ်လို့ ယူဆပါတယ်။

### အေပိုးလ်နှင့် အန်ဒါလက်ချ်

ဆိုက်ပရပ်စ်ကလပ် အေပိုးလ်တို့က ကစားအားလည်း ကောင်းပြီး ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်တို့ကလည်း ပွဲတိုင်း အနိုင်ကစားနိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ အေပိုးလ်တို့က ဒီနှစ်ဥရောပပွဲတွေမှာ အိမ်ကွင်း ရှုံးပွဲမရှိသေးပါဘူး။ အန်ဒါလက်ချ်တို့က တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းနေပေမယ့် အခုပွဲမှာ အေပိုးလ်ကို ကျော်လွှားဖို့မလွယ်ပါဘူး။ နိုင်ပွဲဆိုတာ အေပိုးလ်တို့အတွက်ပဲ ဖြစ်ပါလိမ့်မယ်။

### ကိုပင်ဟေဂင်နှင့် အိုင်းယက်စ်

အိုင်းယက်စ်ရဲ့ခြေစွမ်းက တည်ငြိမ်အောင် ကြိုးစားနေပြီး ပွဲတိုင်းရလဒ်ကောင်းအောင် အားထုတ်နေပါတယ်။ အိုင်းယက်စ်ရဲ့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် အိုင်းယက်စ်တို့ ရှုံးပွဲမရှိပါဘူး။ ကိုပင်ဟေဂင်တို့ကလည်း သရေပွဲတွေများနေပြီး နိုင်ပွဲရအောင် ကြိုးစားနေတာမို့ ဒီပွဲဟာ ခြေရည်တူနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှု ဖြစ်တာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ကိုယ်ဟေဂင်တို့က အိမ်ကွင်းမှာ ခံစစ်လုံအောင် ကစားတတ်တာမို့ အိုင်းယက်စ်တိုက်စစ်မှူးတွေ ထိုးဖောက်ဂိုးသွင်းဖို့ ခက်ခဲမှာ ဖြစ်ပေမယ့် ယူရိုပါလိဂ်မှာ ၁၁ ပွဲ ဆက်တိုက်ရှုံးပွဲ မရှိအောင် ကစားနိုင်ခဲ့တဲ့ အိုင်းယက်စ်အတွက် ခြေကုန်ထုတ်ပြီး နိုင်ပွဲကိုရအောင် ဖော်ထုတ်ပါလိမ့်မယ်။

### ဆယ်လ်တာဗီဂိုနှင့် ခရက်စ်နိုဒါ

စပိန်ကလပ် ဆယ်လ်တာဗီဂိုဟာ ရုရှားအသင်းတွေနဲ့ ဆုံတိုင်း အနိုင်ကစားတတ်တဲ့ စိတ်ဓာတ်နဲ့ ခြေစွမ်းရှိပါတယ်။ ဒါပေမယ့် ဆယ်လ်တာဗီဂိုတို့က ပြည်တွင်းပြိုင်ပွဲတွေမှာ ခြေစွမ်းယိမ်းယိုင်နေတာက အားနည်းချက်ရှိနေပေမယ့် တိုက်စစ်အား ထက်မြက်တဲ့ အသင်းလည်းဖြစ်ပါတယ်။ ခရက်စ်နိုဒါတို့က အသင်းလိုက်ကစားအားကောင်းပြီး ပြိုင်ဘက်အသင်းကို မာမာတင်းတင်း ကစားနိုင်ပါတယ်။ ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အမှတ်ခွဲဝေယူရနိုင်တဲ့ အခြေအနေဆိုက်သွားပါလိမ့်မယ်။

### လိုင်ယွန်နှင့် ရိုးမား

အခုတလော တိုက်စစ်စွမ်းရည်ထက်မြက်နေတဲ့ လိုင်ယွန်တို့ကတော့ ခြေစွမ်းမာကျောတဲ့ ရိုးမားကို ဘယ်လိုယှဉ်ပြိုင်မလဲကြည့်ရမှာပါ။ လိုင်ယွန်တိုက်စစ်မှူးတွေက လေးပွဲမှာ ဂိုးပေါင်း ၂၀ အထိ သွင်းထားတာမို့ ရိုးမားခံစစ်မှူးတွေလည်း အကျပ်တွေ့စေမှာ ဖြစ်ပါတယ်။ ရိုးမားတို့ကလည်း ဥရောပပွဲစဉ် ငါးပွဲမှာ ရှုံးပွဲမရှိ ကစားနိုင်နေတာမို့ အခုပွဲမှာ ရိုးမားတို့ အနိမ့်ဆုံးသရေပွဲရအောင် ကစားပါလိမ့်မယ်။ လိုင်ယွန်နဲ့ ရိုးမားတို့ နောက်ဆုံးနှစ်ပွဲတွေ့ဆုံခဲ့ရာမှာ ရိုးမားတို့က တစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဒီပွဲဟာ အိမ်ရှင်တို့ အရေးသာနိုင်ပေမယ့် ရိုးမားတို့လည်း ကပ်ပြီးနိုင်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**




## ဘွန်ဒက်စ်လီဂါမှာ ဂိုးအများဆုံးသွင်းထားတဲ့ အော်ဘာမီရန်း

ဒေါ့မွန်က လေဗာကူဆင်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ ဒီပွဲမှာ ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီရန်းက ဒီနှစ်ရာသီအတွက် ၂၁ ဂိုးမြောက် ဘွန်ဒက်စ်လီဂါ ဂိုးသွင်းယူသွားခဲ့ပါတယ်။ ဒီဂိုးဟာ ဘိုင်ယန်မြူးနစ်မှာ ဂိုးအများဆုံး သွင်းယူထားတဲ့ လီဝမ်ဒေါစကီးရဲ့ ဂိုးအများဆုံး စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ပါတယ်။ အော်ဘာမီရန်းဟာ ဘွန်ဒက်စ်လီဂါမှာ ဂိုးအများဆုံးသွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူးဖြစ်လာခဲ့ပါတယ်။ ဒီဂိုးဟာ ဒေါ့မွန်အသင်းအတွက် သက်တမ်းတစ်လျှောက် သွင်းယူခဲ့တဲ့ ၇၄ ဂိုးမြောက် ဖြစ်ပါတယ်။ သူဟာ မန်ယူနဲ့ ချယ်လ်ဆီးကဲ့သို့သော ထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံရသူလည်း ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိအချိန်မှာတော့ ဒေါ့မွန်အသင်းနဲ့အတူ ရှိနေဆဲဖြစ်ပါတယ်။ သူဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်သူ တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီ့အတွက် ပရီမီယာလိဂ်ကလပ်တွေက ခေါ်ယူဖို့ အကြိမ်ကြိမ် ကြိုးစားလျက်ရှိပါတယ်။

## မန်စီးတီးမှ ထွက်ခွာဖွယ်ရှိနေတဲ့ ဇာဘလတ်တာ

ညာတောင်ပံ နောက်တန်းကစားသမား ပါဘလို ဇာဘလတ်တာဟာ မန်စီးတီးမှ ထွက်ခွာဖွယ်ရှိတယ်လို့ ဆိုပါတယ်။ မန်စီးတီးနဲ့အတူ ကိုးနှစ်ကြာကစားခဲ့ပြီးနောက် ဒီနှစ်နွေရာသီမှာတော့ စာချုပ်သက်တမ်းကုန်ဆုံးချိန် အသင်းမှထွက်ခွာဖွယ်ရှိနေပါတယ်။ အသက် ၃၂ နှစ်ရှိ ဇာဘလတ်တာဟာ မန်စီးတီးနဲ့အတူ ကိုးနှစ်ကြာ ကစားခဲ့ပြီးနောက် စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ လာမယ့်ရာသီအတွက် စာချုပ်သစ်ကမ်းလှမ်းခဲ့ရင်တောင်မှ ပုံမှန်ပွဲထွက်ကစားဖို့ အခက်အခဲတွေရှိနေတယ်လို့ ဆိုပါတယ်။ နည်းပြ ဂွာဒီယိုလာ လက်ထက်မှာ ရေပန်းစားမှု နည်းနေပါတယ်။ ဟွတ်ဒါဖီးနဲ့ ပွဲမှာ အက်ဖ်အေဖလားပွဲ ဂိုးသွင်းယူခဲ့တဲ့ ဇာဘလတ်တာဟာ နည်းပြ ဂွာဒီယိုလာ လက်ထက် အနားပေးထားတဲ့ ကစားသမားအချို့ထဲမှ တစ်ဦးဖြစ်လာနိုင်ပါတယ်။ သူဟာ ၂၀၀၈ ခုနှစ်ကတည်းက မန်စီးတီးအသင်းရဲ့ နောက်ခံကစားသမားအဖြစ် ထင်ရှားလာတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။






## စပိန်လာလီဂါမှာ ဇယားထိပ်ပြန်တက်လာတဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ ဆယ်လ်တာဗီဂိုအသင်းကို ငါးဂိုးပြတ်နဲ့အနိုင်ယူပြီး ဇယားထိပ်ဆုံးနေရာကို ပြန်တက်လာခဲ့ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာရဲ့နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ မက်ဆီနဲ့ နေမာတို့ကလည်း ဂိုးတွေသွင်းယူခဲ့ပါတယ်။ ဘာစီလိုနာဟာ ဒီအနိုင်ပွဲကြောင့် စပိန်လာလီဂါမှာ ရီးရဲမက်ဒရစ်ထက် တစ်မှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ မက်ဆီဟာ ဘာစီလိုနာအသင်းမှာ ဂိုးတွေ ဆက်တိုက်သွင်းယူပေးနိုင်ခဲ့ပါတယ်။ လေးရက်အတွင်း ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က စပိန်လာလီဂါမှာ အချိန်အတန်ကြာ ဦးဆောင်နေရာမှ ရီးရဲမက်ဒရစ်ကို ကျော်ဖြတ်ပြီး ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

နေမာကလည်း မက်ဆီနဲ့ အပြိုင် ဂိုးတွေသွင်းယူလာတာတွေ့ရပါတယ်။ ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒိုနဲ့ ဂါးရက်ဘေးလ်တို့ ဒဏ်ရာရရှိနေချိန်မှာ ဘာစီလိုနာတိုက်စစ်မှူးတွေက ဂိုးတွေ ဆက်တိုက်သွင်းယူပေးနေတာကြောင့် ဘာစီလိုနာဟာ စပိန်လာလီဂါမှာ ပိုပြီးအောင်မြင်မှုတွေ ရရှိနေတာလည်း ဖြစ်ပါတယ်။ သို့သော်လည်း ဘာစီလိုနာအသင်းရဲ့ နည်းပြလူးဝစ်အန်းနရစ်ကတော့ ဒီနှစ်ရာသီအကုန်မှာ နည်းပြအဖြစ်မှ ထွက်ခွာဖွယ်ရှိနေတယ်လို့ ပြောဆိုနေပါတယ်။ သူဟာ ဘာစီလိုနာအသင်းနဲ့ ဖလားသုံးလုံး ရယူပေးခဲ့ပေမယ့် စာချုပ်သက်တမ်း ကုန်ဆုံးမယ့် ရာသီအကုန်မှာ ထွက်ခွာဖွယ်ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပုဂံခေတ် ကျောက်အဆောက်အအုံများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ဧကရာဇ်နိုင်ငံတော်ဖြစ်ခဲ့သည့် ပုဂံသည် မြန်မာတို့၏ အမျိုးသားရေးလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးနေသည့် နေရာတစ်ခုအဖြစ်လည်းကောင်း ကမ္ဘာ့အလယ်တွင် ထင်ရှားလှပေသည်။

မန္တလေးမြို့မှ အနောက်တောင်ဘက်သို့ မိုင် ၉၀ ကွာဝေးသည့် ပုဂံသည် ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ပုဂံနေပြည်တော်တွင် ပျဉ်ပြားမင်း(ခရစ်နှစ် ၈၄၆-၈၇၆) မှ စောမွန်နစ်(ခရစ်နှစ် ၁၃၂၅-၁၃၆၈)အထိ ဘုရင်များ စိုးစံခဲ့သည်ဟုဆိုသော်လည်း အနော်ရထာမတိုင်မီ အစောပိုင်း ပုဂံမင်းဆက်များနှင့်ပတ်သက်သည့် တိကျခိုင်မာသော သမိုင်းအထောက်အထားများကို မတွေ့ရှိရသေးကြောင်း ပညာရှင်များက မိန့်ဆိုခဲ့သည်။ ပုဂံသည် အနော်ရထာမင်း (ခရစ်နှစ် ၁၀၄၄-၁၀၇၇) လက်ထက်တွင် စည်းလုံးသော ပထမမြန်မာနိုင်ငံတော်ဖြစ်လာခဲ့သည်။

အနော်ရထာမင်းနောက်တွင် ကျန်စစ်သားနှင့် အလောင်းစည်သူတို့ လက်ထက်များ၌ ပုဂံသည် အင်အားခိုင်မာခဲ့ပြီး အလောင်းစည်သူနောက်ပိုင်း ဘုရင်များလက်ထက်တွင် တဖြည်းဖြည်း အင်အားလျော့ဆင်းလာခဲ့ကာ ပျက်သုဉ်းခဲ့သည်။

ခရစ်နှစ် ၁၀ ရာစု ကာလတွင် ပုဂံသည် အထူး စည်ပင်ထွန်းကားခဲ့သည်။ ထိုအချိန်သည် ပုဂံဒေသတစ်ဝိုက်၌ ဗုဒ္ဓသာသနာ ထွန်းကားချိန်ဖြစ်သဖြင့် မင်းနှင့်ပြည်သူများသည် စေတီပုထိုး၊ ဥမင်တိုက်ကျောင်းများကို တည်ထားခဲ့ကြသည်။ သရေခေတ္တရာ တိမ်ကောပြီးနောက် ပုဂံပေါ်ပေါက်ခဲ့ရာ သရေခေတ္တရာမှ ဗုဒ္ဓဘာသာသည် ပုဂံတွင် ဆက်လက်တည်ရှိခဲ့ပြီး သုဝဏ္ဏဘူမိမှ ရောက်ရှိလာသည့် ဗုဒ္ဓဘာသာက ပုဂံတွင် ရှိနှင့်နေသည့် ဗုဒ္ဓဘာသာကို အားဖြည့်ပေးသကဲ့သို့ဖြစ်ခဲ့ကြောင်း ဆရာဦးဗိုလ်ကေက သုံးသပ်ခဲ့သည်။ သရေခေတ္တရာတွင် ယနေ့တိုင် တည်ရှိနေသည့် ဘောဘောကြီး၊ ဘုရားကြီးစသည့် စေတီလုံးများနှင့် ပုံစံတူ တည်ဆောက်ထားသည့် ငကျွဲနားတောင်းစေတီကို သဗ္ဗညုပုထိုးတော်အနီးတွင် မြင်တွေ့ကြရသည်။

ထိုအချိန်တွင် အိန္ဒိယနိုင်ငံမှ ရုပ်တုထုလုပ်ခြင်း၊ ဆေးပန်းချီရေးဆွဲခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်း အတတ်ပညာများ အပါအဝင် အနုပညာရပ်များသည် ပုဂံသို့ ရောက်ရှိလာခဲ့ဟန်ရှိကာ ပုဂံလက်ရာ ပုဂံအနုပညာတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။


သဲကျောက်များဖြင့် တည်ဆောက်ထားသည့် နန်းဘုရား

ပုဂံခေတ်တစ်လျှောက် ဆောက်လုပ်ခဲ့သည့် သာသနိကအဆောက်အအုံများ အနက် ယခုအခါတွင် ပုဂံနှင့် ညောင်ဦးတစ်ဝိုက်၌ စေတီ၊ ပုထိုး၊ ဂူကျောင်း ဘုရားပေါင်း ၂၂၁၇ ခု ကျန်ရှိနေသည်။ ယင်းတို့အနက် ကျောက်ဖြင့်ဆောက်လုပ်ထားသော အဆောက်အအုံ သုံးခုကျန်ရှိရာ ညောင်ဦးမြို့တွင် တည်ရှိသည့် ရွှေစည်းခုံစေတီ၊ ကျောက်ဂူဥမင်နှင့် မြင်းကပါတွင် တည်ရှိသည့် နန်းဘုရားတို့ ဖြစ်ကြသည်။ တုရင်တောင်ခြေ မြကန်အနီးတွင် တည်ရှိခဲ့သည့် ကျောက်အဆောက်အအုံတစ်ခုဖြစ်သော စက္ကူတိုက်ခေါ် ပိဋကတ်တိုက်သည် ကျစွာမင်းကြီးတည်ခဲ့သည့် စာကြည့်တိုက်အဆောက်အအုံဖြစ်ပြီး ၁၉၅၆ ခုနှစ်တွင် ပြိုကျပျက်စီးခဲ့သဖြင့် ယခုအချိန်တွင် မြင်တွေ့နိုင်ခြင်း မရှိတော့ပါ။

ပုဂံခေတ်တွင် ဘုရင့်နန်းတော်အပါအဝင် လူနေအိမ်ခြေများကို သစ်ဝါးများဖြင့် ဆောက်လုပ်ခဲ့ကြပြီး ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အုတ်၊ ကျောက်များဖြင့်တည်ထားခဲ့ကြသဖြင့်နှစ်ကာလ ကြာရှည်လာချိန်တွင် သစ်သားအဆောက်အအုံများ ပျက်စီးခဲ့ပြီး အုတ်နှင့်ကျောက် အဆောက်အအုံများသာ ကြွင်းကျန်ခဲ့ပေသည်။

**ရွှေစည်းခုံစေတီ**

အနော်ရထာမင်းကြီးနှင့် သားတော် ကျန်စစ်သားမင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတွင် ဘုရားရှင်၏ စွယ်တော်ပွားနှင့် နဖူးသင်းကျစ်တော်ကို ဌာပနာခဲ့သည်ဟု ဆိုသည်။ ကျန်စစ်သားမင်းကြီး(ခရစ်နှစ် ၁၀၈၄-၁၁၁၃)သည် အနော်ရထာမင်းလက်ထက်တွင် မပြီးစီးခဲ့သည့် မူလ ရွှေစည်းခုံစေတီတော်ကို ခရစ်နှစ် ၁၀၈၉ ခုနှစ်တွင် ငုံပြီးတည်ခဲ့ရာ ခရစ်နှစ် ၁၀၉၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ ရွှေစည်းခုံစေတီတော်ကို တုရင်တောင်မှသယ်ယူခဲ့သည့် ကျောက်ချပ်များဖြင့် တည်ဆောက်ခဲ့သည်။ ပုဂံဘုရားပုထိုးများ စာအုပ်အရ ပုဂံတွင်ရှိသည့် ငုံ၍တည်ထားသော စေတီဘုရား ၄၃ ဆူအနက် ရွှေစည်းခုံစေတီသည် တစ်ဆူအပါအဝင် ဖြစ်ပေသည်။

ရွှေစည်းခုံဟူသည့်ဘွဲ့သည် ဇေယျဘုံဟူသည့်ဘွဲ့အမည်မှ ပြောင်းလဲခဲ့ဟန်ရှိပြီး ကင်းဝန်မင်းကြီးစပ်ဆိုသော ရွှေစည်းခုံ အံ့ဖွယ်ကိုးပါး လင်္ကာတွင် ဇေယျခုံ အံ့ဖွယ်ကိုးကိုလဟု ထည့်သွင်းစပ်ဆိုခဲ့သည်။ ထို့အတူ ရွှေစည်းခုံစေတီသို့ ဘုရင့်နောင်မင်းတရား လှူဒါန်းခဲ့သည့် ခေါင်းလောင်းတွင် မွန်ဘာသာဖြင့် ရေးထိုးထားသော ကမ္ပည်းစာကြောင်းရေ(၁၆)၌ ဇေယျဘုံဟုပါရှိကြောင်း ပုဂံဘုရားပုထိုးများ စာအုပ်တွင် ဖတ်ရှုရသည်။ သဲစည်းခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံဟု ခေါ်တွင်ကြောင်းလည်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ရွှေစည်းခုံစေတီသည် ဉာဏ်တော် ၁၆၅ ပေမြင့်ကာ ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်အဆင့်ဆင့်၊ ကြာမှောက်ကြာလှန်၊ ထုပိကာ၊ ထောင့်စိုက်စေတီ၊ နတ်လှေကားများဖြင့် တင့်တယ်စွာ တည်ဆောက်ထားပြီး ပညာရှင်များက ၁၁ရာစုလက်ရာ ရှေးအကျဆုံး မြန်မာစေတီ ပုံစံတစ်ဆူဟု ခန့်မှန်းခဲ့ကြသည်။

အနော်ရထာဘုရင်(ခရစ်နှစ် ၁၀၃၃-၁၀၇၇)သည် ရွှေစည်းခုံစေတီကို သရေခေတ္တရာမှရရှိခဲ့သည့် ဘုရားရှင်၏ နဖူးသင်းကျစ်တော်နှင့် မြဆင်းတုတော်တစ်ဆူကို ဌာပနာ၍ ခရစ်နှစ် ၁၀၆၀ ပြည့်နှစ်တွင် တည်ထားခဲ့သည်။ စေတီတော် ပစ္စယာ သုံးဆင့်ပြီးစီးချိန်တွင် သီဟိုဠ်မှပင့်ဆောင်လာသည့် စွယ်တော်ကို ထပ်မံဌာပနာခဲ့သည်။

စေတီတော် ပစ္စယံသုံးဆင့်တွင် တစ်ပေခွဲ ပတ်လည်နီးပါးရှိသည့် စဉ့်ကွင်း ၅၉၆ ချပ် ရှိသည်။ စဉ့်ကွင်းအချို့သည် ပျက်စီးနေပြီး စဉ့်ကွင်းများပေါ်တွင် ဗုဒ္ဓဘုရားရှင်၏ ၅၅၀ ဇာတ်တော်များမှ ဇာတ်ကွက်များကို ထုတ်နုတ်ပုံဖော်ထားသည်။ စေတီတော်အရှေ့တောင်ထောင့်ရှိ နတ်နန်းအတွင်းရှိ ခုနစ်ပေမြင့်သည့် သိကြားမင်းရုပ်တုသည် ပုဂံခေတ်ဦးပိုင်း သစ်သားပန်းပုလက်ရာဖြစ်သည်။ စေတီတော်၏ မုခ်လေးခုရှိ ကြေးဂူတိုက်တစ်ခုစီတွင် ဉာဏ်တော် ၁၃ ပေစီမြင့်သည့် ပဉ္စလောဟာ မတ်ရပ်ဆင်းတုတစ်ဆူစီကို ဖူးတွေ့ကြရသည်။ ရုပ်ပွားတော်များသည် အလွန်လက်ရာမြောက်သည့် ပုဂံခေတ်ဦး ကြေးသွန်းလက်ရာများ ဖြစ်ကြသည်။ မြန်မာ အဘိဓာန်တွင် ပဉ္စလောဟာကို ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲ ငါးမျိုးပေါင်းစပ်ထားသော သတ္တုစပ်ဟု အနက်ဖွင့်ဆိုသည်။

ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်ရှိ ခြသေ့ရုပ်များရှေ့အဝင်လမ်းဝဲယာတွင် ကျန်စစ်သားမင်းကြီး၏ အမိန့်တော်ပြန်တမ်း ကျောက်စာတိုင်နှစ်တိုင်ရှိသည်။ ရှေးမွန်ဘာသာဖြင့် ရေးထိုးထားသော စာသားများကို စီအိုဘလက်ဒင်က အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။ အရှေ့စောင်းတန်းအဆုံးရှိ ခေါင်းလောင်းရုံတွင် ဘုရင့်နောင်မင်းကြီး လှူဒါန်းခဲ့သည့် သမိုင်းမှတ်တမ်းများ ရေးထိုးထားသော ခေါင်းလောင်းတော်ကို ထိန်းသိမ်းထားပေသည်။

ညောင်ဦးမြို့၏ အနောက်တောင်ဘက် ဧရာဝတီမြစ်နှင့် မလှမ်းမကမ်းတွင် တည်ရှိနေသည့် ရွှေစည်းခုံစေတီတော်အား နှောင်းလူများက ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကာ ရွှေများ အကြိမ်ကြိမ်ချခဲ့သဖြင့် မူလကျောက်ချပ်များကို အလွယ်တကူ မမြင်နိုင်တော့ပါချေ။ သို့သော် စေတီတော်အောက်ခြေမှ ကြာလှန်ကြာမှောက်အထိ ကျောက်အုတ်များဖြင့် တည်ထားခဲ့ကြောင်း ဖိနပ်အခြေတွင် တစ်စွန်းတစ်စ တွေ့ရှိနိုင်သည်။

**ကျောက်ဂူဥမင်**

ကျောက်ဂူဥမင်သည် ညောင်ဦးမြို့မှ အရှေ့မြောက်ဘက် နှစ်မိုင်အကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည်။ ပုဂံအနီးတစ်ဝိုက်ရှိ ကျန်စစ်သားဥမင်၊ သမီးဝှက်ဥမင်နှင့် မြာသဥမင်တို့အနက် ကျောက်ဂူဥမင်သည် အကြီးဆုံးဖြစ်သည်။ ကျန်စစ်သားဥမင်သည် ရွှေစည်းခုံစေတီ၏ တောင်ဘက်တွင် တည်ရှိပြီး သမီးဝှက်ဥမင်နှင့် မြာသဥမင်တို့သည် ငှက်ပစ်တောင်တွင်တည်ရှိကြသည်။

မြန်မာအဘိဓာန်တွင် ဥမင်ဟူသည့် ဝေါဟာရကို လိုဏ်ခေါင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး ဂူကျောင်း၊ ဂူဘုရားများဟုလည်း ခေါ်ဆိုကြသည်။

ကျောက်ဂူဥမင်ကို ဧရာဝတီမြစ် ကုန်းစောင်းတစ်ခုအတွင်းသို့ သွင်းပြီးနောက် ရှေ့ခန်းမဆောင်ကြီးကို ကျောက်ဆစ်ကျောက်ချပ်များဖြင့် တည်ဆောက်ထားသည်။ သဲကျောက်ကမ်းပါးယံကို ထွင်း၍ အုတ်ကျောက်များဖြင့် ဥမင်တည်ထားသဖြင့် ကျောက်ဂူဥမင်ဟု ထင်ရှားခဲ့ပြီး အဆင့်သုံးဆင့်ရှိသည့် ကျောက်ဂူဥမင်၏ အောက်ပိုင်းကို ကျောက်အုတ်များဖြင့် ခရစ်နှစ် ၁၁၁၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။

ကျောက်ဂူဥမင်ကို မြောက်ဘက်သို့မျက်နှာမူကာ တည်ဆောက်ထားပြီး ရှေ့မျက်နှာစာတွင် ဂန္ဓကုဋိတိုက်မနှင့် မြောက်ဘက်တွင် အဝင်မုခ်နှင့် အာရုံခံခန်းမဆောင် ရှိသည်။ အရှေ့ အနောက်နှင့် မြောက်ဘက်တွင် စင်္ကြံပတ်လမ်းများ ပြုလုပ်ထားပြီး ဥမင်အတွင်းရှိ လမ်းကြောင်းများကို ဝင်္ကပါပုံစံ အကွေ့အကောက်များ


ရွှေစည်းခုံစေတီအား ဖူးတွေ့ရစဉ်

ဖောက်လုပ်ထားကာ တရားအားထုတ်သည့်နေရာများဟု ယူဆနိုင်ဖွယ်ရှိသည့် အခန်းငယ်များ ဖွဲ့စည်းထားသည်။ ကျောက်ဂူအတွင်းသို့ အလင်းရောင် ကောင်းစွာဝင်ရောက်နိုင်ရန် အလင်းပေါက်များ ဖောက်ထားသည်။ ခန်းမအတွင်း၌ သဲကျောက်ဖြင့်ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိပြီး သာဝကနှစ်ပါးရုပ်တုနှင့် မျက်နှာကြက်ရှိ ရဟန္တာနှစ်ပါးရုပ်တုတို့ကို ဖောင်းကြွထုလုပ်ထားသည်။

ကျောက်ဂူဥမင်အတွင်း တွေ့ရှိခဲ့သည့် ကျောက်စာတွင် သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် စည်သူမင်းကြီးသည် နတ်ထမင်းရသော 'သခင်ထံပါ'၏ ဘုရားကို ကျွန်စသည်တို့ လှူဒါန်းခဲ့ကြောင်းနှင့် ဥဇနာမင်းလက်ထက်တွင်လည်း ဆက်လက်လှူဒါန်းကြောင်း ရေးထိုးထားကြောင်း ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ဖတ်ရှုရသည်။ ကျောက်စာပါ စာသားများအရ နရပတိစည်သူမင်း လက်ထက်တွင် ကျောက်ဂူဥမင်၌ သခင်ထံပါ ဘွဲ့အမည်ရှိသော မထေရ် သီတင်းသုံးခဲ့ကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

ဥမင်အပြင် နံရံအပေါ်ပိုင်းတွင် ဘီလူးပန်းဆွဲများ၊ အောက်ပိုင်းတွင် ရွက်ချွန်းပုံပန်းထောင်များဖြင့် အလှဆင်ထားသည်။ အဝင်မုခ်ဝ ဝဲယာနှစ်ဖက်တွင် ယက္ခဂုမ္ဘာန်ရုပ်နှင့် ကြာပန်းများကြား၌ ကိန္နရီ၊ ကိန္နရာရုပ်၊ ခြသေ့၊ ကျား၊ သမင် စသောပုံများကို ကျောက်အုတ်များစီ၍ ထွင်းထုထားသည်။ အာရုံခံတိုက်မ ပတ်လည်တွင်လည်း ကျောက်ပန်းခက်ကြီးများကို လှပစွာ ပြုလုပ်ထားပေသည်။

အစဉ်အလာ ဆိုစကားများအရ နရပတိစည်သူမင်း လက်ထက်တွင် အရှင်ပဏ္ဍိတမထေရ်သည် မိမိ၏ စင်ကြယ်သောသီလကို သစ္စာဆိုလျက် ခဲသွေးကျောက်နှင့် ခဲမကို ဧရာဝတီမြစ်အတွင်းသို့ ပစ်ချခဲ့ရာ ကျောက်နှင့် ခဲသည် ရေတွင် ကူးခတ်သွားခဲ့သည်။ နရပတိစည်သူသည် မထေရ်မြတ်ကို ကြည်ညိုကာ ဧရာဝတီမြစ်ချောက်ကမ်းပါးတွင် ဥမင်တူး၍ လှူဒါန်းခဲ့ပြီး ခဲသွေးကျောက် ရေကူးသွားခဲ့သည်ကို အစွဲပြု၍ ကျောက်ကူးဥမင်ဟုလည်း ခေါ်ဆိုခဲ့ကြောင်း ပြောဆိုကြသော်လည်း ပညာရှင်များက ဥမင်နှင့် ကျောက်ဆင်းတု လက်ရာများအရ ကျောက်ဂူဥမင်သည် နရပတိစည်သူမင်း လက်ထက်မတိုင်မီ နှစ် ၁၀၀ ဝန်းကျင်ကပင် တည်ရှိနိုင်ခဲ့ကြောင်း သုံးသပ်ခဲ့ကြသည်။

ကျောက်ဂူဥမင်၏ ဗိသုကာလက်ရာ ထူးခြားချက်သည် ဥမင်၏ အောက်ထပ်လိုဏ်အတွင်းသို့ အလင်းရောင်ဝင်ရောက်နိုင်ရန် မွန်းတည့်ပေါက်များ ဖောက်လုပ်ထားခြင်းဖြစ်သည်။ မွန်းတည့်ပေါက်ကို ဥမင်အပေါ်ထပ် အမိုးမှတစ်ဆင့် အလင်းရောင်ဝင်ရောက်ရန် စီစဉ်ထားသည်။

**နန်းဘုရား**

သဲကျောက်များဖြင့်တည်ဆောက်ထားသည့် နန်းဘုရားသည် ခရစ်နှစ် ၁၂ ရာစုလက်ရာဖြစ်ပြီး မြင်းကပါအရပ်ရှိ မနူဟာဘုရား၏ အနောက်တောင်ဘက်တွင် တည်ရှိသည်။ အရှေ့အရပ်သို့ မျက်နှာပြုထားသည့် နန်းဘုရား၏ အပြင်မျက်နှာစာအားလုံးကို ကျောက်ဂူဥမင်ကဲ့သို့ ကျောက်ချပ်များစီ၍ ပြုလုပ်ထားကာ အတွင်းနံရံများကို အုတ်များဖြင့် ပြုလုပ်ထားသည်။ နန်းဘုရားကို နရပတိစည်သူမင်း၏ သားမက်၊ မနူဟာမင်း၏မြစ် နာဂသမန်းက မိမိ၏ဘေးတော် မနူဟာမင်းကြီး စံခဲ့သည့်နေရာ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့ကြောင်း အဆိုရှိသည်။

နန်းဘုရား၏ ပန္နက်ပုံသည် လေးထောင့်စပ်စပ်ဖြစ်ပြီး ပုဂံစေတီပုထိုးများတွင် ကိုယ်ပိုင်ဟန်ဖြင့် တည်ဆောက်ထားသည့် ထူးခြားသော အဆောက်အအုံတစ်ခုဖြစ်သည်။ ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့် ဂူဘုရားဖြစ်ပြီး အပြင်နံရံအခြေ ပတ်လည်တွင် ကလသာအိုးပုံစံ ခံလျက် အထက်တွင် ဟင်္သာရုပ်များ ထုလုပ်ထားသည်။

ဘီလူးပန်းဆွဲများကို ကျောက်သားတစ်တုံးစီတွင် ထုလုပ်ထားသည်။ နန်းဘုရား၏အပြင်ရှိ ကျောက်ပြတင်းများသည် အလွန်လက်ရာမြောက်ပြီး ပြတင်းပတ်လည်တွင် ခြူးပန်းခြူးနွယ်များ ထုလုပ်ထားသည်။ ပြတင်းတစ်ဖက်တစ်ချက်တွင် မကာန်းပုံနှင့် အလယ်ငှက်ပျောဖူးတွင် နတ်သမီးရုပ်ကို ထုလုပ်ထားသည်။ ကျောက်ဂူဥမင်တွင် တွေ့ရှိရသည့် ကျောက်ပြတင်းပေါက်များကဲ့သို့ပင် နန်းဘုရား ကျောက်ဇာပြတင်းများသည် ကျောက်သားကို အချပ်လိုက် ထွင်းဖောက်ထားသည်။

နန်းဘုရား ဂူအတွင်း၌ ပုဂံခေတ်ကျောက်ဆစ်လက်ရာများတွင် အကောင်းဆုံးဟုဆိုနိုင်မည့် လက်ရာများကို မြင်တွေ့နိုင်သည်။ နန်းဘုရား၏ ဂူမကြီးအတွင်း၌ ကွန်းတိုင်စင် လေးတိုင် ထူထားသည့် ကျောက်တိုင်ကြီးလေးခု၏ မျက်နှာစာ ၁၆ ဘက်တွင် ဗြဟ္မာရုပ်ကြီးများနှင့် ဘီလူးပန်းဆွဲများ၊ ဘီလူးပန်းကိုက် ပန်းပုံစံများ၊ ကနုတ်ပန်းများကို ကျောက်ချပ်များစီ၍ ထုလုပ်ထားသည်။ တိုင်တစ်တိုင်တွင် ဗြဟ္မာရုပ်ကြီး နှစ်ရုပ်စီရှိပြီး ဗြဟ္မာရုပ်ကြီးများသည် ကြာဖတ်ပေါ်တွင် ထိုင်လျက် လက်နှက်ဖက်ပေါ်တွင် ကြာဖတ်၊ ကြာပွင့်များ တင်ထားပုံကို မြင်ကြရသည်။

နန်းဘုရားသည် ရာသီဥတုဒဏ်အပါအဝင် ထိခိုက်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း လွန်ခဲ့သည့် နှစ် ၉၀၀ ဝန်းကျင်က ထုလုပ်ခဲ့သည့် ပုဂံခေတ် ကျောက်ဆစ်လက်ရာများကို အစဉ်အဆက် ထိန်းသိမ်းခဲ့သဖြင့် ယနေ့တိုင် ကောင်းစွာ မြင်တွေ့လေ့လာနိုင်ကြပေသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစွာ စုစည်းတည်ရှိနေသည့် ပုဂံသည် မည်သည့်အချိန်ရောက်ရောက် ကြည့်၍မဝ၊ ပြ၍မကုန်နိုင်အောင် အနုလက်ရာများ အမြောက်အများတည်ရှိနေပေရာ ကျောက်အဆောက်အအုံများ အပါအဝင် ယဉ်ကျေးမှု အမွေအနှစ်များ အားလုံးကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။ ။

**ကိုးကား။** ။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၁)
ပုဂံသုတေသနလမ်းညွှန်(ဦးဗိုလ်ကေ)



ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သည့် ကလောမြို့နယ် ဥပဒေရုံး၏ ဝန်ထမ်းအိမ်ရာအုတ်ညှပ် တစ်ထပ် အဆောက်အအုံကို မတ် ၃ ရက်က ရှမ်းပြည်နယ်ဥပဒေချုပ်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ် (မြို့နယ် ပြန်/ဆက်)

## သတင်းတိုများ

### သုံးခွမြို့ ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ ဆုတောင်းပြည့် လာဘမုနိ မြို့ဦးစေတီတော်၏ (၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဓမ္မပူဇာသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၉ ရက်မှ ၁၂ ရက်အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း၊ မတ် ၉ ရက်မှ ၁၁ ရက်အထိ ဆရာတော်များက တရားတော်များ ညစဉ်ဟောကြားကာ မတ် ၁၂ ရက် တပေါင်းလပြည့်နေ့တွင် ဘုရားအနေကဇာတင်ခြင်း၊ ဆွမ်းကပ်ခြင်းနှင့် သံဃာများအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

မြို့နယ် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sports Development Programme)အရ ကျင်းပသည့် မြိတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို မြိတ်ခရိုင်အားကစားခန်းမ၌ မတ် ၄ ရက်နှင့် ၅ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မြိတ်တက္ကသိုလ်(ခ)အသင်းနှင့် နည်းပညာတက္ကသိုလ်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

### ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေဖြင့် မြို့နယ်အတွင်းရှိ စစ်ကုန်း-အင်းဓဝယ်-ဗိုလ်မြတ်ထွန်း လမ်းပိုင်းတွင် ကွန်ကရစ်ခင်းလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုကို ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဆောက်လုပ်ရေးတာဝန်ရှိသူများ မတ် ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါလမ်းကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ် ၃၈ သိန်းကျော်နှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၄၆ သိန်းကျော်ဖြင့် ကွန်ကရစ်ခင်းခြင်းဖြစ်ပြီး လမ်းအရှည် ၁၃၀၀ ပေတွင် အကျယ်သုံးပေစီရှိသည့် နှစ်လမ်းသွားကွန်ကရစ်လမ်းအဖြစ် ခင်းခြင်းဖြစ်ကြောင်း၊ လမ်းပြီးစီးပါက အင်းဓဝယ်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာရေးကို ပို၍ကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

### ကျေးရွာနေပြည်သူများ ပညာပေးဟောပြော

ကရင်ပြည်နယ် လိပ်သိုမြို့နယ် ဒါရိုးကျေးရွာအုပ်စု ခဲချောင်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တောင်သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လိပ်သိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နွယ်နွယ်အေးက လူကုန်ကူးမှုအကြောင်းနှင့် တားဆီးကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဌေးက တောင်သူများအား ကော်ဖီပင်စိုက်ပျိုးနည်း၊ ကိုင်းကူးကိုင်းဆက် စိုက်ပျိုးနည်းများအကြောင်းကို ပညာပေးဟောပြောပြီး ဒေသခံတောင်သူများ စိုက်ပျိုးထားသော သီးနှံပင်များနှင့် စိုက်ပျိုးထားပုံများကို ကြည့်ရှုကာ အပင်များအတွက် မြေသြဇာကျွေးနိုင်သည့် နည်းလမ်းများနှင့် ပိုးသတ်ဆေးအသုံးပြုပုံများကို လက်တွေ့ပြသ လမ်းညွှန်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကသာမြို့တွင်နွေရာသီအားကစားသင်တန်းများဖွင့်မည်

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ကသာခရိုင် အား/ကာမှ ဦးစီး၍ ကျောင်းသားကျောင်းသူများအတွက် နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖွင့်လှစ်မည့် အားကစားနည်းသင်တန်းများမှာ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒိုနှင့် သိုင်းသင်တန်းများဖြစ်ပြီး မတ် ၁၇ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသူ ကျောင်းသား လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းက ပြောကြားသည်။

**လှအောင်(ကသာ)**

## သဘာဝဘေးကြောင့် သီးနှံပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်

ကချင်ပြည်နယ် မန်စီမြို့နယ်တွင် သဘာဝဘေးကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက် ပျက်စီးသည့် တောင်သူများအတွက် ကချင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို မန်စီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၄ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတူးမိုင်၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက တောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သော စိုက်ပျိုးမြေ ၃၉၆ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၉၆၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

## ရမည်းသင်းမြို့အမှတ်(၁) အထကတွင် လမ်း၊တံတား၊ ကျောက်တိုင် အောင်ပွဲရေစက်ချ

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မတ် ၄ ရက် နံနက် ၇ နာရီခွဲက လမ်း၊ တံတား၊ ကျောက်တိုင်အောင်ပွဲ ရေစက်ချအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး တရားကို နာယူကာ ရေစက်သွန်းချ အမျှပေးဝေသည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်မြတ်အောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးဆန်နီ၊ ဦးသန့်စင် (စိန်ရတနာရွှေဆိုင်) တို့က မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်က ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။



အဆိုပါအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကြီးသည် လွန်ခဲ့သော နှစ်တစ်ရာကျော်က စတင်ဖွင့်လှစ်ခဲ့သော နှစ်တစ်ရာကျော် ကျောင်းကြီးဖြစ်သည်ဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုသူ ၁ ရာခိုင်နှုန်းပင် မပြည့်

**မုံရွာ မတ် ၆**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို မုံရွာမြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကော်မရှင်က ထုတ်ပြန်ကြော်ငြာထားသော်လည်း လာရောက်ကြည့်ရှုသူဦးရေမှာ ၀ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး PACE အဖွဲ့မှ သိရသည်။

ယုံကြည်ရသောရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့(PACE)၏ စစ်ကိုင်းတိုင်းဒေသကြီး ညှိနှိုင်းရေးမှူး ကိုဇော်သူရိန်ထွန်းက “အရင်ကထက်တော့ စိတ်ဝင်စားမှုက အတော်နည်းသွားပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲလည်းဖြစ်ပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီအလေ့အထ အလွန်အားနည်းသေးတာကြောင့် လာကြည့်တာနည်းတယ်လို့ မြင်ပါတယ်။ အရင် အထွေထွေရွေးကောက်ပွဲတုန်းက ပြည်သူအများစုရဲ့ ထောက်ခံမှုအားနဲ့ NLD ပါတီ အနိုင်ရသွားပြီး အစိုးရလည်း ဖြစ်သွားပြီဆိုတော့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ စိတ်အေးသွားတာမျိုးလည်း ပါပါတယ်။ တစ်ဖက်ကလည်း ကြားဖြတ်ရွေးကောက်ပွဲဖြစ်တဲ့အတွက် ပါတီခေါင်းဆောင်တွေအနေနဲ့ မဲဆွယ်စည်းရုံးတာမျိုးလည်း မရှိတော့ဘူး။ မဲဆန္ဒနယ်မှာ ယှဉ်ပြိုင်မယ့်အမတ်လောင်းတွေက ကိုယ့်ဘာသာကိုယ် မဲဆွယ်ရတာဆိုတော့ ပါတီတွေအနေနဲ့လည်း အုံနဲ့ကျင်းနဲ့ မဲဆွယ်တာ မရှိတော့ဘူး။ မရှိတော့ လူတွေရဲ့စိတ်ပါဝင်စားမှုက အရင် အထွေထွေရွေးကောက်ပွဲလောက် စိတ်ဝင်စားမှု မရှိတော့ဘူးပေါ့” ဟု ပြောသည်။

PACE အနေဖြင့် ပြည်သူများအား ကြားဖြတ်ရွေးကောက်ပွဲကို သိပါသလားဟူသည့်မေးခွန်း မေးမြန်းစာရင်းကောက်ယူခဲ့ရာ စစ်တမ်းကောက်ယူသည့် လူအရေအတွက်၏ ၆၅ ရာခိုင်နှုန်းက သိရှိသည်ဟုဖြေဆိုသည်ကို ကောက်ယူရရှိကြောင်း သိရသည်။ မဲစာရင်းများကို မဲဆန္ဒရှင်တို့၏ အိမ်တိုင်ရာရောက်သွားရောက်၍ ကောက်ယူပြုစုခြင်းများတွင်လည်း PACE အဖွဲ့အနေဖြင့် လေ့လာစောင့်ကြည့်ခဲ့သလို ရပ်ကွက်နှင့် ကျေးလက်ရုံးများ၌ မဲဆန္ဒရှင်စာရင်းကို ကြေညာပေးရာတွင် မြင်သာထင်သာရှိမရှိကိုလည်း လေ့လာစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မဲဆွယ်စည်းရုံးနေကြပြီဖြစ်သည့် ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိကို လေ့လာစောင့်ကြည့်လျက်ရှိကာ ဧပြီ ၁ ရက် ရွေးကောက်ပွဲကျင်းပရာတွင်လည်း မုံရွာမြို့နယ်အတွင်းမှ မဲရုံများကို လှုပ်ရှားမှုအဖွဲ့ဝင် ၄၈ ဦးဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လှိုင်သာယာတွင် လမ်းပေါ်ဈေးသည်များကြောင့် သွားလာရေးအခက်အခဲများဖြစ်နေ

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးဖြစ်သည့် လှိုင်သာယာမြို့နယ်ထဲမှ ဈေးများအနီး လမ်းအချို့ပေါ်တွင် ဈေးရောင်းချနေကြသည့် လမ်းပေါ်ဈေးသည်များကြောင့် လမ်းပိတ်ဆို့မှုနှင့် ပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်နေကြကြောင်း သိရသည်။

လမ်းပေါ်ဈေးသည်များ အများဆုံးရောင်းချနေသော ပိတောက်မြိုင်ဈေးအနီး ဖိုးရာဇာလမ်းမကြီးပေါ်ရှိ လမ်းပေါ်ဈေးသည်များနှင့် လမ်းပေါ်ပိတ်ဆို့ ရပ်နားထားသော ဆိုက်ကားများကို ဈေးတာဝန်ခံများက မတ် ၃ ရက်က ရှင်းလင်းဆောင်ရွက်စဉ် လမ်းပေါ်ဈေးဆိုင်တစ်ဆိုင်ကြောင့် ယာဉ်တစ်စီး ကားမီးသီးကွဲသွားရာမှ ယာဉ်မောင်းက ယာဉ်ကို ပိတ်ရပ်ထားသည့် ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့ပြီး ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန် ဈေးတာဝန်ခံအဖွဲ့က ဖြေရှင်းဆောင်ရွက်ခဲ့ကြရကြောင်း သိရသည်။

“ဝမ်းရေးအတွက် ဈေးရောင်းတာကိုကျွန်တော်တို့ နားလည်ပါတယ်။ ရပ်ကွက်လမ်းဆုံ၊ လမ်းထိပ်တွေမှာ ဈေးဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် တိုးလာတယ်။ ဈေးနဲ့နီးတော့ လူသွားလူလာများတယ်။ နိုင်ငံသားတစ်ယောက် အနေနဲ့ လမ်းစည်းကမ်းကိုမသိရင်တောင် လူမှုရေးတော့သိထားရမယ်။ အခု လမ်းကွေ့မှာ နွားနို့ဆိုင်ဖွင့်တယ်။ မုန့်ဟင်းခါးဆိုင်ဖွင့်တယ်။ ဆိုက်ကားသွားရင် လူသွားလို့မရတော့ဘူး။ ကားကွေ့တော့ ဆိုင်အမိုးနဲ့ ကားအမိုးငြိတယ်။ ကားရှေ့မီးသီးနဲ့ငြိတယ်။ ကျွန်တော်တို့လည်း ကားလေးဆွဲပြီး ဝမ်းရေးဖြေရှင်းနေရတာ။ ကြပ်ကြပ်မတ်မတ် ရှင်းလင်းဆောင်ရွက်မယ်ဆိုရင် လှိုင်သာယာမှာ လမ်းပေါ်ဈေးသည် ပပျောက်သွားမှာပါ။ အခု လမ်းထိပ်တိုင်းမှာ ဈေးသည်တွေနဲ့ ပိတ်နေပြီ။ ရှင်းလင်းဆောင်ရွက်နိုင်မှု မလုပ်နိုင်ရင် ကျူးကျော်ဈေးဆိုင်တွေက မီးဘေးအတွက်လည်း စိုးရိမ်နေရတယ်”ဟု လမ်းပေါ်ဈေးဆိုင်ကြောင့် ကားမီးသီးကွဲသွားသော ယာဉ်ပိုင်ရှင်က ပြောသည်။



လှိုင်သာယာမြို့နယ်အတွင်းမှ ဈေးအားလုံးဝန်းကျင်ရှိ ကွန်ကရစ်လမ်းများပေါ်တွင် လမ်းပေါ်ဈေးသည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိရာ အဆိုပါလမ်းများတွင် သွားလာရသော ပြည်သူများအနေဖြင့် အခက်အခဲကြုံတွေ့နေရပြီး လိုင်စင်မဲ့ဆိုက်ကားများကလည်း လမ်းများပေါ်တွင်ပင် ရပ်ထားသည့်အတွက် လမ်းပိတ်ဆို့မှုဒဏ်ကို ပြည်သူများ တစ်ပူပေါ်နှစ်ပူဆင့် ခံစားနေကြရကြောင်း ပြည်သူအချို့က ပြောသည်။ လက်ရှိအချိန်တွင် လှိုင်သာယာမြို့နယ်၌ လမ်းပေါ်ဈေးသည် ပြဿနာကို ဖြေရှင်းဆောင်ရွက်မှု မလုပ်ဆောင်နိုင်သေးသည့်အတွက် ဈေးအနီးသာမက ရပ်ကွက်အသီးသီး၏ လမ်းထိပ်တိုင်းတွင် ဈေးဆိုင်များ တိုးလာလျက်ရှိသည်ကို တွေ့မြင်နေရသည်။

**(၁၆၄)**

# မကွေးမြို့ မေတ္တာလမ်းကို အဆင့်မြှင့်တင်မည်

**မကွေး မတ် ၆**

မကွေးမြို့၏ အဓိကလမ်းမကြီးနှစ်ခုဖြစ်သည့်ပြည်တော်သာလမ်းနှင့်တောင်တွင်းလမ်းတို့အကြား ဆက်သွယ်ထားသော မေတ္တာလမ်းကို အဆင့်မီကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မတ် ၇ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိန်သန်းငွေက "၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ ကျပ် ၈၅၅ သိန်း အသုံးပြုပြီး အရည်အသွေးစံမမီတော့တဲ့ မူလလမ်းကို အရှည် ၃၄၀၀ ပေ၊ အကျယ် ၁၆ ပေ၊ ၉ လက်မထုရှိတဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ လမ်း ရေရှည်ကောင်းမွန်ဖို့အတွက် အကျယ် ၃ ပေ၊ အနက် ၃ပေ ရေနုတ်မြောင်းကိုလည်း ဆက်လုပ်ပါမယ်။ လုပ်ငန်းဆောင်ရွက်ဖို့ ပစ္စည်းတွေစုပုံနေပါပြီ"ဟု ပြောသည်။

လမ်းအဆင့်မြှင့်တင်မည့် အစီအစဉ်များ၊ သုံးစွဲမည့် ပစ္စည်းအရေအတွက်နှင့် ဈေးနှုန်းများနှင့် ပတ်သက်၍လည်း မေတ္တာလမ်းဘေးဝဲယာတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၂၀ ရက်က ဌာနသို့ဖိတ်ကြား၍ ချပြရှင်းလင်းခဲ့ပြီးဖြစ်ကာ ပြည်သူများ၏ မေးမြန်းချက်များအပေါ် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း အင်ဂျင်နီယာမှူးက ဆိုသည်။

"ဘာပဲလုပ်လုပ်၊ ဘယ်သူ့ငွေနဲ့ပဲလုပ်လုပ် ရှင်းရှင်းလင်းလင်း အသိပေးဆောင်ရွက်တာ ကောင်းပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပွင့်လင်းမြင်သာစွာ ချပြရမယ်လို့ လမ်းညွှန်ထားတယ်လို့ သိရပါတယ်။ စည်ပင်က သူတို့ပြောတဲ့အတိုင်း လုပ်မလုပ်ဆိုတာကတော့ စောင့်ကြည့်ရမှာပေါ့"ဟု အဆိုပါလမ်းတွင်နေထိုင်သည့် ပြည်သူတစ်ဦးက ၄င်း၏အမြင်ကို ပြောသည်။

လမ်းအဆင့်မြှင့်တင်ရာတွင် ပါဝင်သည့် ရေနုတ်မြောင်းလုပ်ငန်း ဆောင်ရွက်နေသည့်ကာလအတွင်း အိမ်သုံးနှင့် လုပ်ငန်းသုံးရေများကို လမ်းပေါ်သို့ ဖောက်ချခြင်းမပြုရန်နှင့် လမ်းမျက်နှာပြင်ထက်မြင့်နေသော မြေသားများကို လမ်းပခုံးဖြတ်ထုတ်ခြင်း ဆောင်ရွက်ပါက အိမ်ရှင်များအနေဖြင့် အကူအညီပေးပါရန် စည်ပင်သာယာရေးအဖွဲ့မှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ကျိုက်ကေလာသဆံတော်ရှင် ဘုရားပွဲတွင် မွန်၊ မြန်မာ၊ ထိုင်း ရိုးရာလက်ဝှေ့ပွဲ ပါဝင်မည်

**ရေး မတ် ၆**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ရှိ ကျိုက်ကေလာသဆံတော်ရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ရက်များအတွင်း မွန်၊ မြန်မာ၊ ထိုင်း ရိုးရာလက်ဝှေ့ပွဲကို မတ် ၉ ရက်မှ ၁၃ ရက်အထိ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လက်ဝှေ့ပွဲတွင် ပြည်တွင်းလက်ဝှေ့အားကစားသမားနှင့် ထိုင်းနိုင်ငံ လက်ဝှေ့သမားများ ယှဉ်ပြိုင်ကြမည့် အထူး လေးချီစိန်ခေါ်ပွဲများအဖြစ် ဖစ်မိုင်(ထိုင်း)နှင့် ထွန်းလှမ်းမိုး(နဂါးမာန်)၊ ဖစ်အေ(ထိုင်း)နှင့် ရွှေရာမာန်(၁၈၈၆)၊ ဖစ်နခွန်း(ထိုင်း)နှင့် စောမင်းအောင် (တောင်ကလေး)တို့ တွဲဆိုင်းများ ပါဝင်မည်ဖြစ်ပြီး ပြည်တွင်း သုံးချီလက်ဝှေ့ပွဲစဉ်များအဖြစ် ထက်ကောင်းနှင့် သူသူဟိန်းတွဲဆိုင်း၊ ဇာတ်ကျော်သြိမန်နှင့် ဇာတ်လျှံမန်တွဲဆိုင်းများ ပါဝင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ကျိုက်ကေလာသဆံတော်ရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် အဆိုပါ လက်ဝှေ့ပွဲစဉ်များအပြင် မွန်နှင့် မြန်မာ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်များ၊ မွန်ပြည်နယ် ဇာတ်သဘင်အဖွဲ့များ၏ ဇာတ်ပွဲများလည်း ပါဝင်မည်ဖြစ်ကာ ဈေးဆိုင်ခန်းများလည်း ခင်းကျင်းရောင်းချ၍ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ရှမ်းတိုင်းရင်းသားဘာသာစကား သင်တန်းဖွင့်

**တန့်ယန်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် ရှမ်းတိုင်းရင်းသားဘာသာစကား တတ်မြောက်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် ဆက်သွယ်ပြောဆိုရာတွင် အဆင်ပြေပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ရှမ်းတိုင်းရင်းသားဘာသာစကား သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃ ရက်မှစ၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း နာယက ဦးစိုင်းယီထွန်းက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ တန့်ယန်းမြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ စာရေးဝန်ထမ်းများ အပါအဝင် ဌာနဆိုင်ရာအသီးသီးမှ စိတ်ပါဝင်စားသည့် သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းတွင် တန့်ယန်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ နည်းပြဆရာ ရှစ်ဦးက သင်ကြားမည်ဖြစ်ကာ သင်တန်းကာလမှာ ဧပြီ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

# ဆောင်းမြေပဲအထွက်နှုန်းနည်း၍ တောင်သူများ တွက်ခြေမကိုက်ဖြစ်

**ညောင်ဦး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဆောင်းသီးနှံအဖြစ် သုံးလမြေပဲခေါ် ပင်ထောင်ပဲများကို မြစ်ရေတင်ကြီးများမှရေဖြင့် စိုက်ပျိုးခဲ့ရာတွင် ယခုမြေပဲပေါ်ချိန်တွင် အထွက်နှုန်းနည်းသဖြင့် တွက်ခြေမကိုက်ဘဲဖြစ်နေကြကြောင်း သိရသည်။

မြေပဲအထွက်နှုန်း နည်းသည့်အပြင် ယာခင်းအချို့မှာ မြစ်ရေတင်မှုရေ တိုက်ရိုက်မရောက်သောကြောင့် စိုက်ပျိုးစဉ်က ရေစုပ်စက်များနှင့်ရေတင်၍ စိုက်ပျိုးခဲ့ကြရသဖြင့် စက်မောင်းဆီစရိတ်၊ ရေသွင်းစိုက်ပျိုးရန်အတွက် လူငှားခစရိတ်များ အပိုကုန်ကျခဲ့ကြောင်း သိရသည်။

"ကျွန်မ မြေပဲစိုက်တာ တွက်ခြေမကိုက်ဘူး။ ရေကလေးကြိမ်သွင်းရတယ်။ တစ်ကြိမ်ရေသွင်းရင် နှစ်သောင်းလောက်ကုန်တယ်။ ရေကလည်း နံနက် ၁၁ နာရီလောက်မှ ယာခင်းထဲရောက်တယ်။ ရေသွင်းလူငှားခက တစ်နေကုန် ငါးထောင် ကျပ်ပေးရတယ်။ ယာခင်းထဲ ရေမရောက်မချင်း စောင့်နေရတာ။ တစ်ခါတလေ ရေမလာလို့ ရေမသွင်းရလည်း လူငှားခက နေ့တွက် ငါးထောင်နှုန်း ပေးနေရတာပါပဲ။ အဲဒါလည်း တွက်ခြေမကိုက်တာ တစ်မျိုးပေါ့။ ယာခင်းထဲမှာ မြောင်းမကြီးရှိပါလျက်နဲ့ စက်နဲ့ ရေသွင်းစိုက်ရတာကလည်း တောင်သူတွေမှာ တွက်ခြေမကိုက်တာ တစ်မျိုးပါ"ဟု သူကောင်းတည်မြစ်ရေတင်မှုရေကို ရေစုပ်စက်ဖြင့် တင်၍ ဆောင်းမြေပဲစိုက်ခဲ့သည့် တောင်သူဒေါ်ကြည်သိန်းက ပြောသည်။

ညောင်ဦးမြို့နယ်၌ ယခုနှစ်တွင် စိုက်ပျိုးခဲ့သော ဆောင်းမြေပဲများမှာ အထွက်နှုန်းနည်းခြင်းကြောင့် ရေတင်စိုက်ပျိုးရသည့် တောင်သူများရော၊ ရေမတင်ဘဲ စိုက်ပျိုးနိုင်သည့်များပါ အများစုအနေဖြင့် တွက်ခြေမကိုက်ကြသည့်အပြင် စိုက်ပျိုးစဉ်ကာလတွင်လည်း ပိုးကျမှုများရှိသဖြင့် ဆေးဖျန်းခဲ့ရသည့်အတွက်လည်း ကုန်ကျစရိတ်များ ရှိခဲ့ကြောင်း တောင်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# ချောင်းဆုံမြို့နယ်၌ မဲရုံလုပ်ငန်းဆောင်ရွက်ပုံများ ဆင့်ပွားသင်တန်းဖွင့်လှစ်

**ချောင်းဆုံ မတ် ၆**

ကြားဖြတ်ရွေးကောက်ပွဲကာလတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း မဲရုံများ၌ မဲရုံမှူးနှင့် ဒုမဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများအား မဲရုံလုပ်ငန်းဆောင်ရွက်ပုံများ ဆင့်ပွားသင်တန်းကို ချောင်းဆုံမြို့အရှေ့ပိုင်းရပ်ကွက်ရှိ ကျွန်းသာယာခန်းမ၌ မတ် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် ဒုမဲရုံမှူးများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးလွန်းငွေက အမှာစကားပြောကြားကာ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်နှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက မဲရုံလုပ်ငန်းဆိုင်ရာများ သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံအတွင်းသို့ ဝင်ခွင့်ရှိသူများအကြောင်း၊ ခိုင်လုံမဲပုံစံနှင့် ပယ်မဲပုံစံများ၊ မဲရုံနေရာချထားခြင်းပုံစံနှင့် ကြိုတင်ပြင်ဆင်မှုများ၊ မဲရုံသုံးပစ္စည်းများကို အသုံးပြုပုံ၊ ဆန္ဒမဲများကို ရေတွက်ခြင်းနှင့် ရလဒ်များကို စုစည်းခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင်များ မဲပေးရာတွင် မဲရုံစည်းကမ်းများနှင့်အညီ တန်းစီဝင်ထွက်နိုင်ရန် ကြီးကြပ်ခြင်းစသည့် အကြောင်းအရာများကို တာဝန်ရှိသူများက ကဏ္ဍအလိုက် မတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသို့ ချောင်းဆုံမြို့နယ်အတွင်း ထားရှိမည့် မဲရုံ ၂၂ ခုတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် ဒုမဲရုံမှူးများ စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## နွေရာသီကျောင်းပိတ်ရက် အခြေခံကွန်ပျူတာသင်တန်းဖွင့်

**မိုင်းယောင်း မတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက် အခြေခံကွန်ပျူတာ အခမဲ့ပညာဒါနသင်တန်းကို မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ Community Centre ၌ မတ် ၄ ရက်က စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ကွန်ပျူတာပညာ အခြေခံကို စနစ်တကျ နားလည်သိရှိစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကို မိုင်းယောင်းမြို့နယ် ပရဟိတလူငယ်များအဖွဲ့မှ ဦးဆောင်၍ အခမဲ့ပညာဒါနအဖြစ် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့ တက်ရောက်လေ့လာ သင်ယူနိုင်ကြောင်း သိရသည်။ အဆိုပါ သင်တန်းချိန်အပြင် ပြည်သူ့ဝန်ထမ်းများ အဆင်ပြေစွာ လေ့လာသင်ယူနိုင်ရန် စနေနှင့် တနင်္ဂနွေ(ညပိုင်း) အချိန်များတွင်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နတ်မှော်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည်ပေ ၁၅၀၀ ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်လျက်ရှိရာ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေသည်ကို မတ် ၃ ရက်က တွေ့ရစဉ်။**

မြင့်နိုင်(ပြည်)

# တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း လုပ်ငန်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရှင်းလင်းဆွေးနွေး

**ကလိန်အောင် မတ် ၆**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ) စတုတ္ထလေးနှစ်တာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (မူကြမ်း) ရှင်းလင်းတင်ပြဆွေးနွေးပွဲကို မတ် ၄ ရက်က ကလိန်အောင်မြို့မိကျောင်းလှောင်းရွာသစ်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီသဘာဝကြိုးဝိုင်း ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးချစ်လှိုင်ဝင်းက အမှာစကားပြောကြားပြီး တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ စီမံကိန်းဦးစီးအရာရှိ ဦးကျော်ဝဏ္ဏက စီမံကိန်း၏ တတိယ လေးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ စီမံကိန်းမှ WCS တာဝန်ခံ ဒေါ်ခင်မျိုးမျိုးက စီမံကိန်း၏ စတုတ္ထ လေးနှစ်တာကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်မူကြမ်းကို အဆိုပြုရှင်းလင်းတင်ပြသည်။ ထို့နောက် သစ်တောဦးစီးဌာနမှ နယ်မြေခံတောအုပ်များက တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အုပ်စုများဖွဲ့၍ ဆွေးနွေးကြကာ ဆွေးနွေးမှုရလဒ်များတင်ပြခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းမှ ဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် စီမံကိန်း တာဝန်ရှိသူများ၊ တနင်္သာရီ သဘာဝ ကြိုးဝိုင်းမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ကလိန်အောင် (ပြန်/ဆက်)**

# စခန်းသွင်းလေ့ကျင့်နေသော လက်ရွေးစင်အားကစားသမားများအား ကြည့်ရှုအားပေး



**ရန်ကုန် မတ် ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အဖွဲ့သည် မတ် ၅ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းသို့ရောက်ရှိရာ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာသေနတ်ပစ်အားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက ပြိုင်ပွဲဝင်ပစ်ခတ်သည့် လေပစ္စတိုနှင့် လေရိုင်ဖယ်သေနတ်များ၊ ရိုင်ဖယ်ပစ်အင်္ကျီ၊ ကျည်ဆန်၊ ဖိနပ်၊ လက်အိတ်နှင့် မျက်မှန်များကိုပြသ၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.Sc Sports သင်တန်းသားသင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းသို့ရောက်ရှိရာ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ ရေကူးကန်အတွင်း ရေကူးလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး (ငြိမ်း) ဦးမျိုးမြင့်က မသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်းတွင် တည်ဆောက်ထားသော အားကစားအဆောက်အအုံများ၊ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်မည့် အားကစားသမားဦးရေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်စိုး(မြန်မာ့အလင်း)**

**ထင်သာမြင်သာ ပြုပြင်စရာ**

# မှုန်ဝါးနေသော ဦးထွန်းငြိမ်းလမ်းပေါ်က ကားကြည့်မှန် အမြန်လဲပေးစေလို



**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်း ဖြတ်သန်းကာ ရပ်ကွက်အတွင်း ကြားဖြတ်လမ်းအဖြစ် ဖောက်လုပ်ထားသော ဦးထွန်းငြိမ်းလမ်းသည် နေ့စဉ်ယာဉ်သွားလာမှုများပြားလျက်ရှိရာ လမ်းတံတောင်ဆစ်ကွေ့ကြောတွင် မမြင်ကွယ်ရာ နှစ်ဖက်ယာဉ်များ အသွားအလာသိနိုင်စေရန် တပ်ဆင်ထားသော ကားကြည့်မှန်သည် မှုန်ဝါးနေပြီဖြစ်သောကြောင့် သက်ဆိုင်ရာမှ အမြန်လဲပေးစေလိုကြောင်း ရပ်ကွက်နေလူထုက ပြောကြားသည်။

"ဒီလမ်းက ကြားဖြတ်လမ်း (အတွင်းလမ်း) အနေနဲ့ ဖောက်လုပ်ထားတော့ နေ့စဉ်ဖြတ်သန်းသွားနေကြတဲ့ ယာဉ်တွေက အခုဆိုအတော်ကို များလာပါတယ်။ လမ်းမကြီးတွေက ကားပိတ်တာတစ်မျိုး၊ မီးပွိုင့်ပိတ်တာတစ်မျိုးနဲ့ အိမ်စီးကားတွေနဲ့ Taxi ယာဉ်အတော်များများကတော့ ဒီလမ်းကိုပဲအသုံးပြုနေတာတွေ့ရတယ်။ ဒီလမ်းရဲ့အလယ်ပိုင်းလောက်မှာ ရှိတဲ့တစ်တောင်ဆစ်ချိုးကွေ့ကို နှစ်ဖက်ကားတွေမြင်နိုင်အောင်တပ်ထားတဲ့ကားကြည့်မှန်က အခုကြာလာတော့ မှုန်ဝါးလာပါတယ်။ ရုတ်တရက်ကားပေါ်က ကြည့်လိုက်ရင် တစ်ဖက်ကကားလာတယ်မလာဘူးဆိုတာမသဲကွဲတော့ဘူး။ ဒီမှန်အဝိုင်းကြီးကို သက်ဆိုင်ရာက အမြန်လဲပေးစေလိုပါတယ်။ အန္တရာယ်ကို မဖြစ်ခင်ကြိုတင်ကာကွယ်တာအကောင်းဆုံးပါ" ဟု ဦးထွန်းငြိမ်းလမ်းနေ ဦးစိန်ဝင်းနှင့် ရပ်ကွက်နေသူများက ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# သမိုင်းဝင်ဆုတောင်းပြည့် နဂါးရုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**အမရပူရ မတ် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မုန်တောကျေးရွာအုပ်စုရှိ သမိုင်းဝင်ဆုတောင်းပြည့် နဂါးရုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲအတိုင်း တပေါင်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုတောင်းပြည့်နဂါးရုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် အရှင်အဂ္ဂဉာဏ (သာသနဓဇဓမ္မာစရိယ အမရပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်)နှင့် ၆ ရက်နေ့တွင် အရှင်ဝိဇ္ဇောဘာသာလင်္ကာရ (နိုင်ငံတော်ဂုဏ်ထူးဆောင် သာသနဓဇဓမ္မာစရိယ၊ သာသနာပြုဓမ္မကထိက သကျသီဟသာမဏေကျော်) ဆရာတော်တို့က နေ့စဉ် ည ၈ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ပြီး လပြည့်ကျော် ၇ ရက်နံနက် ၇ နာရီတွင် သံဃာတော်အပါး ၁၀၀တို့ကို အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားသော စာရေးတံမဲများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# ကသာမြို့ထွက် ဖရဲသီးများ အဝယ်လိုက်၍ အခင်းပြတ်ရောင်းချမှုများရှိလာ

**ကသာ မတ် ၆**

မူဆယ်ဘက်မှ ပြည်ပဈေးကွက်ချိတ်ဆက်မိလာ၍ ဝယ်လို့အားရှိလာသဖြင့် ကသာမြို့နယ်



ဒေသထွက်ရှိသော ဖရဲသီးများကို အလုံးပေါ် မူတည်ပြီး အဝယ်လိုက်လာသဖြင့် ဖရဲစိုက်သူများ အခင်းပြတ်ရောင်းချနေကြောင်း သိရသည်။

"ယခုနှစ်ဖရဲစိုက်ပျိုးချိန်မှစပြီး မိုးတစ်ခါမှ ရွာသွန်းမှုမရှိတော့ ဧရာဝတီမြစ်ကမ်း အနီးစိုက်ပျိုးသူတိုင်း ဖရဲသီးဖြစ်ထွန်းကြပါတယ်။ ဒါပေမယ့် မိုးမလိုက်၍ ရေပေးမသွင်းနိုင်တဲ့ အခင်းတွေ၊ အသီးတွေ အလုံးလုပြီး ရေပေးနိုင်မှုမရှိလို့ ပြောင်ချောခြင်းမရှိ အလုံးမလုကြတာကလွဲလို့ ရောင်းတန်းဝင်လျက်ရှိပါတယ်။ အလုံးအကြီး အသေးပေါ်မူတည်ပြီး အနည်းဆုံး ငွေကျပ် ၅၀၀ မှ ငွေကျပ် ၁၄၀၀ အထိ အခင်းပြတ်ရောင်းချပေးရတယ်" ဟု ဖရဲစိုက်သူတစ်ဦးက ပြောပြသည်။

ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းအနီးနှင့် မြစ်ရေ ကျဆင်းထားသော နုန်းတင်မြေနုကျွန်းများ၊ မြစ်ကမ်းရိုးများတွင် မြေအောက်အအေးဓာတ်ရှိရာနေရာများ၌ အဓိကထားပြီး ဖရဲစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**ငွေအိုး (ကသာ)**

# ကုန်းတွင်းဆိပ်နှင့် မလွတ်ကင်းသည့် မြစ်ငယ်မြို့ အားကစားကွင်းအစား အသစ်တည်ဆောက်ပြီးစီး



**မြစ်ငယ် မတ် ၆**

Dry Port ကုန်းတွင်းဆိပ်တည်ဆောက်ရေး စီမံကိန်းမြေနေရာတွင် ပါဝင်ခဲ့သော မြန်မာ့မီးရထား မြစ်ငယ် အားကစားဘောလုံးကွင်း (လွတ်လပ်ရေးကျောက်တိုင်ကွင်း) နေရာအစား အသစ်ပြန်လည် တည်ဆောက်ပေးခဲ့သော ဘောလုံးကွင်းအသစ်မှာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘောလုံးကွင်းအသစ်တည်ဆောက်ခဲ့ရခြင်းမှာ ယခင်က ရှိပြီးသော လွတ်လပ်ရေးကျောက်တိုင် အားကစား ဘောလုံးကွင်းကြီးသည် စီမံကိန်းရှိနေသော Dry Port ကုန်းတွင်းဆိပ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းနှင့် မလွတ်ကင်း၍ နေရာအစားထိုးတည်ဆောက်ရခြင်းဖြစ်ပြီး Dry Port ကုန်းတွင်းဆိပ်သည် မြန်မာ့မီးရထားအတွက် ဝင်ငွေရရှိရန် နှစ်ရှည်အငှားချထားခဲ့ခြင်းဖြစ်သည်။ Dry Port ကုန်းတွင်းဆိပ်အား နှစ်ရှည်စီမံကိန်းဖြင့် ငှားရမ်းခဲ့ကြောင်း သိရသည်။

အသစ် ပြန်လည်တည်ဆောက်ခဲ့သော မြစ်ငယ်အားကစား ဘောလုံးကွင်းအသစ်ကြီးကို တင်ဒါစနစ်ဖြင့် ခေါ်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# စလင်းဝက်သည်းကန်ဆီသို့ အရောက်တစ်ခေါက်လာခဲ့စေချင်သည်

**စစ်ကြည်(စလင်း)**



မကွေးတိုင်းဒေသကြီးသည် မြေလတ်ဒေသဖြစ်ပြီး မြို့နယ်အားဖြင့် ၂၅ မြို့နယ်ရှိသည့်အနက် စလင်းမြို့နယ်သည် တစ်မြို့နယ်အပါအဝင်ဖြစ်သည်။ စလင်းမြို့လေးတွင် ထူးခြားစွာတည်ရှိနေသည်ကတော့ ဝက်သည်းကန်မင်္ဂလာပင်ဖြစ်ပေသည်။ စလင်းမြို့ကလေးသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမေးတင်လျက် သာယာလှပစွာ တည်ရှိနေသည်။ မကွေးမြို့နှင့် မိုင် ၄၀ ခန့်ကွာဝေးပြီး ချောက် - ဆိပ်ဖြူလမ်းကလေးမှ လှမ်းလာရင်လည်းစလင်းမြို့သို့ ရောက်နိုင်ပါသည်။ ချောက်မှလာမည်ဆိုလျှင် ၃၅ မိုင်ခန့်သာကွာဝေးသည်။ သွားလမ်းသာ၍လာလမ်းဖြောင့်ဖြူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကလည်း အထူးကောင်းမွန်လှပါသည်။

ဝက်သည်းကန်ကြီးသည် စလင်းမြို့၏ အနောက်ဘက်တွင်ကပ်၍ တည်ရှိသည်။ ဤဝက်သည်းကန်ကြီးကို သက္ကရာဇ် ၁၁၉၄ ခုနှစ် ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးက စလင်းမြို့ကို တိုင်းခန်းလှည့်လည်လာစဉ် မင်းကြီး၏မိဖုရားငယ်ရှင်စောဝက မင်းကြီးထံခွင့်တောင်း၍ တူးဖော်ပေးခဲ့သောကန်ကြီးဖြစ်သည်။ မူလကန်ကြီးကို တူးဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ မိဖုရားငယ်ရှင်စောဝ၏ အခြွေအရံသင်းပင်းများ လယ်ယာစိုက်ပျိုးရာတွင် စလင်းဒေသသည် မိုးခေါင်ရပ်ဝန်းဒေသဖြစ်၍ စိုက်ရေးပျိုးရေးကို ရာသီမရွေးလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍တူးဖော်ခဲ့ဟန်တူပါသည်။

ဤသို့တူးဖော်ရာတွင် ရှေးမြန်မာတို့၏ထုံးစံအယူအဆများအတိုင်း ကျွန်းကန္တား၊ မဏ္ဍပ်များ တည်ဆောက်ပြီး ဆိုင်ရာပိုင်ရာနယ်တော်ရှင်၊ ပါယ်တော်ရှင်များကို ပင့်ဖိတ်ပြီးဗလိနတ်စာများ ကျွေးမွေးပူဇော်ခဲ့ရာ စွန်ရဲတစ်ကောင်သည် ဝက်အသည်းတစ်ခုကို အရှေ့အရပ်မှကိုက်ချီကာ စလင်းမြို့၏ အနောက်ကုန်းတန်းတစ်လျှောက်ဝဲပျံပြီး တစ်ခုသောနေရာတွင် ဝက်အသည်းကို လွှတ်ချခဲ့ပေသည်။ ယင်းအတိတ်နိမိတ်ကိုယူ၍စွန်ရဲမှ ဝက်အသည်းလွှတ်ချခဲ့သည့်နေရာအား မင်္ဂလာယူကာ ကန်တော်မင်္ဂလာကို တူးဖော်ခဲ့သည်။ ကန်၏ အကျယ်အဝန်းကိုလည်း စွန်ငှက်ဝဲပျံသည့် နေရာအတိုင်း တူးဖော်ခဲ့သဖြင့် ကန်ကြီးကိုဝဲသည်ဟု ဆိုကြသည်။ နောက်မှ အသံညင်သာမှုကို လိုက်၍ "ဝက်သကန်" "ဝက်သည်းကန်" ဟု ဖြစ်ပေါ်လာကြောင်း သမိုင်းအဆိုအရ မှတ်သားရပေသည်။ မည်သို့ပင်ဖြစ်စေ အကြောင်းအရာနှစ်ခုကို ယုတ္တိသင့်သည် မှီမည်သို့ပင်အယူအဆကောက်ကောက်မမှားနိုင်ပါ။ ဤအချိန်မှစတင်၍ စလင်းတွင်ဝက်သည်းကန်ကြီး ပေါ်ထွန်းခဲ့သည်။

ဝက်သည်းကန်ကြီး၏ မူလအကျယ်အဝန်းမှာ အနောက်ဘက်တွင် ကန်ဘောင်ကျေးရွာအုပ်စု၊ အောက်လှိုင်းကျေးရွာအုပ်စု၊ ဆင်ကျုံးကျေးရွာအုပ်စု၊ တမာချောင်းကျေးရွာအုပ်စုများ၏ နယ်နိမိတ်အတွင်း ၁ ဒသမ ၇ စတုရန်းမိုင်၊ ဧကအားဖြင့် ၁၀၈၈ ဧက ကျယ်ဝန်းသည်။ ထိုကန်တော်ကြီးကို လွတ်လပ်ရေးရပြီး ၁၉၅၃ ခုနှစ်မှ စတင်၍ နိုင်ငံတော်အစိုးရက သားငှက်ဘေးမဲ့ကြိုးဝိုင်းအဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ ဝက်သည်းကန်ကြီးအား ရေကြိုးဝိုင်းအဖြစ်သတ်မှတ် ပေးခဲ့ပြီး ကန်ကြီးတွင်ကျက်စားလျက်ရှိသော ရေနေသတ္တဝါများ၊ ငှက်မျိုးစိတ်များ မျိုးဆက်မသုဉ်းရအောင် ကြိုးဝိုင်းသတ်မှတ်ထိန်းသိမ်းပေးခဲ့သည်။ ယခုအခါ စလင်းမြို့နယ်သစ်တောဦးစီးဌာနမှ စောင့်ရှောက်ထိန်းသိမ်းပေးလျက်ရှိသည်။ ကန်ကြီးအတွင်းသို့ မိုးရာသီအချိန်တွင် လင်းဇင်းဆည်မှ စပါးစိုက်ပျိုးရန်လွှတ်သောရေများမှ ရေပိုများစီးဝင်စေခြင်းဖြင့်လည်းကောင်း၊ မိုးရွာသွန်းသဖြင့် ချောင်းချောက်များမှတစ်ဆင့်စီးဝင်သောရေများဖြင့် လုံလောက်သောကန်ရေရရှိပေသည်။ ကန်ကြီး၏တောင်ဘက်တွင် ရေတံခါးတစ်ခု ပြုလုပ်ထားပြီး ပိုလျှံရေများကိုအဆိုပါရေတံခါးမှ ဖောက်ထုတ်ပေးသည်။ ကန်ကြီး၏ရေပိုရေများဖြင့် ဆင်ကျုံးကွင်း၊ ရှမ်းစုကွင်း၊ ကူဖြူကွင်း၊ ကူတိုကွင်း၊ မကျီးပင်ကွင်း စသည်တို့မှ လယ်ဧက ၂၀၀၀ ကျော်ကိုလည်း ရေသွင်း၍စပါးစိုက်ပျိုးကြသည်။

သို့သော်ကန်ကြီးမှာ ယခုအခါ နှစ်ပေါင်း ၈၂၃ နှစ်ရှိပြီဖြစ်၍ အဘက်ဘက်မှ ပျက်ယွင်းလျက်ရှိသည်။ မိမိတို့သိသလောက်ဆိုလျှင် ကန်ကြီးကို အကြီးစားပြင်ဆင်တူးဖော်ပေးခြင်းမရှိခဲ့ပေ။ သို့ဖြစ်၍ ကန်ကြီး၏ရေပြင်အကျယ်မှာ ယခုအချိန်တွင် ဧက ၅၃၀ ခန့်သာ ကျန်ရှိတော့သည်။ အခုအစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကန်ကြီးမျက်နှာစာ ရေထိန်းအုတ်ရိုးနှင့် လျှောက်လမ်းပေ ၅၀၀ အတွက်ခွင့်ပြုငွေကျပ် ၁၄၆၄၄၂၂၃ ခွင့်ပြုပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ပြီး မတ်လတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်သည်။ ကန်ကြီးအတွင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတည်ရှိပေသည်။ ကန်ကြီးအတွင်းတွင် စောင်းတန်းတံတားများနှင့် တည်ဆောက်ထားရှိသည်။

ဝက်သည်းကန်ကြီးနှင့်မနီးမဝေးတွင် နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သော ရှေးဟောင်းရုပ်စုံ ကျောင်းတော်ကြီးရှိ၍ ကန်ကြီးကိုရောက်ပါက တစ်ဆက်တည်း လေ့လာကြည့်ရှုနိုင်သည်။ ယခုအခါတွင် ကန်ကြီးအတွင်းသို့ လှည့်ပတ်ကြည့်ရှုရန် အပျော်စီးစက်လှေများလည်းရှိနေပြီဖြစ်၍ ကန်၏ရေပြင်အလှရှုမျှော်ခင်းများကို စက်လှေဖြင့် လှည့်ပတ်ကြည့်ရှုနိုင်ပြီဖြစ်သည်။

စလင်းမြို့မှ မန်းရွှေစက်တော်ဘုရားသို့လည်း အချိန်တိုအတွင်း သွားရောက်ဖူးမြော်နိုင်သည်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့သာယာသည့် နွေဦးကာလအတွင်း စလင်းမြို့သမိုင်းဝင်ဝက်သည်းကန်ကြီးသို့ တစ်ခါတစ်ခေါက်လာရောက် လှည့်ပတ်ကြည့်ရှုကြပါရန် ဖိတ်ခေါ်လိုက်ရပေသည်။

# ပြည်တွင်းဖြစ်သီးနှံခြွေလှေ့စက်များ ချောက်မြို့၌ ပေးအပ်

**ချောက် မတ် ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မတ် ၅ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ သီးနှံခြွေလှေ့စက် ပေးအပ်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Mr.Karma နှင့် ချက်စ်ဗွီအဖွဲ့စီမံကိန်း မန်နေဂျာတို့က စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ချက်စ်ဗွီအီတလီအခြေစိုက် ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ရိတ်သိမ်းချိန်လွန် သီးနှံဆုံးရှုံးမှုလျော့နည်းစေရန် စပါးနှင့် ပဲသီးနှံခြွေလှေ့စက် ၂၄ လုံးကို လုပ်ကွက်တောင်သူအဖွဲ့များထံ တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာအလိုက်တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း၊ ခြွေလှေ့စက်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးခြင်း၊ သုံးစွဲမည့်တောင်သူများအား ရေရှည်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းနည်းနှင့် စီမံခန့်ခွဲခြင်းသင်တန်းများကိုလည်း ယခုမတ်လအတွင်း ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ကျော်မိုး (ပြန်/ ဆက်)**

# မြောက်ဦးမြို့၌ လောကမာရ်အောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မြောက်ဦး မတ် ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ တည်ရှိသောတန်ခိုးကြီးမာရ်ငါးပါးဘုရားထဲမှ တစ်ဆူအပါအဝင်ဖြစ်သည့် လောကမာရ်အောင်ဘုရား (၁၀)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကိုမတ် ၁၅ ရက်မှ ၁၇ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်အား ဘုရားဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဘုရားပွဲတော်တွင် ရိုးရာလှေပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကိုလည်းထည့်သွင်းကျင်းပထားကြောင်း ဘုရားပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဦးကျော်ကျော်က ပြောသည်။ ထို့အပြင် ရခိုင်ရိုးရာပြိုင်ပွဲတစ်ခုဖြစ်သော ကျင်ပြိုင်ပွဲတွင် အကြီးတန်း၊ အလယ်တန်း၊ အငယ်တန်းဟူ၍ သုံးတန်းခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်ပြိုင်ပွဲနှင့် အခြားသောပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ဘုရားပွဲကာလအတွင်း လောင်းကစားနှင့် သောက်စားမူးယစ်မှုများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ပိတ်ပင်သွားမည် ဖြစ်ကြောင်း သိရသည်။

မြောက်ဦးမြို့အတွင်း တန်ခိုးကြီးမာရ်ငါးပါးဘုရားများထဲတွင် ထူးထူးခြားခြား ဘုရားပွဲကျင်းပလေ့ရှိသော လောကမာရ်အောင် ဘုရားဗုဒ္ဓပူဇနိယပွဲတော်သည် နှစ်စဉ်အလွန်စည်ကားပြီး မြောက်ဦးမြို့နယ်အပြင် ရခိုင်တစ်ပြည်နယ်လုံးမှ ပြည်သူများ ဘုရားပွဲသို့လာရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ဒေသများတွင် ရှင်ပြုအလှူပွဲများ၌ ဆိုင်းပွဲငှားရမ်းမှုနည်းပါး

**ရေတာရှည် မတ် ၆**

နှစ်စဉ် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် မြန်မာ့ရိုးရာ ရဟန်းခံ၊ ရှင်ပြုအလှူပွဲများကျင်းပလေ့ရှိရာ စည်သံပြောသံ၊ ဆိုင်းဝိုင်းသံများ နေရာအနှံ့အပြားတွင် ကြားနေကြရသော်လည်း ဈေးကွက်မကောင်းခြင်း၊ သီးနှံများအထွက်နှုန်း ကျဆင်းခြင်းများကြောင့် စီးပွားရေးအရ ဆိုင်းပွဲများငှားရမ်းမှု ကျဆင်းသွားခဲ့ရသည်ကို တွေ့ရသည်။

"အလှူလှူရင်လည်း စည်သံပြောသံ၊ ဆိုင်းသံဝိုင်းသံပါရင် အလှူလည်း စည်ကားတယ်။ အားလုံးလည်း ပျော်ရွှင်ကြတယ်။ အရင်မိုးရာသီက စပါးဈေးတွေမကောင်းတာ၊ ပဲထွက်နှုန်းတွေကျတဲ့အပြင် ကုန်ဈေးနှုန်းတွေကတက်တော့ အလှူပွဲတွေမှာ ဆိုင်းမငှားနိုင်ကြတော့ဘူး"ဟု ရှင်ပြုပွဲအလှူရှင်တစ်ဦးက ပြောကြားသည်။



အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူတို့အနေဖြင့် လုပ်ငန်းကိုင်ငန်းကောင်းမွန်ခြင်းမှာ တောင်သူများ၏ အကျိုးဖြစ်ထွန်းမှု အပေါ်တွင် တည်မှီလျက်ရှိပြီး တောင်သူများဝင်ငွေလျော့ကျခြင်းကြောင့် အဆင်မပြေမှုများလည်းရှိနေသည်။

"ဆိုင်းတစ်ပွဲကို ငွေကျပ်ခြောက်သိန်းနဲ့အထက်ရှိပြီး မင်းသမီးငှားရမ်းတာနဲ့ သယ်ယူစရိတ်တွေပေါင်းလိုက်ရင် ဆယ်သိန်းဝန်းကျင် ကုန်ကျနိုင်တဲ့အတွက် အလှူရှင်တွေက တစ်ဦးချင်းထက် စုပေါင်းငှားရမ်းခြင်းနဲ့ ပတ်သက်လို့ မိမိတစ်ဦးတည်းကျတော့ မတတ်နိုင်တာရှိတယ်။ အလှူထဲမှာ ပေါင်းလှူတဲ့အလှူရှင်တွေကို တတ်နိုင်သလောက်ဝိုင်းပြီး ထည့်ဝင်ငွေနဲ့ ငှားရမ်းကြရတာလည်းရှိတယ်" ဟု အထက်ပါအလှူရှင်က ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

# ကွန်ကရစ်လမ်းပြီးမြောက်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁ /အနော်မာရပ်ကွက်အနော်မာ ၁၅ လမ်းအနောက်လမ်းအရှည် ပေ ၇၂၀၊ လမ်းအကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းပြီးမြောက်ခြင်း မင်္ဂလာအခမ်းအနားကို မတ်လပထမပတ်က မုံရွာမြတမာဆရာတော်နှင့် ပင့်သံဃာများကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပရိတ်တရားနာရေစက်ချအမျှဝေပြီး နံနက် ၇ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်သက်ထားနွယ်ဝင်းနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လမ်းသူလမ်းသားများ၊ ရပ်ကွက်သူရပ်ကွက်သားများစုံညီစွာဖြင့် ကွန်ကရစ်လမ်းပြီးမြောက်ခြင်း မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# ကုန်စည်အများစု ဈေးနှုန်းကျဆင်း၊ ပဲစင်းငုံနီဈေးကွက်တွင် အဝယ်လိုက်

**ရန်ကုန် မတ် ၆**

မတ် ၁ ရက် ရန်ကုန် ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် ဆိပ်ဖြူ ကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ငွေကျပ် ၇၀၀ မှ ငွေကျပ် ၈၅၀ အတွင်း၊ မြစ်သား တစ်ပိဿာ ငွေကျပ် ၁၀၀၀ နှုန်း၊ ရှမ်းအောင်ပန်းကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၃၁၀၀ မှ ၃၉၀၀ အတွင်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၄၄၀၀မှ ငွေကျပ် ၄၄၅၀၊ ဆင်ဖြူကျွန်းအာလူး ငွေကျပ် ၇၆၀မှ ငွေကျပ် ၉၁၀ အတွင်း၊ စားအုန်းဆီ ထုတ်ယူခွင့်စာရွက် တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၁၈၂၅၊ ညောင်ဦး ဆေးခတ်ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၁၅၀ မှ ငွေကျပ် ၁၂၅၀ နှုန်းရှိသည်ဟု ဈေးကွက်မှ သိရသည်။

ကြက်သွန်နီ၊ အာလူး၊ ရှမ်းကြက်သွန်ဖြူ၊ ထန်းလျက်အသစ်များ ဈေးကွက်သို့ဝင်ရောက်မှုများလာခြင်း၊ ပြည်ပ စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် အထက်ဖော်ပြပါ ကုန်စည်များ ဈေးကွက်တွင် ဈေးနှုန်း ကျဆင်းလာမည်ဟု ကုန်သည်များထံမှ သိရသည်။

မတ် ၁ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန်ဈေးနှုန်း ငွေကျပ် ၉၆၄၀၀၀၊ ပဲစင်းငုံနီ RC တစ်တန်ဈေးနှုန်း ငွေကျပ် ၇၃၄၀၀၀ နှုန်းရှိသည်။ ၂၀၁၅ ခုနှစ်အတွင်း မတ်ပဲ RC တစ်တန်ငွေကျပ် ၂၄ သိန်းဝန်းကျင် ၂၀၁၆ ခုနှစ်တွင် ငွေကျပ် ၁၈ သိန်း ဝန်းကျင် အထိ အမြင့်ဆုံးရှိခဲ့သည်။ သို့သော် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှစ၍ မတ်ပဲ RC တစ်တန် ငွေကျပ် ၁၀ သိန်းအောက်သို့ ဈေးကျလာသည်။

ပဲစင်းငုံနီ RC သည်လည်း တစ်တန်လျှင် ၂၀၁၅ ခုနှစ်တွင် ငွေကျပ် ၁၆ သိန်းဝန်းကျင်၊ ၂၀၁၆ ခုနှစ်တွင်လည်း ငွေကျပ် ၁၆ သိန်းဝန်းကျင်အထိသာ ဈေးမြင့်ခဲ့သည်။ ၂၀၁၆ အောက်တိုဘာလလယ်မှစ၍ တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းအောက်သို့ ဈေးကျဆင်းလာသည်။ ၂၀၁၇ ဇန်နဝါရီလကုန်မှစ၍ တစ်တန်လျှင် ငွေကျပ်ရှစ်သိန်းအောက်သို့ ဈေးကျလာသည်။

ယခုရက်ပိုင်းဈေးနှုန်းများသည် ၂၀၁၅ မတိုင်မီနှစ်များ ဈေးနှုန်း ဝန်းကျင်ရှိသဖြင့် အထူးသဖြင့် ပဲစင်းငုံနီများ ဈေးကွက်တွင် အရောင်းအဝယ်ပိုမိုဖြစ်သည်။ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ဒိုင်ဖွင့်ရက် ၆ ရက်အတွင်း ပဲစင်းငုံနီ RC ကုန်သေတ္တာအလုံးရေ ၄၂၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၁ ရက်အထိ ဒိုင်ဖွင့်ရက် ၉ ရက်တွင် ကုန်သေတ္တာ အလုံးရေ ၇၉၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု ကုန်စည်ဒိုင်ပဲဈေးနှုန်း သတင်းဖော်ပြချက်များအရ သိရသည်။

မြန်မာပြည်ထွက် ပဲမျိုးစုံ၏အဓိကဝယ်လက်ဖြစ်သော အိန္ဒိယပြည်တွင် ယခုနှစ် ပဲထွက်ရာသီတွင် အထွက်ပိုခဲ့သည်။ မိုးပဲ တန်ချိန် ၈၇ သိန်း၊ ဆောင်းပဲ တန်ချိန် ၁၃၄ သိန်း စုစုပေါင်းငွေကျပ် ၂၂၁ သိန်းထွက်ရှိရာ ယခင်နှစ်ထက် ငွေကျပ် ၅၇ သိန်းပိုသည်ဟု သိရသည်။

အိန္ဒိယပြည်၏ ပဲဝယ်လိုအား မြင့်တက်နှုန်းကြောင့် ကမ္ဘာ့ပဲတင်ပို့သည့်နိုင်ငံများမှ ပဲများဈေးနှုန်း အမြင့်ရရှိမှု သုံးနှစ်ခန့်ကြုံတွေ့ရသည်။ ယခုနှစ်တွင်မူ ပဲကြိုတင်ဝယ်ယူသည့် စာချုပ်ချုပ်ဆိုမှုများ မတွေ့ရှိရသေးသကဲ့သို့ မိသိုင်း ဘာရိုမိုက်သုံးစွဲ၍ ပဲပိုးသတ်မှုလုပ်ငန်းစဉ်ကို ဒေသရင်း နိုင်ငံများတွင် လုပ်ဆောင်စေရန် အိန္ဒိယအစိုးရက တင်းကျပ်စွာ ကိုင်တွယ်လာမည်ဖြစ်၍ ယခုနှစ်တွင် ပဲဈေးနှုန်းအမြင့်ရရှိရန် အလားအလာနည်းသည်ဟု ခန့်မှန်းမှုများရှိသည်။

သို့သော် ဖေဖော်ဝါရီလလယ်ပိုင်းတွင် မွမ်ဘိုင်းအိန္ဒိယဈေးကွက်တွင် ပဲစင်းငုံနီ အလေးချိန်တစ်ကွင်တယ်လျှင် အိန္ဒိယရူပီးငွေ ၄၁၇၅ ရူပီး၊ မတ်ပဲ FAQ တစ်ကွင်တယ် ရူပီး ၅၁၀၀ ဈေးနှုန်းရှိသည်ဟု သိရသည်။ ပဲစင်းငုံ တစ်တန်လျှင် ငွေကျပ် ၈၅၀၀၀၀ ဝန်းကျင်၊ မတ်ပဲ FAQ တစ်တန်လျှင် ငွေကျပ် ၁၀၅၀၀၀၀ ဝန်းကျင်ရှိနေသည့်အတွက် ပြည်တွင်း ပဲဈေးကွက်တွင် အထူးသဖြင့် ပဲစင်းငုံနီ RC အဝယ်သွက်နေသည်ဟုပဲဈေးကွက်မှ သိရသည်။

**ခင်ဆိုင်**

**ဓာတ်ပုံ-သိန်း**




သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ရှင်ပြု ရဟန်းခံ သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃ / ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၈၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၂ | ၂/ ၈၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။
သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်



Junction City Yangon ( ဗိုလ်ချုပ်ဈေးသစ်) တွင်ဖွင့်လှစ်မည့်
Forever Gems By ရွှေနန်းတော်စိန်ရွှေရတနာဆိုင်
ဖွင့်လှစ်မည့် နေ့ရက်ပြောင်းလဲကြောင်းကြေငြာခြင်း

The Most Exciting Opening Sales
နေ့ရက် – ၂၀၁၇ ခုနှစ်၊ မတ်လ (၂၅) ရက် (စနေနေ့) မှ (၂၈) ရက် (အင်္ဂါနေ့) အထိ
အချိန် – နံနက် (၉:၀၀) နာရီ မှ ည (၁၀:၀၀) နာရီ အထိ

ဖွင့်ပွဲ နေ့ရက် နှင့် အချိန်
နေ့ရက် – ၂၀၁၇ ခုနှစ်၊ မတ်လ (၂၅) ရက် (စနေနေ့)
အချိန် – နံနက် (၉:၃၀) နာရီတွင် ဖွင့်ပွဲအခမ်းအနား စတင်ပါမည်။
နေရာ – အခန်း (၂၀၁)၊ ပထမထပ်၊ Junction City Yangon (ဗိုလ်ချုပ်ဈေးသစ်)

ယခင်ဖိတ်စာဝေထားသည့်ဆိုင်ဖွင့်ပွဲရက်များတွင် ဖွင့်လှစ်ရန်အဆင်မပြေမှုများရှိသည့်အတွက်
Customer များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။
ကံစမ်းမဲနှင့်ရွှေသားလက်ဆောင်ချီးမြှင့်ပေးမည့်အစီအစဉ်၊ စင်ကာပူနိုင်ငံမှကမ္ဘာကျော်တေးဂီတဖျော်ဖြေမှု၊
နိုင်ငံကျော်အနုပညာရှင်များ၊ ဖက်ရှင်ရှိုးများ၊ ယခင်ဖွင့်ပွဲများထက် ပိုမို၍ ထူးခြားခမ်းနားဆန်းပြားစွာ
ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက်ကြွရောက်ချီးမြှင့် အားပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀ % |
| ၄။ | မလေးရှား | ၆ % |
| ၅။ | ဖိလစ်ပိုင် | ၁၂ % |
| ၆။ | စင်ကာပူ | ၇ % |
| ၇။ | ထိုင်း | ၇ % |
| ၈။ | ဗီယက်နမ် | ၁၀ % |

(ကမ္ဘာ့နိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည် နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇ % |
| ၂။ | ပြင်သစ် | ၂၀ % |
| ၃။ | ဂျာမနီ | ၁၉ % |
| ၄။ | ဒိန်းမတ် | ၂၅ % |
| ၅။ | အိန္ဒိယ | ၁၄ % |
| ၆။ | ဂျပန် | ၈ % |
| ၇။ | နယူးဇီလန် | ၁၅ % |
| ၈။ | နော်ဝေ | ၂၅ % |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅.၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.kpmg.com/taxrates တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လိုအပ်လျက်ရှိသော $7m^3$ ရေသယ်ယာဉ် (Any Brand) ၅ စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်း၍ ၂၀-၃-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ နောက်ဆုံးထား၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၆၁ ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်၍ တင်ဒါတင်သွင်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၉-၂၀၄၂၇၅၉၊ ၀၉-၂၅၀၀၆၂၈၈၄**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲတွင် လိုအပ်လျက်ရှိသော ဂွမ်းမွေးစမ်းသပ်ခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၆နှင့် ၀၆၇-၄၃၁၁၁၆သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ရက် နံနက် ၉:၃၀နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၃-၃-၂၀၁၇ရက် မွန်းလွဲ ၁:၀၀နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**မြေကြီးတူးဖော်ခြင်း၊ နေအိမ်အဆောက်အအုံဖျက်သိမ်းရောင်းချခြင်းနှင့် ဂေါက်ကွင်းစားသောက်ဆိုင် ငှားရမ်းလုပ်ကိုင်ခြင်းလုပ်ငန်းအတွက်**

## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ဗိုလ်ချုပ်စက်ကန်အမှတ်(၃)နှင့် အမှတ်(၄) မြေကြီးတူးဖော်ခြင်း၊
(ခ) အောက်ခံအုတ်၊ အပေါ်သစ်သား ၅၄'×၆၀'×၂၄' နှစ်ထပ်အဆောက်အအုံတစ်လုံး ဖျက်သိမ်းရောင်းချခြင်းလုပ်ငန်း
(ဂ) ဂေါက်ကွင်းစားသောက်ဆိုင်လုပ်ငန်း ငှားရမ်းလုပ်ကိုင်ခြင်း၊

၂။ လုပ်ကိုင်လိုသော လုပ်ငန်းတစ်ခုချင်းစီအတွက် သီးခြားအဆိုပြုလွှာ တစ်စောင်စီတင်သွင်းရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၃-၂၀၁၇ရက်မှ ၁၇-၃-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၅။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်- အချိန်နှင့်နေရာ** ၁၇-၃-၂၀၁၇ ရက် (သောကြာနေ့) ၁၂:၀၀ နာရီ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၆။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေ့ရက်နှင့်အချိန်**- ၁၇-၃-၂၀၁၇ ရက် ၁၄:၀၀ နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၃၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်၊

**လေလံတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာနနှင့် လုပ်ငန်းဌာနများအတွက် အောက်ဖော်ပြပါ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | မှတ်ချက် |
|---|---|---|
| (၁) | MOEE/LP/COM/T/1(2016-17) Computers and Accessory (46 Nos) | Kyats |
| (၂) | MOEE/LP/COM/T/2(2016-17) Accessories (89 Items) Printer, Copier, Scanner, Fax | Kyats |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၈-၃-၂၀၁၇ရက်

